www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း



အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊(အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ဒေဝတာ
နတ်ဆိုးစေရာ.../ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၅၁ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ရန်ကုန်မြို့၏ လျှို့ဝှက်ရှုပ်ထွေးသော အမှုအခင်းများနှင့် နပမ်းလုံးနေသည့် အထူးစုံစမ်းရေးရုံးဝင်းထဲသို့ ကားတစ်စီးထိုးစိုက်လာသည်။ အချိန်က ည(၁၀)နာရီထိုးနေလေပြီ။ ပတ်ဝန်းကျင်က ညအမှောင်ထုအောက်တွင် တိတ်ဆိတ်နေ၏။ ကားက ပါကင်တွင် ရပ်သွားပြီး လူတစ်ယောက် တံခါးဖွင့်ကာထွက်လာသည်။

ထိုလူ၏မျက်နှာမှာ ခက်ထန်မာကျောနေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဂျိမ်း!. ."

ထိုအချိန်တွင်. . မိုးကြိုးပစ်ကာ မိုးခြိမ်းလိုက်သောအသံကြောင့် မိုးရွာတော့မယ့်အရိပ်အရောင်တွေ ပြနေလေသည်။ ထိုလူကားပါကင်မှ ရုံးဆီသို့ ခပ်သွက်သွက် လျှောက်လာလေသည်။

ထိုစဉ်. . ထိုလူ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွား၏။

ရုံးအတွင်း ယာဉ်မရပ်ရသောနေရာ၌ ကားတစ်စီးရပ်ထားသောကြောင့်ဖြစ်သည်။ သူ ထိုကားကိုအတန်ကြာအောင် ရပ်ကြည့်နေလိုက်သေးသည်။

ပြီးမှ ရုံးဆီသို့ ဆက်လျှောက်သွားလေသည်။ ရုံးတံခါးဖွင့်ကာ တွန်းဝင်လိုက်သည်နှင့် သူ့အားလိုက်ကြည့်နေသော (CCTV) ကင်မရာများက နေရာအနှံ့တွင် ရှိနေလေသည်။ ရုံးကြီးထဲတွင် လူကလည်း မရှိသလောက်ကို နည်းပါးနေပြီ။ ဟောခန်းကျယ်ကြီးကို ဖြတ်လျှောက်လာကာ ကောင်တာတစ်ခုရှေ့အရောက်. . .

"ရုံးရှေ့ပေါက်မှာရပ်ထားတဲ့ကားက ဘယ်သူ့ရဲ့ကားလဲ"

ကောင်တာမှ တာဝန်ကျရဲမေမှာ ထိုလူကိုမြင်လျှင် ပျာပျာသလဲမတ်တပ်ထရပ်လိုက်ပြီး. .

"ကျွန်မ မသိလိုက်ပါဘူး. . ဌာနမှူး၊ ကားပိုင်ရှင်လာရင် ကျွန်မပြောထားလိုက်ပါ့မယ်"

ထိုလူ. . ရဲမေကောင်မလေးကိုကြည့်ကာ ကောင်တာခုံကို လက်ဖြင့် နှစ်ချက်ပုတ်လိုက်ပြီး ဘာမှမပြောဘဲ ထွက်သွားလေ၏။ သို့နှင့် သူ့ရုံးခန်းရှိရာ ကိုးလွှာသို့ ဓာတ်လှေကားနှင့်တက်လာခဲ့လိုက်သည်။ ဓာတ်လှေကား တံခါးပွင့်သွားသည်နှင့် သူ့ရုံးခန်းရှေ့ စားပွဲတွင်ထိုင်နေသော ဒုရဲအုပ်မောင်ထွေး ထလာကာ. .


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဆရာ၊ ရုံးပြန်လာတာ နောက်ကျတယ်နော် ဆရာ"

"အေးကွာ. . ပွဲစဉ်တွေဆက်သွားလို့"

သူ့ရုံးခန်းထဲ လူတစ်ယောက်ထိုင်နေတာကို ဟနေသော တံခါးကြားမှ လှမ်းတွေ့လိုက်၍ တပည့်ဖြစ်သူကို လက်ညှိုးညွှန်ပြရင်း. .

"အထဲက ဘယ်သူလဲ"

"ညနေကတည်းကရောက်နေတာ၊ ဆရာနဲ့တွေ့ချင်လို့တဲ့"

သူက မျက်နှာတစ်ချက်မဲ့လိုက်ပြီး. .

"ဒီကောင် ငါ့ကို တွေ့ခွင့်တောင်းထားလို့လား"

"သူကပြောတယ် ဆရာ၊ ပဲခူးမှာဖြစ်သွားခဲ့တဲ့ တရားခံမပေါ်သေးတဲ့ လူရှစ်ယောက်ပျောက်နေတဲ့အမှုမှာ အရေးကြီးတဲ့ သတင်းအချက်အလက်တွေ သူရထားတယ်တဲ့"

ဒီတော့မှ ဌာနမှူးဆိုသူမ ျက်နှာ အနည်းငယ်ဝင်းလက်သွား၏။

"အဲဒီအချက်အလက်တွေကို သူက မင်းကိုမပြောပြဘူးလား"

"မပြောပြဘူးဆရာ၊ သူက ဆရာတစ်ယောက်တည်းကိုပဲ အသိပေးချင်တယ်တဲ့"

ဌာနမှူး. . ရဲမှူးကြီးကျော်စိုး သူ့ရုံးခန်းတံခါးကို တွန်းဝင်လိုက်၏။ အထဲတွင်ထိုင်နေသည့် လူရွယ်က ခေါင်းငိုက်စိုက်ကျကာ အိပ်ငိုက်နေသည်။

"ဂျိပ်!. ."

တံခါးပိတ်သံကြားမှ အိပ်ငိုက်နေသောပုဂ္ဂိုလ် ခေါင်းထောင်



www.burmeseclassic.com

www.burmeseclassic.com



ထလာ၏။ တွေ့တွေ့ချင်း ညည့်သည်က. . .

"ကျွန်တော် စာရေးဆရာရဲမိုးပါ၊ ပဲခူးမှာဖြစ်ခဲ့တဲ့ ကေ့(စ်) ကို ဆရာကိုင်ထားတယ်လို့ ကြားမိလို့ပါ"

"အင်း. . ဟုတ်တယ်"

ရဲမှူးကြီးကျော်စိုး ခုံတွင်ဝင်ထိုင်လိုက်ရင်း ရဲမိုးကို လက်ကမ်း ပေးလိုက်သည်။

"ဌာနမှူးကျော်စိုးပါ"

ကျော်စိုးကမ်းလာသောလက်ကို ပြန်လက်ဆွဲမနှုတ်ဆက်ဘဲ ရဲမှူးကြီးကျော်စိုးလက်ထဲသို့ ဓာတ်ပုံမှန်ဘောင်အသေးလေးတစ်ခုကို ထည့်ပေးလိုက်သည်။

"ဒီအထဲကဓာတ်ပုံက ဆရာနဲ့ ဆရာ့အမေပုံလား"

ဓာတ်ပုံမှန်ဘောင်ကို ကျော်စိုးလှမ်းယူလိုက်ရင်း ကျော်စိုး မျက်နှာတစ်ချက်ပျက်သွား၏။ မှန်ဘောင်ကို စားပွဲပေါ် ပြန်တင်လိုက် ပြီးမှ. . .

"မင်း ကျုပ်စားပွဲပေါ်က ပစ္စည်းတွေကို လက်လွတ်စပယ် ယူမကြည့်သင့်ဘူး၊ ဒါကြောင့် စောစောက မင်းမေးလိုက်တဲ့ မေးခွန်း ကို ငါမဖြေနိုင်ဘူး"

"ကျွန်တော့်လုပ်ရပ် မှားသွားရင် တောင်းပန်ပါတယ်ဆရာ"

ဒီတော့မှ ကျော်စိုး ခုံကိုမှီကာ အကြောဆန့်လိုက်ပြီး ဘော ပင်နှင့် စာရွက်တစ်ရွက်ကို လှမ်းယူလိုက်ရင်း. .

"ကဲ. . ပြော၊ မင်း ငါ့ဆီက ဘာအကူအညီလိုချင်သလဲ၊ ငါက မင်းကို ဘာကူညီပေးရမလဲ"

"ပဲခူးမှာဖြစ်တဲ့ကေ့စ်က လူတွေပျောက်နေတာ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒီလူရှစ်ယောက်ဟာ အသတ်ခံရတာပါ၊ သတ်တဲ့လူသတ်သမားကို ကျွန်တော်သိတယ်ဆရာ"

ဟု ရဲမိုးက ခပ်တည်တည်ပင် ပြောချလိုက်၏။ ကျော်စိုးက မှတ်နေသော ဘောပင်ကိုခနရပ်လိုက်ပြီး ခေါင်းမော့ကာ ရဲမိုးကို စိုက်ကြည့်လိုက်၏။

"ငါလည်း အဲဒီလူသတ်သမားကို မိတော့မှာပါကွာ၊ ကဲ. . ဟုတ်ပါပြီ၊ အဲဒီလူသတ်သမားက ဘယ်သူလဲ"

"ကျွန်တော်ပြောလိုက်တဲ့စကားကို ဆရာကြားရင်. . ကျွန်တော့်ကိုယုံတော့မှာတောင် မဟုတ်ဘူး၊ ဆရာ ကျွန်တော့်အပေါ် သံသယဖြစ်လာလိမ့်မယ်"

ကျော်စိုးက တစ်ချက်ပြုံးကာ ကျောမှီကိုပြန်မှီလိုက်ပြီးမှ. .

"အင်း. . ဒီအမှုနဲ့ပက်သက်ပြီး ဘယ်သူမှငါ့ရုံးခန်းကို မလာတာတော့သေချာတယ်၊ မင်းပြောသလို လူသတ်သမားကိုသိတယ်လို့ ဘာတို့ပေါ့၊ မင်းလည်းစာရေးဆရာပဲကွာ. . . ထုံးစံအရ လူသတ်သမားကို သိနေမှတော့ ဖမ်းဖို့လုပ်ပေါ့ကွာ"

ရဲမိုးမှာ တစ်ခုခုကိုစဉ်းစားနေဟန်နှင့် အားပျော့သော လေသံလေးဖြင့်. .

"တစ်ခါတရံ လူတွေက အမှန်တရားကို ဆင်ခြေတွေအမျိုးမျိုးပေးပြီး ကာကွယ်ပေးချင်နေကြတယ်လေ"

"ကဲပါ. . . မင်းရဲ့ ဒဿနတွေကို သိပ်မပြောပါနဲ့၊ လူသတ်သမားကို မင်းသိတယ်ဆို၊ ပြောလေ. . ဘယ်သူလဲ"

"ကျွန်တော့်ညီပါ"

ရဲမှူးကြီးကျော်စိုး အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီဘာလုပ်ခဲ့လို့ လူသတ်သမားလို့ ပြောရတာလဲ"

"ကျွန်တော်ညနေက ပျင်းပျင်းနဲ့ တစ်ယောက်တည်း တီဗွီထိုင်ကြည့်နေတုန်း ကျွန်တော့်ညီဆီက ဖုန်းလာတယ်ဆရာ. . ."

ရဲမိုးက ပိုမိုလေးနက်သော အမူအရာနှင့် ညနေက သူ့ညီ ဖုန်းဆက်သည့်အကြောင်းကို ပြောပြလေသည်။

(. . . . "ကလင်!. . ကလင်!. . ကလင်!. ."

ရဲမိုး ဘေးစားပွဲခုံပေါ်မှ ဖုန်းခွက်ကို လှမ်းယူကာ ထူးလိုက်၏။

"ဟလို!. ."

"ကိုကြီး. . မကောင်းဆိုးဝါးတွေ တစ်ကမ္ဘာလုံးကို ဖျက်ဆီးဖို့ ရောက်နေကြပြီ. ."

တစ်ဖက်မှပြောနေသောအသံက စိုးရိမ်ပူပန်မှုအပြည့်ဖြင့် ပြောနေပုံပေါ်သည်။ သူ့ညီ အာကာမိုးမှန်း ရဲမိုး သိလိုက်၏။

"ညီလေးတစ်ယောက်တည်းနဲ့ ဒီမကောင်းဆိုးဝါးတွေကို မနိုင်နင်းနိုင်တော့ဘူး. . ကိုကြီး"

ညီငယ်၏ ကမူးရှူးထိုးပြောနေသော စကားများအပေါ် ရဲမိုး စိုးရိမ်သွားမိသည်။

"ညီလေး. . သူတို့ကို ထပ်မသတ်နိုင်တော့ဘူး"

"ညီလေး ကိုကြီးတို့ အေးအေးဆေးဆေး ပြောကြရအောင် ကိုကြီးဆီလာခဲ့ပါလား"

"ဒီအကြောင်းတွေ ထိုင်ပြောဖို့ ညီလေးမှာ အချိန်မရှိတော့ဘူးဗျ၊ အားလုံးပြီးသွားပါပြီ၊ ညီလေး တစ်ခုခုဖြစ်ခဲ့ရင် အကြောင်းကို ယူကလစ်တောမှာပဲ မြှုပ်ပေးပါ ကိုကြီး၊ ပြောတာကြားလား. . ညီ



www.burmeseclassic.com

www.burmeseclassic.com


လေးကို ကတိပေး"

ရဲမိုးဆီက ဘာသံမှထွက်မလာ၍. . တစ်ဖက်က ထပ်အော် ပြောလေသည်။

"ဒါကို ကတိပေးပါ၊ ကတိတည်အောင် ကြိုးစားပါ၊ ညီလေး ပြောခဲ့တာကို လုံးဝမမေ့ပါနဲ့". . . .)

ဟုပြောပြီး ဖုန်းချသွားကြောင်း ကျော်စိုးအား ပြောပြလိုက် သည်။

"ကျွန်တော် သူ့ဆီလိုက်သွားတော့ ညီလေးရဲ့အလောင်းကို ပဲတွေ့ရတော့တယ်၊ သူ့ကိုယ်သူ သတ်သေသွားပြီဆရာ၊ ဒါကြောင့် သူ့အလောင်းကို ကျွန်တော့်ကားနဲ့သယ်လာခဲ့ရတယ်. ."

ကျော်စိုး မေးတစ်ချက်ပွတ်လိုက်ပြီး. .

"ဒါဆို ရုံးရှေ့မှာ ကိုးလို့ကန့်လန့်ရပ်ထားတာ မင်းရဲ့ကား လား"

"ဟုတ်ပါတယ် ဆရာ"

"နေစမ်းပါဦး၊ မင်း ဘာလုပ်ချင်လို့ အလောင်းကိုသယ်လာ တာလဲ"

"ကျွန်တော့်ညီလေး မသေခင်က မှာခဲ့တဲ့အတိုင်း၊ ညီလေး အလောင်းကို ယူကလစ်တောမှာ သွားမြှုပ်ချင်လို့ပါဆရာ၊ ဒီအတွက် ဆရာ့ဆီကို တကူးတက ကားမောင်းလာခဲ့တာပါ"

"ကြားရတာတွေက မယုံချင်စရာဘဲ၊ လှပအောင်ဖန်တီး ထားတဲ့ ဇာတ်လမ်းလေးပဲလား စာရေးဆရာ"

ကျော်စိုးက ခါတ်ပူးကိုလှမ်းယူကာ ခွက်ထဲငှဲ့လိုက်ပြီး. .

"မင်း ဘာကိုဆိုလိုပြီးပြောနေတယ်ဆိုတာ ငါတော့နားမ


www.burmeseclassic.com

www.burmeseclassic.com



လည်းသေးဘူး၊ ပြီးတော့ မင်းပြောဟာတွေက ငါကိုင်တဲ့အမှုနဲ့ ပက်သက်မှုမရှိသေးဘူးနော်"

"ကျွန်တော့်ညီက လူသတ်သမားပါဆရာ၊ သူဟာ ဆရာရှာနေတဲ့ တစ်ဦးတည်းသောတရားခံပါ"

"မင်း ဘာလို့ ကိုယ့်ညီအရင်းကို လူသတ်သမားလို့ လာပြောနေတာလဲ၊ ပြီးတော့ မင်းညီက သတ်သေသွားပြီလို့လည်းပြောသေးတယ်၊ လူသေကို ငါက ဘယ်လိုစစ်မေးရမှာလဲ"

ရဲမိုးဆီက ဘာသံမှထွက်မလာသဖြင့်. . ရဲမှူးကြီးကျော်စိုး တစ်ချက်ပြုံးလိုက်ပြီး. .

"ကဲပါလေ. . မင်းသိထားတာတွေ ငါ့ကိုပြောပြစမ်းပါအုံး"

ရဲမိုး မပြောသေးဘဲ စောစောက သူလှမ်းပေး၍ မေးခဲ့သော ဓာတ်ပုံမှန်ဘောင်လေးကို လက်ညှိုးထိုးရင်း. .

"ဒီဓာတ်ပုံထဲက ဆရာ့အမေမဟုတ်လား"

"ဟုတ်တယ်. . အဲဒါ ငါ့အမေပဲ"

ဒီဟာစ်ခါတော့ ကျော်စိုးပြန်ဖြေတော့သည်။

"ကျွန်တော်သိသားပဲ. . ဆရာနဲ့ ဆရာ့အမေက မျက်လုံးတွေအရမ်းတူတာပဲနော်"

ကျော်စိုး စိတ်မရှည်တော့၍. .

"ငါတို့. . စောစောက မင်းပြောနေတဲ့ အကြောင်းအရာကို ပြန်ဆက်ရင် မကောင်းဘူးလား. . မင်းညီက လူသတ်သမားဆိုတာလေ. . .၊ အဲဒီအကြောင်း ဆက်ပြောရအောင်ကွာ"

"ကျွန်တော်သိနေတာရှိတယ်၊ လူသတ်သမားက. . သူပဲ"

ဒီတစ်ခါတော့ ကျော်စိုး စိတ်ဝင်တစားနားထောင်ကာ မေး



www.burmeseclassic.com

www.burmeseclassic.com



ခွန်းများပြန်ထုတ်လေ၏။

"မင်းဘယ်လိုသိလဲ"

"ဒီအကြောင်းတွေပြောရမယ်ဆိုရင် လွန်ခဲ့တဲ့အနှစ်(၂၀) ကျွန်တော့်အသက်(၁၅)နှစ်တုန်းကပေါ့. ."

ရဲမိုး၏အကြည့်က အခန်းထဲရှိ ပြတင်းမှတစ်ဆင့် အဝေးဆီသို့ ရောက်သွားသည်။

လေသံကလည်း ဆွေးမြေ့အက်ကွဲလို့ နေလေ၏။

××××××××××××××××××××××



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ပဲခူးမြို့စွန်တစ်နေရာမှ . ကျယ်ဝန်းလှသော ခြံကြီးတစ်ခြံအတွင်း၌ သေသပ်လှပသည့် ပျဉ်ထောင်သွပ်မိုးအိမ်ကြီးတစ်လုံး ရှိနေသည်။ အိမ်ကြီး၏အနောက်ဘက်တွင် ယူကလစ်ပင်များ စိုက်ပျိုးထားသော တောကြီးရှိ၏။ မြို့တွင်းကဲ့သို့ လူနေထူထပ်ခြင်းလည်း မရှိသဖြင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုခြံဝင်းကြီး၏ ဝင်ပေါက်ဝခြံတိုင်တွင် 'သိဒ္ဓိမနောမယ အကြားအမြင်ဆရာ အောင်ခိုင်'ဆိုသည့် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ အိမ်ကြီး၏ ဧည့်ခန်းဆောင်တွင် လူခြောက်ယောက်ထိုင်စောင့်နေကြ၏။ ထိုသူတို့ . ဆရာအောင်ခိုင်ထံ အခက်အခဲဒုက္ခများတင်ပြကာ နတ်မေးဖို့ ရောက်ရှိနေကြခြင်းဖြစ်သည်။

အောင်ခိုင်က ပဲခူးနှင့် အနီးတစ်ဝိုက်မြို့များ ရွာများထိနာမည်ကြီးနေသော နတ်ဆရာတစ်ယောက်လည်း ဖြစ်လေ၏။

အောင်ခိုင်မှာ ဇနီးသည် ဆုံးပါးသွားပြီးသည့်နောက် သားနှစ်ယောက်နှင့်အတူ အေးချမ်းစွာနေထိုင်ရင်း နောက်အိမ်ထောင်မပြုဘဲ အကြားအမြင်ပညာနှင့် ရင်သွေးနှစ်ယောက်အား ရှာဖွေကျွေးမွေးကာ စောင့်ရှောက်နေသူလည်းဖြစ်သည်။ နတ်ကိုးကွယ်မှုကို အထူးယုံကြည်သက်ဝင်သူဖြစ်သည်။

အောင်ခိုင်မှာ အလုပ်နှင့်ပါ ဆက်နွယ်နေသူမို့ သူ့အိမ်တွင်(၃၇)မင်းနတ်ရုပ်များနှင့် ဟိန္ဒူတို့ကိုးကွယ်သော သျှိဝ၊ စန္ဒီမယ်တော်၊ကာလီမန်မယ်တော်ရုပ်တု၊ ရာမ၊ ဟာနုမန်ရုပ်တုများကိုပါ အိမ်တွင်ပူဇော်ထားရှိသည်။ ထို့အတွက် သူ့ဟောခန်းတွင် အကြီးအသေးရုပ်တုပေါင်း လေးဆယ်ကျော်ခန့် ရှိနေလေသည်။

ရုပ်တုများကို ကပ်လျှပူဇော်ထားသော ပန်းပေါင်းစုံ၏ မွှေးရနံ့အပြင် ဖယောင်းတိုင်၊ အမွှေးတိုင်များပါ ထွန်းညှိပူဇော်ထား၍သည်း ဟောခန်းအတွင်း ရနံ့ပေါင်းစုံ ကြိုင်လှိုင်လျက်ရှိနေလေ၏။

ယခု အောင်ခိုင်ရှေ့တွင် အသက်(၄၀)ကျော် အမျိုးသမီးနှစ်ယောက် ကျုံ့ကျုံ့လေးထိုင်ကာ တရိုတသေ အမူအရာနှင့် လက်အုပ်ချီလျက် ရှိနေကြ၏။

မျက်လုံးစုံမှိတ်လျက် လက်အုပ်ချီထားသော လက်နှစ်ဖက်ကြားမှ သပြေပန်းစည်းနှင့် နဖူးကိုတဖတ်ဖတ်ရိုက်ပြီး အောင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



နုတ်ပင့်လို့နေသည်။

အကျီအဖြူလက်ရှည် ဝတ်ဆင်လျက်. . ခေါင်းနှင့်ရင်ဘတ်တွင် ပုဝါနီစည်းထားသော အောင်ခိုင့်တစ်ကိုယ်လုံး ရှေ့တိုးနောက်ငင် ဖြစ်လာကာ နတ်ဝင်လာသည်။ ဒူးပေါ် လက်တစ်ဖက်စီ တင်ကာ ခေါင်းတခါခါနှင့် သူ့မျက်နှာက ခက်ထန်လာ၏။ အတွေ့အကြုံရှိဟန်တူသော အမျိုးသမီးနှစ်ယောက် ရှေ့သို့လက်အုပ်ချီမပျက် တိုးလာကြရင်း. .

"အခုကြွလာတာ ဘယ်ရာဇာ၊ ဘယ်အမျိုးလဲဆိုတာ မိန့်ပါဦး ဘုရား. ."

"ကိုကြီးကျော်ဟဲ့. . ကိုကြီးကျော်၊ ပခန်းကိုကြီးကျော်ဟဲ့ ငါ့ကို ဘာကိစ္စ ခဏခဏပင့်နေကြတာတုန်း. ."

"သည်းခံတော်မူပါ. . အဘ ပခန်းကိုကြီးကျော်ဘုရား၊ နှမတော်လေးများ ဒုက္ခနဲ့ကြုံတွေ့နေရလို့. . အားကိုးတကြီး ပင့်ဖိတ်မိကြောင်းပါဘုရား. ."

"အေးလေ. . . ရှိစေတော့ရှိစေတော့၊ နင်တို့ လူ့ဘဝကလည်း ဒုက္ခတွေတယ်များသကိုး၊ ပြောစမ်း အိမ်ကလူ ခြေမငြိမ်ဘူး မဟုတ်လားဟေ့. ."

"ဟယ်. . အဘသိနေတယ်၊ ဟုတ်ပါတယ် အဘရယ်. . . အဲဒါလေး ခြေငြိမ်သွားအောင် ကူညီဆောင်ရွက်ပေးပါ အဘ. ."

အောင်ခိုင် ယိမ်းထိုးနေရင်းနှင့်ပင် နတ်ရုပ်များဘက်စောင်းငဲ့၍ကြည့်ပြီး နားစွင့်လိုက်သည်။ ပြီးနောက် တစ်စုံတရာ ပြောသံကြားရသည့်အလား ခေါင်းတဆတ်ဆတ်ညိတ်ရင်း. .

"အိမ်း. . အိမ်း. . အိမ်ကလူ ကြာသပတေးသား မဟုတ်



www.burmeseclassic.com

www.burmeseclassic.com


လား"

"ဟုတ်. . ဟုတ်ပါတယ် အဘ. ."

"ကြာသာပတေးသားကို စနေသမီးငယ်ငယ်လေးက ဖြား ယောင်းနေတာကိုးကွဲ. ."

သွေးထွက်အောင် မှန်လွန်းလှသဖြင့်. . လာမေးသူ အမျိုး သမီးနှစ်ယောက် တအံ့တသြနှင့် အချင်းချင်းကြည့်မိကြသည်။

ကာယကံရှင်ဖြစ်သူ အမျိုးသမီးက. . .

"မှန်လိုက်တာ အဘရယ်. .၊ နှမတော်ဒုက္ခတွေကို ငြိမ်း သတ်ပေးပါ ဘုရား. ."

"အင်း. . မတော်တရော် ယုတ်ယုတ်မာမာနည်းတွေနဲ့တိုက် ပြီး အရူးအမူးဖြစ်အောင် လုပ်ထားတာကိုး အတော်ဖြေမှ ရမဟဲ့. ."

"မိန့်တော်မူပါအဘ၊ နည်းလမ်းမှန်သမျှ လိုက်နာဆောင် ရွက်ပါ့မယ်"

"အိမ်ကလူနဲ့ မယားငယ်မရဲ့ ဓာတ်ပုံကို ကျောချင်းကပ်. . ရေဇလုံထဲတစ်ရက်နှစ်၊ နောက်တစ်ရက်က မီးကင်ရမယ်. . . ကြား လား"

"ကြားပါတယ် ဘုရား. ."

"အဲဒီလိုလုပ်ပြီးရင် ဘုရားသောက်တော်ရေကို နေ့စဉ်တိုက် ပေး. .၊ အဲ့ဒါကို တစ်ပတ်တိတိလုပ်ဟဲ့. ."

"မှန်ပါ့ ဘုရား. ."

"ကျန်တာတော့ နင်တို့မိန်းမမာယာနဲ့ အစွမ်းကုန်ပြုစု. .၊ လင်မယားဆက်ဆံရေးမှာ အဆုံးစွန်ထိအားထုတ်. . ကြားလား ဒါပဲ ဘာမေးချင်သေးလဲ. ."


www.burmeseclassic.com

www.burmeseclassic.com


"ပြည့်စုံပါပြီဘုရား. . သိချင်တာ မရှိတော့ပါဘူး. ."
"အိမ်း. . အိမ်း. . အိမ်. . ငါပြန်ကြွတော့မဟဲ့. ."
"ကောင်းလှပါပြီ ဘုရား. ."
အောင်ခိုင် တဝါးဝါးသမ်းကာ သပြေပန်းစည်းနှင့် နဖူးကို တဖတ်ဖတ်ရိုက်ရင်း နတ်ပြန်ကြွသွားအောင် ဆောင်ရွက်လိုက်သည်။ အကြောအချင်ဆန့်ကာ မျက်လုံးများ ဖွင့်ကြည့်လိုက်သည်။
"ဘာတွေမိန့်သွားလဲ အဆင်ရောပြေကြရဲ့လား. ."
"ပြေပါတယ် ဆရာ. ."
ကာယကံရှင် အမျိုးသမီးက ပခန်းကိုကြီးကျော် မိန့်မှာသမျှကို ဆရာအောင်ခိုင်အား ပြန်ပြောပြသည်။
"အင်း. . ဒီလိုကိစ္စဆိုတာလည်း အခက်သား၊ ကိုယ့်မှာက အသက်အရွယ်နဲ့တ ာ် တစ်ပန်းရှုံးနေပြီ. ."
"ဟုတ်. . ဟုတ်ပါတယ် ဆရာရယ်"
"အဘ ပြောတာတွေလုပ်ပေါ့၊ တစ်လအတွင်း ထူးခြားပါလိမ့်မယ်. ."
"ကျေးဇူးတင်ပါတယ် ဆရာ"
နတ်မေးသူများက ငါးထောင်တန်နှစ်ရွက် ငွေဖလားထဲ ထည့်ပြီး လက်အုပ်ချီကာ ပြန်သွားကြသည်။ ထိုမိန်းမနှစ်ယောက် ထွက်သွားပြီးနောက် အသက်သုံးဆယ်ဝန်းကျင် စုံတွဲတစ်တွဲ ဝင်လာကြပြန်သည်။
အောင်ခိုင်အတွက် ထိုသို့နတ်ပင့်ကာ ဟောပြောရခြင်းက နိစ္စဓူဝ အလုပ်တာဝန်များပင်ဖြစ်သည်။ မေးမြန်းသူများ ပါးသွားသည်နှင့် အခန်းတွင်း သန့်ရှင်းရေးလုပ်သည်။ ရုပ်တုများ ဖုန်သုတ်


www.burmeseclassic.com

www.burmeseclassic.com


သည်။ ညှိုးနေသော ပန်းများလဲကာ ရေဖြည့်၏။

ထိုအချိန် ညနေစောင်းမှာပင် သားနှစ်ယောက် ကျောင်းမှ ပြန်လာကြလေသည်။ အကြီးကောင်ရဲမိုးက ကိုးတန်း၊ အငယ်ကောင် အာကာမိုးက ခြောက်တန်းကျောင်းသားများဖြစ်နေကြပြီ။

"ဖေဖေရေ ဒီနေ့တော့ ကျောင်းနားက CP ကြက်ကင် ဝယ်လာတယ်"

"အေး. . ကောင်းတာပေါ့။ အဖေလည်း ပေါင်းအိုးနဲ့ ထမင်းတည်ထားပါတယ်ကွ. . ၊ ခဏနားပြီး ရေချိုးလိုက်ကြ၊ ပြီးရင် ထမင်းစားကြမယ်. . "

အောင်ခိုင်မှာ သားများကိုချစ်သလို ဂရုတစိုက်လည်းရှိသည်။ ချက်ပြုတ်မကျွေးမွေးနိုင်တာလေးဘဲ ပြောစရာရှိသည်။ သူလည်း အားလပ်နေသူမဟုတ်သည့်အပြင် ချက်ပြုတ်တာကိုလည်း ဝါသနာမပါ၍ သားအဖသုံးယောက် ကြုံသလိုသာ ဝယ်စားကြ၏။

အငယ်ဆုံး အာကာမိုးကိုတော့ ရဲမိုးရော အောင်ခိုင်ပါ ဂရုစိုက်ကြသည်။ မိခင်ဆုံးပါးသွားချိန်တွင် အာကာမိုးမှာ သုံးနှစ်သားခန့်သာ ရှိသေးသည်မို့ အဖေနှင့်အစ်ကို၏ အချစ်နှင့် အလိုလိုက်မှုကို စုပုံရရှိခဲ့သည်။

အနီးအနား၌ အိမ်နီးနားချင်းတွေ မရှိသည့်အတွက် ကစားစရာ အပေါင်းလည်းမရှိ၊ အိမ်ထဲမှာပင် ခေတ်ပေါ်ပစ္စည်းများနှင့် အပျင်းဖြေကြရ၏။ ရဲမိုးနှင့် အာကာမိုး ရေချိုးပြီးချိန်တွင် ထမင်းဝိုင်းလည်း အဆင်သင့်ဖြစ်နေလေပြီ။ အောင်ခိုင်က ထမင်းဟင်းတွေ ခူးခပ်ပြင်ဆင်ပေးရင်း. . .

"သားတို့ ကျောင်းမှာအဆင်ပြေကြရဲ့လား၊ ဘာတွေလို


www.burmeseclassic.com

www.burmeseclassic.com


အပ်သေးလဲ"

"အဆင်ပြေပါတယ် ဖေဖေ. .၊ ဘာမှ မလိုအပ်ပါဘူး. ."

"သားငယ်ရော. ."

"မလိုဘူး ဖေဖေ. .၊ ဒါပေမဲ့ ဆရာမက ဖေဖေ့ဆီ ဗေဒင်လာမေးချင်တယ်တဲ့. ."

"ဟားဟားဟား. . ဖေဖေက ဗေဒင်ဟောတာမဟုတ်ဘူး အကြားအမြင်ဟောတာလို့ မပြောလိုက်ဘူးလား. ."

သူတို့သားအဖသုံးယောက် ထမင်းဝိုင်းလေးက ပျော်ရွှင်စွာနှင့် ပြီးဆုံးသွားခဲ့၏။

ကလေးတွေ ကျောင်းစာလုပ်သည့်အချိန်တွင် အောင်ခိုင်က တီဗွီကြည့်သည်။ ညကိုးနာရီမှစ၍ အောင်ခိုင် ဟောခန်းသို့ဝင်တော့သည်။ ဘုရားရှိခိုးပြီးသည်နှင့် နတ်များကိုပင့်ဖိတ်၍ ဩဝါဒခံယူသည်။

ထူးခြားသည်က အခြားသူများလို ဟန်ဆောင်ပန်ဆောင်မဟုတ်ဘဲ အမှန်တကယ် နတ်ဝင်ခြင်းပင်ဖြစ်၏။ ဒါကလည်း နတ်လောကနှင့် လူ့လောကကို ကြားခံဆက်သွယ်ပေးမည့် လူသားတစ်ယောက်အဖြစ် လိပ်ပြာလှသူကို ရွေးခြယ်ထားသည်များလား မသိ။ တစ်ခါတလေ၌ အောင်ခိုင်က နတ်များကို ရင်းရင်းနှီးနှီး စကားပြန်ပြောနေတတ်၏။ ထိုမြင်ကွင်းကို အကြောင်းမသိသူများ မြင်တွေ့ခဲ့လျှင် အောင်ခိုင်ကို အရူးဟု စွပ်စွဲကြမည်မှာ ဧကန်သာဖြစ်သည်။

သူတို့သားအဖသုံးယောက် ပျော်ရွှင်စွာ နေခွင့်ရခဲ့သည်မှာ ရဲမိုးတို့ညီအကို ပထမအစမ်းဖြေပြီးသည့် အချိန်အထိသာဖြစ်သည်။ ဆယ်တန်းနှင့် ရှစ်တန်းနှစ်ဝက်စာမေးပွဲများဖြေအပြီး တစ်ညတွင်


www.burmeseclassic.com

www.burmeseclassic.com



တော့ အိပ်ပျော်နေသောရဲမိုးအား ဖခင်က လာနှိုးလေ၏။

"ရဲမိုး. . ရဲမိုး. . သား. . သားကြီး၊ ထ. . ထစမ်းပါဦးကွ"

တီးတိုးခေါ်ပြီး လှုပ်နှိုးနေသဖြင့် ရဲမိုး အိပ်ချင်မူးတူးနှင့် ထခဲ့ရ၏။

"ဘာလဲ ဖေဖေ. . ဘာဖြစ်လို့လဲ. ."

"သားကို အရေးတကြီး ကိစ္စတစ်ခု ပြောစရာရှိတယ်. ."

စကားပြောသံများကြောင့် အာကာမိုးပါ နိုးလာသည်။ ဖခင်၏ အရေးတကြီးအမူအရာကြောင့် ညီအစ်ကိုနှစ်ယောက်စလုံး ဖခင်ပြောမည့်စကားကို စိုးရိမ်စွာ စိတ်ဝင်တစား နားစွင့်နေမိကြ၏။

"သားတို့နှစ်ယောက်လုံး အဖေပြောတာကို ဂရုစိုက်ပြီး သေချာနားထောင်ကြနော်. ."

"ဟုတ်ကဲ့. ."

"ဒါမျိုး ဖေဖေ တစ်ခါမှမကြုံဖူးဘူး အရမ်းလည်း ထူးဆန်းတယ်၊ ပြီးရင် သားတို့ရဲ့ ထင်မြင်ချက်ကိုလည်း ဖေဖေလိုချင်တယ်"

ထိုသို့အစချီကာ အောင်ခိုင်က သားနှစ်ယောက်အား သူ့အဖြစ်ကို ပြောပြလေသည်။

အောင်ခိုင် နတ်များပင့်ဖိတ်ပြီး ဩဝါဒခံယူစဉ် နတ်မင်းတစ်ပါးအလှည့်၌ သူ့အား ထူးထူးဆန်းဆန်း တာဝန်ပေးမှုတစ်ခုကို ခံယူခဲ့ရသည်။ ယနေ့ ကမ္ဘာလောကကြီးတွင် စာရိတ္တပျက်ပြားသူ၊ ကျင့်ဝတ်ဖောက်ဖျက်သူနှင့် လောဘရမ္မက်ထူပြောသူများသာ လွှမ်းမိုးနေပြီဟု ထိုနတ်မင်းကဆိုသည်။ ငါးပါးသီလမြဲသူတို့သာ ကြွင်းကျန်မည့် ကမ္ဘာဆေးကပ်ကြီး ဆိုက်ရောက်လာတော့မည်။

ထိုသို့မဆိုက်ရောက်ခင်. . နတ်မင်းက မကောင်းဆိုးဝါးပူး



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေသူများအား ကြိုတင်ရှင်းလင်း သုတ်သင်ရမည်ဟု ပြောသွားသည်။ ထိုတာဝန်ကို . . အောင်ခိုင်အား လုံးဝဥဿုံ အပ်နှင်းလိုက်သည်ဟု နတ်မင်းက ပြောခဲ့၏။

ထိုနတ်မင်း၏ အမှာစကားသည် အောင်ခိုင်၏ ဦးနှောက်ထဲထိ ထွင်းဖေါက်ဝင်ရောက်လာသလိုလည်း ခံစားမိကြောင်း. . ကလေးနှစ်ယောက်အား ပြောပြလေသည်။

မကောင်းဆိုးဝါးတွေ၊ လူယုတ်မာတွေ ဝန်းရံနေတဲ့ လောကကြီးမှာ သူတို့တို့မိသားစု သုံးယောက်စလုံး ကမ္ဘာဆေးကပ်ကြီးကို ကျော်လွှားနိုင်ဖို့အတွက် လူ့အမှိုက်များ ဖယ်ရှားသုတ်သင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ကြရမည်ဟု. . မိန့်မှာသွားကြောင်း ရှင်းပြသည်။

မကောင်းဆိုးဝါးတို့ကို ကိုယ်က လက်ဦးအောင် တိုက်ခိုက်သုတ်သင်ရမည်လည်းဖြစ်သည်။ အချိန်မရှိတော့သည်မို့ အခုကစပြီး လှုပ်ရှားကြရပေတော့မည်ဟုလည်း ဆိုလေသည်။

ဖခင်ပြောသမျှ ငြိမ်နားထောင်နေသော အာကာမိုးက. .

"ဖေဖေ. . သား ကြောက်တယ်. ."

"ဘာမှကြောက်စရာမလိုဘူး သားငယ်၊ နတ်မင်းကြီးက ဖေဖေတို့သုံးယောက်ကို ယုံကြည်လို့ တာဝန်ပေးတာ စိုးရိမ်စရာအကြောင်းကို မရှိဘူး. ."

ထိုနတ်မင်းက မကောင်းဆိုးဝါးများကိုနှိမ်နင်းရန် ကူညီညွှန်ပြပေးမည် ဖြစ်သလို၊ သူတို့ကို သုတ်သင်ရန်အတွက်လည်း. . ဘာမှကြောက်ရွံ့နေစရာမလိုကြောင်း၊ သူတို့မိသားစုကိုလည်း စောင့်ရှောက်မှာဖြစ်ကြောင်း ဆက်ရှင်းပြနေသည်။

နတ်မင်းက အောင်ခိုင်တို့ သားအဖကို 'နတ်လက်' များဟု



www.burmeseclassic.com

www.burmeseclassic.com


ပင်နာမည်ပေးသွားကြောင်း မကောင်းဆိုးဝါးများအား တစ်ကောင်ပြီးတစ်ကောင် သုတ်သင်ကာ ကမ္ဘာ့အပြင်ဘက် လွှင့်ပစ်ရမည်ဖြစ်ကြောင်းပြောပြတော့ အာကာမိုး သဘောကျသွားလေ၏။

"ဒါဆို. . . သားတို့က ရုပ်ရှင်ထဲကလို သူရဲကောင်းတွေပေါ့ ဟုတ်လားဖေဖေ. ."

"သိပ်မှန်တာပေါ့သားရယ်၊ အဖေတို့သုံးယောက်က ကမ္ဘာကြီးကိုကယ်တင်မယ့် လူစွမ်းကောင်းတွေပဲပေါ့. ."

ရဲမိုးက လူပျိုပေါက်အရွယ်မို့ အဖေပြောသမျှကို စဉ်းစားချင့်ချိန်ကာ အထွန့်တက်မိ၏။

"ဒါပေမဲ့ သားတို့ စိတ်ထင်တိုင်း လျှောက်လုပ်လို့ မဖြစ်ဘူးထင်တယ်၊ ဖေဖေ. . အန္တရာယ်များမှာစိုးလို့ ပြောတာပါ. ."

"အဖေ အားလုံးနားလည်သဘောပေါက်တယ် သားကြီး၊ ဒါပေမဲ့ နတ်မင်းရဲ့ စကားတွေက တကယ့်အမှန်တရားတွေပဲလေ၊ ဒါဟာ သတ္တဝါတွေကို ကယ်တင်ဖို့ လမ်းကြောင်းမှန်တစ်ခုပဲ"

စိတ်ဝင်စားသွားပြီဖြစ်သည့် အာကာမိုးက. .

"ဒါဆို သားတို့မှာ ထူးခြားတဲ့စွမ်းအားတွေ ရလာတော့မှာလား ဖေဖေ. ."

"ဟုတ်တယ် ဖေဖေတို့က သူတို့ကို ထိကိုင်လိုက်တာနဲ့ လူလား၊ မကောင်းဆိုးဝါးလားဆိုတာ ခွဲခြားသိမြင်နိုင်မယ်. . ၊ ပြီးတော့ သူတို့ကို သုတ်သင်ဖို့ လက်နက်ဆန်းသုံးမျိုးလည်း နတ်မင်းက ပေးဦးမှာတဲ့. . ."

အဖေဖြစ်သူ အောင်ခိုင်စကားကြောင့် သားငယ် အာကာမိုး မျက်ဝန်းတွေပိုပြီး အရောင်လက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"မှော်လက်နက်ဆန်းတွေလား ဖေဖေ. ."

"ဖေဖေတော့ အဲလိုပဲ ထင်တယ်. ."

"အဲဒီလက်နက်တွေ သားတို့ ဘယ်တော့ရမှာလဲဟင်"

"အဲ့ဒါတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ မကြာခင် နတ်မင်း ထပ်ပြီး မိန့်မှာဦးမှာပါ. .၊ တစ်ခုတော့ရှိတယ်. . ဒီကိစ္စ သားတို့ ဘယ်သူ့ကိုမှ ပြောပြလို့မဖြစ်ဘူးနော်. ."

ဆောင်ရွက်ရမည့်ကိစ္စက အန္တရာယ်များသလို သတိထား လုပ်ရမည်ဖြစ်၍ နှုတ်လုံဖို့ ဂရုတစိုက်ရှိဖို့ လိုအပ်သည်ဟု ဖခင်က သတိပေးမကား ဆက်ပြောသည်။ ရဲမိုးကို ပိုပြီးအားကိုးကြောင်း သူ့အကူအညီကိုလည်း ပိုမျှော်လင့်ကြောင်း၊ ကောင်းမှုဆောင်ရွက် တာဖြစ်၍ ဘာမှစိုးရိမ်ထိတ်လန့်နေစရာ မလိုကြောင်းလည်း အား ပေးသည်။

ရဲမိုးက အဖေပြောတာတွေ လွဲမှားနေပြီဆိုတာသိ၍ စိုးရိမ် နေ၏။ အဖေပြောတဲ့နတ်မင်းက နတ်ဆိုးတစ်ပါးဖြစ်မယ်လို့ စိတ်ထဲ ထင်လာမိသည်။

ဒါကိုရိပ်မိသောဖခင်က အားပေးသလို၊ ခြိမ်းခြောက်သ လိုလို စကားတွေဆက်ပြောနေသည်။

"ဖေဖေတို့လုပ်ရမယ့် ကောင်းမှုကိစ္စအတွက် ငါ့သားစိတ် လှုပ်ရှားနေမယ်ဆိုတာ အဖေသိပါတယ်. .၊ လောကကြီးကို တရား စီရင်မယ့်နေ့ဟာ ခုမှစတော့မှာသား၊ ဖေဖေတို့အားလုံး ဥပဒေဘက် တော်သားတွေပါ၊ ဒီအတွက် အဖေ့အပေါ် သစ္စာရှိပါ့မယ်လို့ ကတိ ပေးပါ ရဲမိုး. ."

ရဲမိုး ဘာမှပြန်မပြောနိုင်၊ သူ့အဖေပြောသည့် ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com


ကုသိုလ်လုပ်ရပ်ဆိုသည်က အန္တရာယ်များသော၊ အကုသိုလ်ကြီးသော၊ ဥပဒေနှင့်ငြိစွန်းသော လုပ်ရပ်များဟုသာ သံသယဝင်နေမိသည်။ ညီငယ် အာကာမိုးကတော့ အဖေပြောသမျှ ယုံကြည်ကာ လူစွမ်းကောင်းဖြစ်တော့မည်ဟု တွေးရင်း စိတ်ကြီးဝင်နေပုံရသည်။

"အဲ့ဒီကောင်းမှုတွေလုပ်ပြီးတာနဲ့ အဖေတို့သုံးယောက်လုံးရော၊ သေသွားတဲ့သားတို့အမေရော. . အားလုံးတစ်ပေါင်းတစ်စည်းထဲ နတ်ပြည်မှာပြန်ဆုံရမယ်တဲ့၊ မင်းတို့အမေ နတ်ပြည်ကိုရောက်နေပြီတဲ့. . ဖေဖေတို့အလာကို စောင့်နေတယ်တဲ့"

"တကယ်လား ဖေဖေ၊ အဟား သိပ်ကောင်းတာပဲ မေမေနဲ့ ပြန်တွေ့ရတော့မယ်ဟေ့"

ညီငယ် စိတ်အားထက်သန်နေသလောက် ရဲမိုးမှာ အကြီးအကျယ် စိတ်ဓာတ်ကျနေလေ၏။

"ပိုမိုလုံခြုံစိတ်ချရတဲ့၊ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ကမ္ဘာသစ်ကို ဖေဖေတို့ ဖေါ်ဆောင်ကြမှာလေ. .၊ အမှောင်ကမ္ဘာ ကုန်ဆုံးတဲ့အထိ 'နတ်လက်'အမည်ရှိတဲ့ တို့သားအဖတွေ ကြိုးစားကြမယ်၊ သာတူညီမျှလှပတဲ့ ကမ္ဘာသစ်ကို ဖန်ဆင်းကြမယ်. .၊ ငါ့သားတွေ အဖေနဲ့ အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်မယ်လို့ မျှော်လင့်တယ်ကွာ"

ထိုကိစ္စ ထိုမျှနှင့်ပြီးသွားပါစေဟု ရဲမိုး ဆုတောင်းရင်း. . ရင်တထိတ်ထိတ်နေ့ရက်များကို ကျော်ဖြတ်ခဲ့ရသည်။ အဖေပြောခဲ့သလို နတ်ပေးမည့် မှော်လက်နက်သုံးမျိုးလည်း ရောက်မလာပါစေနှင့်ဟုသာ ဖော့တွေးရင်း စိတ်ဖြေနေရသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ အဖေက သူ့ကားနှင့် ကျောင်းသို့လိုက်ပို့ပေးသည်။ ဘုရားကြီးဘက်မှ ရွာတစ်ရွာတွင် ဘုရားထီးတင်ပွဲအလှူဖိတ်ထားသဖြင့် လမ်းကြုံသည်မို့ ခေါ်သွားခြင်းဖြစ်သည်။ ကျောင်းသို့လိုက်ပို့ပေးပြီးနောက် အဖေ ဘုရားကြီးသို့ ဆက်မောင်းသွားသည်။

ရဲမိုးမှာ အတန်းထဲထိုင်ကာ စာသင်နေရသော်လည်း စာထဲမှာ စိတ်မဝင်စား၊ အဖေပြောသလို မကောင်းဆိုးဝါးတွေကို နှိမ်းနင်းမည့် လက်နက်ဆန်းများအား စိတ်မှန်းနှင့် ပုံဖော်ကြည့်နေမိ၏။

ဘာတွေများပါလိမ့် . . . ။

စာထဲစိတ်မဝင်စားသလို သူငယ်ချင်းများနှင့်လည်း မတွဲဖြစ်ဘဲ တစ်ယောက်တည်း ငိုင်တွေနေတော့သည်။ အာကာမိုးကတော့ ရဲမိုးနှင့်တခြားစီ. . ၊ သူ့ကိုယ်သူ လူစွမ်းကောင်း ဖြစ်တော့မည်ဆိုသည့်အတွေးနှင့် မြောက်ကြွမြောက်ကြွဖြစ်နေလေ၏။

သူငယ်ချင်းတွေကို ထုတ်ပြောကာကြွားချင်စိတ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com


မနည်းမြိုသိပ်ထားရသည်။ အဖေသာ မပြောထားလျှင် တစ်တန်းလုံးကိုဖွင့်ပြောကာ ကြွားမိမည်ထင်၏။

ပြီးတော့လည်း သူငယ်ချင်းတွေထဲ၌ ဘယ်သူကမကောင်းဆိုးဝါး ဖြစ်နိုင်မလဲလို့လည်း ပုံဖေါ်ကာ တွေးကြည့်နေမိသေးသည်။ သူငယ်ချင်းများသာမက ဆရာ၊ ဆရာမများကိုပင် ဘယ်သူက မကောင်းဆိုးဝါး၊ ဘယ်သူကလူ. . စသည်ဖြင့် စိတ်ကူးရွေးချယ်ကာ ပျော်လျက်ရှိနေလေတော့၏။

ထိုနေ့က ဘုရားထီးတင်ပွဲအလှူမှအပြန် အောင်ခိုင်တစ်ယောက်တည်း ကားမောင်းလာစဉ် လယ်ကွင်းတစ်ခုကိုအဖြတ်. . ကောင်းကင်မှ လျှပ်စီးတန်းတစ်ခု ဖြာကျသွားတာတွေ့လိုက်၏။

ထိုလျှပ်စီးအလင်းတန်းက ပျောက်မသွားဘဲ လယ်ကွင်းထဲရှိ တဲတစ်လုံးပေါ်သို့ ကျရောက်နေခြင်းဖြစ်သည်။

ထိုအဖြစ်ကို အောင်ခိုင် တအံ့တဩကြည့်နေစဉ်မှာပင် နားထဲ၌လည်း စကားသံတချို့ကို ကြားလိုက်ရသည်။

"မကောင်းဆိုးဝါး လူ့အမှိုက်တွေကို နှိမ်နင်းဖို့ ပထမဆုံးလက်နက် တဲထဲမှာရှိတယ် သွားယူပေတော့. ."

နတ်မင်း၏ စကားသံကို ပြတ်ပြတ်သားသားပင် နားထဲကြားလိုက်ရသဖြင့် အောင်ခိုင် ဝမ်းသာအားရဖြစ်သွားကာ ကားရပ်၍ ပြေးဆင်းလာခဲ့၏။

လမ်းပေါ်မှဆင်းကာ လယ်ကွင်းထဲဖြတ်ပြေးရင်း လယ်တဲဆီသို့ စိတ်လှုပ်ရှားစွာ ချဉ်းကပ်ခဲ့သည်။

တဲရှေ့အရောက် ကောင်းကင်မှ ဖြာကျနေသော လျှပ်စီးတန်း၏အလင်းရောင်က တဲ၏ခေါင်မိုးအပေါက်ကြားမှ တဲထဲအထိ


www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်ကာ သစ်မြစ်တုံးတစ်ခုပေါ် သို့ ကျနေ၏။ ထိုသစ်မြစ်ဆုံပေါ် တွင်တော့ အသွားတစ်ဖက်စိုက်ဝင်နေသော ပုဆိန်တစ်လက်ကို တွေ့လိုက်ရသည်။ ပုဆိန်က အသွားနှစ်ဖက်ပါပြီး ပြောင်လက်နေ၏။ ဘေးတွင် လက်အိတ်တစ်စုံပါ ရှိနေ၏။

အောင်ခိုင် ဝမ်းသာအားရနှင့် ပုဆိန်အား ဆွဲနှုတ်ယူပြီး ဖင်ပြန်ခေါင်းပြန်ကြည့်ကာ သဘောကျသွား၏။ ပတ်ဝန်းကျင်ကြည့်တော့လည်း လူတစ်ယောက်မှမတွေ့. .။ ထို့ကြောင့် ဒါသူ့အတွက် နတ်ပေးသည့် လက်နက်အဖြစ် လုံးဝဥဿုံယုံကြည်သွားကာ ပုဆိန်ကိုထမ်း၍ ဝင့်ကြွားစွာ ပြန်လာခဲ့တော့သည်။

"နတ်မင်းပေးတဲ့ ပထမဆုံးလက်နက် ရပြီကွ. . ဟားဟား"

ထိုအချိန်တွင် ရဲမိုးတို့ ညီအစ်ကိုနှစ်ယောက် ကျောင်းမှ အိမ်သို့ လမ်းလျှောက်ပြန်လာနေကြသည်။ အပြန်တွင် ကျောင်းသို့ ဝင်ကြိုမည်ဟု အဖေမှာသွားသော်လည်း ကျောင်းလွှတ်ပြီး ဆယ်မိနစ်ကြာသည်အထိ ပေါ်မလာသဖြင့် လမ်းလျှောက်ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

"ကိုကြီး. . မော်လက်နက်တွေ ဖေဖေ ဘယ်တော့ရမှာလဲ ဟင်. ."

"ညီလေး မင်း. . ဖေဖေ ပြောတာတွေ ယုံဒနတာလား. ."

"အင်းလေ ယုံတာပေါ့၊ မေမေနဲ့တောင် နတ်ပြည်မှာ ပြန်ဆုံရမှာတဲ့ ဘယ်လောက်ကောင်းသလဲ. ."

တက်ကြွပျော်ရွှင် ယုံကြည်စွာပြောနေသည့် အာကာ့မျက်နှာကို ကြည့်ရင်း ရဲမိုး စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ အဖေ့အကြောင်းအစဉ် တွေအားလုံး ရာဇဝတ်မှုဖြစ်ကြောင်း ညီငယ်ကို ဘယ်လိုရှင်းပြရမှန်း

www.burmeseclassic.com

www.burmeseclassic.com


မသိ ဖြစ်နေ၏။

"ကိုကြီးတော့ မယုံဘူး. . ၊ ကြောက်လည်း ကြောက်တယ်"

"ဟာ. . ကိုကြီးကလည်း မိန်းကလေးကျနေတာပဲ. . ၊ ဘာ ကြောက်စရာရှိလို့လဲ၊ ညီလေးတို့အားလုံး လူစွမ်းကောင်းတွေ ဖြစ်သွားမှာ. ."

"မဟုတ်သေးဘူး ညီလေး. ."

အာကာမိုး မကြားချင်ယောင်ဆောင်ကာ ရှေ့မှပြေးထွက်သွား၏။ ညီငယ်ကို အဖေ့လောင်းရိပ်အောက်မှ လွတ်အောင်လုပ်မှ ဖြစ်မည်ဟု ရဲမိုး ဆုံးဖြတ်လိုက်သည်။

ထိုစဉ်မှာပင် ကားဟွန်းသံတပွမ်ပွမ် ကြားလိုက်ရ၏။ လှည့်ကြည့်လိုက်တော့ အဖေ့ကားဖြစ်နေတာ သိလိုက်ရသည်။ ကားက သူတို့နားမှာ ထိုးရပ်လိုက်ရင်း. . .

"သားတို့ ကားပေါ်တက်. . အိမ်ရောက်ရင် အထူးအဆန်း ပစ္စည်းတစ်ခု ပြမယ်. ."

"ဝေး. . ဟေး. . ဟေး. . ဒါမှ တို့ဖေကြီးကွ. ."

အာကာမိုး ပျော်နေသလောက် ရဲမိုး စိတ်လေးစွာဖြင့် ကားပေါ်တက်ခဲ့၏။ အဖေကလည်း တက်ကြွခြင်းများစွာဖြင့် ပြုံးပျော်လျက်ရှိနေသည်။ မိုင်ကုန်လီဗာတင်ကာ မောင်းလာခဲ့သည်။

ရန်ကုန်-ပဲခူး လမ်းပေါ်မှာ ပေါင်မုန့်ကားလေးတစ်စီး အရှိန်ပြင်းစွာ ပြေးလွှားလျက်. . .

xxxxxxxxxxxxxxxxxxxxxx


www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၃)

တလပတ်စဖြင့် ပတ်ထားသော အထုပ်အား အောင်ခိုင် ဖြည်၍ဖွင့်ပြလိုက်သည်။ ထွက်ပေါ်လာသည့် နှစ်ဖက်သွားပုဆိန်ကို မြင်ကြတော့ အာကာမိုး ဝမ်းသာပျော်ရွှင်သွားသလောက် ရဲမိုး အကြီးအကျယ် စိုးထိတ်သွားသည်။ ဒါ လူသတ်လက်နက်တစ်ခုပင် ဖြစ်၏။

ရဲမိုးစိတ်ထဲမှာတော့ တိုက်ဆိုင်မှုကြောင့် ထိုပုဆိန်ကို ယူလာသည်ဟုသာ မှတ်ယူနေစဉ်. . . အာကာမိုးက လွန်စွာစိတ်ဝင်စား


www.burmeseclassic.com

www.burmeseclassic.com


ဟန်နှင့် ပုဆိန်ကို ကောက်ယူကြည့်သည်။

"သားငယ် သတိထားနော်၊ အသွားက သိပ်ထက်တာ. ."

"ဟုတ်ကဲ့. . ဖေဖေ"

အာကာမိုး ပုဆိန်ကို သတိကြီးစွာကိုင်တွယ်ရင်း လေ့လာနေ၏။

"ဒီလက်အိတ်ပါ ပါလာတာလား ဖေဖေ. ."

"ဟုတ်တယ် သား၊ ဒီလက်အိတ်ကလည်း လက်နက်တစ်ခုပဲလားဆိုတာ ဖေဖေခုထိစဉ်းစားနေရတုန်းပဲ. ."

သားအဖနှစ်ယောက် စိတ်ဝင်တစားဖြစ်နေတာကို ရဲမိုး မလှမ်းမကမ်းမှသာ ရပ်ကြည့်နေလိုက်သည်။ ဒါ. . မှော်လက်နက်မဟုတ်ဘဲ နတ်ဆိုးပေးလိုက်သည့် လူသတ်လက်နက်ဆိုတာ ရဲမိုး အသေအချာသိနေ၏။

"အဟား. . သိပ်ကောင်းတာပဲ ဖေဖေ၊ ဒါကြီးနဲ့ လူစွမ်းကောင်းလုပ်လို့ရပြီ. ."

အောင်ခိုင်နှင့် အာကာမိုးတို့ အားရဝမ်းသာ ရယ်လိုက်ကြသည်။ ရဲမိုး ခေါင်းငိုက်စိုက်နှင့် အိပ်ခန်းသို့ဝင်လာခဲ့တော့၏။ ထိုညက အိပ်မက်ဆိုးများမြင်မက်ပြီး ရဲမိုးအိပ်ရေးပျက်ခဲ့သဖြင့် နောက်နေ့အတန်းထဲတွင် ရဲမိုး အိပ်ငိုက်နေတော့သည်။

ထမင်းစားချိန် အတန်းထဲ အိပ်ပျော်သွားရင်းနှင့်လည်း ရဲမိုး အိပ်မက်တွေမက်နေပြန်သည်။ သူတို့သားအဖတွေ တောတွင်းသို့ဝင်ခဲ့ကြသည်။ တောလယ်တစ်နေရာတွင် ညအိပ်စခန်းချရန်နားသည်။ ရွက်ဖျင်တဲ လေးတစ်လုံးအား သားအဖသုံးယောက် ဆောက်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com


တဲဆောက်ပြီးချိန်၌. . ညရေးညတာနှင့် ချက်ပြုတ်စားသောက်ရန်အတွက် အောင်ခိုင် အနီးအနားရှိ အပင်များကို ထင်းအဖြစ်သုံးရန် သွားခုတ်လေသည်။

ညနေစောင်းပြီမို့ ခပ်သွက်သွက်လုပ်နေခိုက် သူတို့၏ ယာယီတဲနားသို့ မိန်းမလှလေးတစ်ယောက် ရောက်လာလေသည်။ ရဲမိုးတို့ညီအစ်ကို တအံ့တဩ ငေးကြည့်နေစဉ်မှာပင် နောက်မှအဖေပြေးဝင်လာကာ မိန်းမလှလေးအား ပုဆိန်နှင့် ခုတ်လိုက်လေတော့သည်။

"အား. . အောင်မလေး. . သေပါပြီ. ."

ရဲမိုး အသံကျယ်ကြီးနှင့် အော်ဟစ်လိုက်ပြီး လန့်နိုးသွားသည်။ သူ့ကိုဝိုင်းကြည့်နေသော အတန်းသားတွေကိုတွေ့မှ. . သူအိပ်မက်မက်နေမှန်းသိပြီး စိတ်သက်သာရာ ရသွားတော့သည်။

သို့သော်. . အတန်းပြန်စနေပြီဖြစ်သဖြင့်. .

"ဟေ့. . အသံဗြဲကြီးနဲ့ ဘယ်သူထအော်တာလဲ"

ဒီတော့လက်ညှိုးတွေ သူ့ထံစုပြုံကျလာကာ ဆရာမရိုက်ခြင်းကိုခံလိုက်လေ၏။

ညနေအိမ်ပြန်ရောက်တော့ ဖခင်၏ ကျယ်လောင်စွာအော်လိုက်သံကြီးက နတ်ရုပ်များထားရာဟောခန်းထဲမှ လွင့်ပျံ့လာသည်။ ဘာများဖြစ်သလဲ. . အတွေးနှင့် ရဲမိုးဟောခန်းသို့ ပြေးလာခဲ့၏။ သို့သော်. . . အခန်းတွင်းသို့ တန်းမဝင်ရဲသည်နှင့် တံခါးဝမှာပင် မယောင်မလည်နှင့် ချောင်းရသည်။

အောင်ခိုင်ရှေ့တွင် အမျိုးသမီးကြီး သုံးယောက်ရှိနေ၏။ ထိုသုံးယောက်အား သူ့ဖခင်က ပြောဆိုကြိမ်းမောင်းနေခြင်းဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သည်။ အမျိုးသမီးနှစ်ယောက် အလန့်တကြားဖြစ်နေသော်လည်း တစ်ယောက်ကတော့ မကျေမနပ်နှင့် ပြန်ကြည့်နေတာတွေ့ရ၏။

"လောကမှာ အများကောင်းကျိုးမလုပ်နိုင်ရင်တောင် အများအကျိုး ပျက်စီးရာပျက်စီးကြောင်းကိုတော့ မလုပ်သင့်ဘူး"

"ဟုတ်. . ဟုတ်ကဲ့ ဆရာ. . "

"လောဘရမ္မက်ကြီးတဲ့သူ. . ၊ ငါးပါးသီလ မလုံခြုံတဲ့သူတွေဟာ လူ့အမှိုက်တွေပဲ. . ၊ အခု ညည်းတို့က အများနဲ့ဆိုင်တဲ့ နောက်ဖေးလမ်းကို ပိတ်ပြီး အိမ်ချဲ့ချင်တယ်. . ၊ ဒီတော့ ရပ်ကွက်လူထုနဲ့ ထိပ်တိုက်တွေ့တယ်. . ၊ ဒါကို အနိုင်ရမရသိချင်လို့ ကျုပ်ဆီလာမေးတယ်. . ၊ ယတြာတောင်းတယ်. . ဟုတ်လား. . "

"ဟုတ်. . ဟုတ်ပါတယ် ဆရာ. . "

"အဲဒီကိစ္စ ကျုပ်လုပ်မပေးနိုင်ဘူး၊ သွားတော့ ပြန်ကြတော့"

ဖခင်က ဒေါသတကြီး ကြိမ်းမောင်းနေသဖြင့် ရဲမိုး ကြားထဲက အားနာနေသည်။ နှင်ထုတ်ခံရသော အမျိုးသမီးများ ရှက်ရှက်သည်းသည်းထကာ ပြန်သွားကြသည်။

အောင်ခိုင် ဒေါသတွေ ပြေသေးပုံမရ. .

"ကိုယ့်ကိုယ်ကို. . လူလား၊ လူ့အမှိုက်လားဆိုတာ သုံးသပ်၊ အမှိုက်ဆိုရင် ရှင်းပစ်ခံရမယ်ဟ ကြားလား. . "

ရဲမိုးလည်း စိတ်ညစ်ညစ်နှင့် ကိုယ့်အခန်းကိုယ် ပြန်လာခဲ့တော့သည်။ အခန်းထဲရောက်တော့လည်း နံရံတွင် ချိတ်ဆွဲထားသော ပုဆိန်ကြီးကိုကြည့်ပြီး စိတ်မသက်မသာဖြစ်ရသေးသည်။

အဖေ့ကိစ္စများထဲ ညီငယ် မပါစေချင်တာ ရဲမိုး၏ စေတနာ အမှန်သာဖြစ်သည်။ သူဘယ်လိုဖြောင်းဖျနားချရမလဲဆိုတာတွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရဲမိုး စိတ်မောလို့နေသည်။

"ကိုကြီး. . လူစွမ်းကောင်းတွေကို အားလုံးက ဝိုင်းချစ်ကြသလို အားလည်းကိုးကြတယ်နော်"

"ဟုတ်တယ် ညီလေး၊ အဲ့ဒါကလည်း အများအကျိုးဆောင်ရွက်ပြီး ကိုယ်ကျိုးမဖက်ဘဲ ကူညီကြလို့ပေါ့. . ၊ နှိပ်စက်သတ်ဖြတ်နေရင် ဘယ်သူက အားကိုးချင်မှာလဲ. . ၊ အဖေလုပ်တာ မှားနေပြီလို့ ကိုကြီးထင်တယ်. . "

"မဟုတ်ဘူး ဖေကြီးလုပ်တာ မှန်တယ်၊ ညီလေး ထောက်ခံတယ်"

အာကာမိုးကို ဘယ်လိုမှရှင်းပြ၍ မရတော့၊ အဖေ့စည်းရုံးသွေးဆောင်ချက်များ၌ ညီလေးက သက်ဝင်ယုံကြည်နေခဲ့ပြီ။ သူကြိုက်သော လူစွမ်းကောင်းရုပ်ရှင်များအတိုင်း လူဆိုးများကို နှိမ်နင်း၍ မကောင်းသူပယ်၊ ကောင်းသူကယ်ရန် စိတ်အားထက်သန်လျက်ရှိနေသည်။ ညီငယ်ကို နားချ၍ မရတော့သဖြင့် ရဲမိုး အားကိုးရာမဲ့သလို ဖြစ်သွားသည်။

အခြားတိုင်ပင်ရင်ဖွင့်စရာ မိတ်ဆွေကောင်းလည်း မရှိသဖြင့် တစ်ယောက်တည်း ကြိတ်မှိတ်ကာ စိတ်ဆင်းရဲနေရတော့သည်။

xxxxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် အဖေက ထုံးစံအတိုင်း သူတို့ကို အိပ်ရာမှ အတင်းနှိုးကာ ခြံနောက်သို့ခေါ်လာ၏. . ။ ခြံထဲ အသေအချာ လျှောက်ကြည့်ရင်း တစ်ခုခုကိုရှာဖွေနေသော အဖေ့နောက်သို့ ရဲမိုးတို့ ညီအစ်ကိုနှစ်ယောက် ဘာမသိဘာမသိနှင့် လိုက်နေကြရသည်။

အတန်ကြာလျှောက်သွားပြီး ညောင်ပင်တစ်ပင်အောက်တွင် အောင်ခိုင် ရပ်လိုက်သည်။ အပင်နှင့် အပင်ခြေရင်းမြေအနေအထားကို သေချာသုံးသပ်ပြီးနောက် အားရဝမ်းသာလေသံနှင့်. .

"ဟုတ်ပြီ. . ဒီနေရာပဲ သေချာတယ်. ."

တစ်ပါတည်းယူဆောင်လာသည့် တူရွင်းကို မြေတွင်စိုက်လိုက်ရင်း တက်ကြွပျော်ရွှင်နေသော ဖခင်ကိုကြည့်ကာ ရဲမိုးတို့သာ ကိုမှနားမလည်နိုင်အောင် ဖြစ်နေကြ၏။

"ဖေဖေ ဘာတွေလုပ်နေတာလဲ၊ သားတို့ကိုလည်း ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေ. . "

"ဒီလိုသားငယ်ရ. . ညက အဖေ အိပ်မက်မက်တယ်"

မနေ့ညက ထုံးစံအတိုင်း နတ်များ၏ ဝေယျာဝစ္စဆောင်ရွက်ပြီးနောက် ပင့်ဖိတ်ပြီး ဩဝါဒခံယူခဲ့သည်။ ထူးထူးခြားခြား ဘာဩဝါဒမှမပေးသော်လည်း ညလယ်လောက်တွင် အိပ်မက်တစ်ခု မြင်မက်လေသည်။ ထိုအိပ်မက်ထဲတွင် နတ်မင်းပေါ်လာကာ. . သူ့ကို ဤညောင်ပင်အောက်သို့ ခေါ်သွားပြီး. . တူးခိုင်းသည်ဟု မက်၏။

"အဲ့ဒါပဲသား၊ ဒီတော့ ဟောဒီနေရာကို သားတို့တစ်လှည့်စီ တူးကြည့်ကြစမ်း. . "

ဖခင်က ခိုင်းလာသဖြင့် ရဲမိုးတူရွင်းကို ဆွဲနှုတ်လိုက်သည်။ စိတ်ကတော့သိပ်မပါ။ မတူးဘဲနေလို့လည်းရမှာ မဟုတ်သည့်အတွက် တူရွင်းကိုသုံးကာ မြေတူးခြင်းအလုပ်ကို စတင်လိုက်သည်။ အာကာမိုးက မျှော်လင့်ချက်ကြီးစွာဖြင့် ရဲမိုးလုပ်သမျှကို မမှိတ်မသုန်ကြည့်နေလေ၏။

လုပ်နေကျအလုပ် မဟုတ်သဖြင့် ဆယ်မိနစ်လောက်တူးအပြီးတွင် လက်ပန်းကျလာ၍ ရဲမိုးတူးရွင်းချပြီး ခဏနားလိုက်သည်။ ရဲမိုးချွေးသုတ်နေစဉ်မှာပင် အာကာမိုး တူးရွင်းကောက်ယူကာ အသည်းအသန်တူးတော့၏။ အာကာမိုးတူးပြီး သိပ်မကြာခင်မှာပင် တူရွင်းသွားနှင့် တစ်ခုခုထိမိသံ ပေါ်ထွက်လာသည်။ ဆက်တူးတော့ ကတ္တီပါစ အနီရောင်တစ်စွန်းတစ်စကိုတွေ့ရ၏။

တူရွင်းချပြီး အာကာမိုး မြေစာများကို လက်နှင့်ယက်၍ ခပ်သွက်သွက်ဖေါ်ထုတ်သည်။ ကြည့်မကောင်းသဖြင့် ရဲမိုးလည်း ဝိုင်းကူကာ မြေစာတွေကို ခပ်ထုတ်သည်။ ခဏတွင်မှာပင် သုံးပေ


www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိမည့် အထုပ်တစ်ထုပ် ပေါ်လာ၏။

သိချင်ဇောအားကြီးနေပြီဖြစ်သည့် အာကာမိုးက ကတ္တီပါစ အထုပ်ကို ခပ်မြန်မြန်ပင် ဖြေကြည့်လိုက်သည်။ ထွက်ပေါ်လာသည်က ယင်းတိုက်သားအနှစ်ဖြင့် ပြုလုပ်ထားသော တုတ်တစ်ချောင်း ဖြစ်နေသည်။ အဝတ်လျှော်ထုတ်လို လက်ကိုင်ပါပြီး. . ထိုလက်ကိုင်တွင် နတ်ရုပ်တစ်ရုပ် ထွင်းထုထားသေး၏။

"အဟား. . ကောင်းလိုက်တာ ဖေဖေရာ၊ ဒါ နတ်တွေပေးတဲ့ ဒုတိယလက်နက်ဆိုတာ သိပ်ကိုသေချာသွားပြီ"

တုတ်ကိုအသေအချာကြည့်ရင်း အာကာမိုး အားရဝမ်းသာ ပြောလေသည်။

"ဒါပေ့ါ သားငယ်ရ၊ အဖေတို့ သုံးယောက်အတွက် လက်နက်သုံးမျိုးရ,ရမှာလေ"

"ဒါဆို နောက်တစ်မျိုး ကျန်သေးတာပေ့ါ"

"ဟုတ်လိမ့်မယ်သား. . အဲဒီလက်နက် ဘယ်ပုံစံနဲ့ ရောက်လာမလဲတော့ မသိဘူး. ."

"လက်နက်တွေ မြန်မြန်စုံချင်ပြီ ဖေဖေရာ၊ ဒါမှ သား သူရဲကောင်းမြန်မြန်ဖြစ်မှာ. ."

သားအဖနှစ်ယောက် အတိုင်အဖောက်ညီနေတာကို ကြည့်ပြီး ရဲမိုး စိတ်မာတ်ကျနေ၏။ မကောင်းဆိုးဝါးကို သုတ်သင်ရှင်းလင်းမည်ဟု ပြောဆိုနေကြသည်မှာ တကယ်တော့ လူသတ်ဖို့ ကြံစည်နေခြင်းသာဖြစ်သည်ဟု သူနားလည်သည်။

"အဖေ အခုရလာတာတွေက လူသတ်လက်နက်တွေ မဟုတ်လား. ."



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကလာ ဟုတ်ရမှာလဲ သားကြီးရာ၊ ဒါ မကောင်းဆိုး ဝါးတွေ နှိမ်နင်းဖို့အတွက် နတ်မင်းအပ်နှင်းတဲ့ လက်နက်ကွ. ."

သူတို့ သားအဖနှင့်ယှဉ်ပြီး ရဲမိုးပြောမနေတော့၊ နှစ်မဲတစ်မဲ မို့ အလိုလိုရှုံးနေပြီမဟုတ်လား။ သားအဖနှစ်ယောက် လက်ကိုင် တုတ်ကို တယုတယသယ်ဆောင်ကာ အိမ်ဘက်သို့ ပြန်လျှောက်သွား ကြသည်။

ရဲမိုးသာ တွင်းကိုမြေပြန်ဖို့ရင်း ဖြစ်လာမည့်နောက်ဆက်တွဲ တွေအတွက် စိုးရိမ်သောကပွားနေရတော့သည်။

xxxxxxxxxxxxxxxxxx


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ဒီလိုနှင့်တစ်ည. . ထူးဆန်းသော အဖြစ်တစ်ခု ကြုံရလေသည်။ အဖေ့ဟောခန်းဆီမှ ပုံမှန်မဟုတ်သော အသံဗလံများကို ကြားလိုက်ရပြန်သည်။ ညီအစ်ကိုနှစ်ယောက် ဖခင်ရှိရာ ဟောခန်းဆီ ပြေးသွားကြည့်ကြသည်။ အောင်ခိုင်ကတော့ တင်ပျဉ်ခွေကာ တရားထိုင်လျှက်ရှိ၏။

သူ့ရှေ့ရှိနတ်ရုပ်များ တင်ထားသောခုံမှာ တဒုန်းဒုန်းနှင့် လှုပ်ရှားလျှက်ရှိ၏။ ခဏအကြာတွင် နတ်တစ်ပါးပါး ဝင်ပူးသလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင့်တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားလာလေသည်။ ရဲမိုးတို့ နားမလည်သော ဂါထာမန္တန်များကိုလည်း အသံသြကြီးနှင့် ရွတ်ဖတ်နေသည်။ ထိုသို့ယိမ်းထိုးလှုပ်ရှားရင်းဖြင့်ပင်. . ဘေးမှဘောပင်ကို ကောက်ကိုင်ကာ စာရွက်ပေါ် ချရေးနေလေတော့သည်။

ထိုအခိုက်. . . ခုံပေါ်မှငွေဖလား၊ ကြေးလင်ပန်းနှင့် ငွေမောင်းတို့ တစ်ခုပြီးတစ်ခု ကြမ်းပြင်ပေါ် ပြုတ်ကျနေသည်။

သည့်နောက် အမျိုးအမည်မသိသော နတ်ရုပ်တစ်ရုပ်လည်း ထပ်မံပြုတ်ကျလာလေ၏။

"ခွပ်!. ."

ညီအစ်ကိုနှစ်ယောက် အံ့သြသွားရပြီ၊ တစ်စစီကွဲကြေသွားသော နတ်ရုပ်ထဲမှ ရှေးလက်ရာနှင့် ဓားတစ်ချောင်းထွက်ကျလာသည်။ ဓားမှာနတ်ရုပ် အရွယ်အစားထက်အနည်းငယ်သာတို၏။

ထိုစဉ် အောင်ခိုင် မျက်လုံးပွင့်လာလေပြီ။ သိပ်ကိုစိတ်ဝင်စားနေပြီဖြစ်သော အာကာမိုးက ဟောခန်းထဲဝင်ချသွားကာ ဓားကို ကိုင်ကြည့်နေ၏။

"ဖေဖေ ဒါဆို သားတို့လက်နက်တွေ စုံပြီပေါ့နော်"

"ဟုတ်တယ် သား. . လက်နက်သုံးမျိုးလုံးစုံပြီ. ."

"ဖေဖေရေးနေတာ ဘာတွေလဲဟင်"

သားငယ်က သူ့အဖေဘေး ဝင်ထိုင်ကာပြောလိုက်၏။

"မကောင်းဆိုးဝါးတွေရဲ့ နာမည်စာရင်းပေါ့ သားရယ်"

"သူတို့ တကယ်ပဲ မကောင်းဆိုးဝါးဆိုတာ သေချာလို့လား ဖေဖေ"

ရဲမိုးက မယုံသင်္ကာနှင့် ဝင်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကလည်း ဒီစားမြင်တာတောင့် မယုံသေးဘူးလား"

အဖေ့ကိုယ်စား အာကာမိုးက ခပ်သွက်သွက် ဝင်ဖြေပေး လိုက်သည်။ အောင်ခိုင်က ရဲမိုးအား စူးစိုက်စွာကြည့်ရင်း. . .

"သားကို အဖေအားလုံးပြောပြမယ်၊ သားအရွယ်ဟာ စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်စွမ်းတွေရှိနေပြီလို့ ဖေဖေယုံတယ်၊ ငါ့သား ဒီကိစ္စတွေနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေတာလည်း. . အဖေသိတယ်"

သူ့အဖေ စိတ်ကူးတည့်ရာ လျှောက်လုပ်နေသည်ဆိုသော အတွေးနှင့် ရဲမိုးက. .

"ဒါတွေက အဖေ့အတွေးထဲက စိတ်ကူးအိပ်မက်တွေ မဟုတ်လား"

"ဒါ လုံးဝအိပ်မက်မဟုတ်ဘူး ငါ့သား၊ အားလုံးအမှန်တရားတွေပဲ၊ သားမကြာခင် မျက်မြင်တွေ့လာရမှာပါ။ ခုကြည့်လေ. . မကောင်းဆိုးဝါးတွေရဲ့ နာမည်စာရင်းပါ အဖေ့လက်ထဲရောက်နေပြီ မဟုတ်လား၊ ရော့. . ဖတ်ကြည့်လိုက်ဦး"

ဖခင်လှမ်းပေးလာသော နာမည်စာရင်းကို ရဲမိုးယူ၍ ဖတ်ကြည့်သည်။ လူနာမည်များရေးထားသော စာရွက်ဖြစ်၏။

"ဒီနာမည်စာရင်းကို ဘယ်လိုရပြီး ရေးမှတ်ခဲ့သလဲဆိုတာလည်း သားကြီးမြင်မှာပါ"

"အဖေ. . ဒါလူတွေရဲ့နာမည်တွေနော်"

"ဟုတ်တယ်လေ၊ သူတို့ကိုကြည့်လိုက်ရင်တော့ လူတွေပိုပဲ. . ဒါပေမယ့် သူတို့က လူတွေမဟုတ်ဘူး၊ လူစိတ်မရှိတဲ့ မကောင်းဆိုးဝါးတွေ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ စိတ်အားထက်သန်စွာပြောနေသော်လည်း ရဲမိုးဖာ မယုံသလိုပုံစံ ဖြစ်နေ၍. . .

"သားကြီး. . မင်းမြင်ရပါလိမ့်မယ်၊ အဲဒီတော့မှ မင်းယုံမှာပါ"

ဘယ်လိုမှ တားလို့ဆီးလို့ ရမည်မဟုတ်သည့်အတွက် ရဲမိုး အိပ်တော့မည်ဟု နှုတ်ဆက်စကားဆိုကာ အိပ်ခန်းဆီသို့ ပြန်လာခဲ့တော့သည်။

အဖေ စိတ်ဖောက်ပြန်နေတာလား. . .။

နတ်ဆိုးတွေ ချယ်လှယ်နေလား. . .။

xxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွင်. . 'သိဒ္ဓိမနောမယ အကြားအမြင်ဆရာ အောင်ခိုင်'ဆိုသည့် ဆိုင်းဘုတ်အား အဖေဖြုတ်သိမ်းနေတာ တွေ့၏။ ထိုနေ့မှစ၍ အဖေလည်း အကြားအမြင်ဟောခြင်းကို မလုပ်တော့ပေ. . ။

သူတို့မိသားစုက ပြေးကြည့်မှ သုံးယောက်သာရှိသလို. . အဖေကိုလည်း သူတို့သိပ်ချစ်ကြသည်။ အဖေစိတ်ဖောက်ပြန်နေခြင်း မဟုတ်ပါစေနှင့်ဟုလည်း ရဲမိုး ဆုတောင်းနေမိသည်။ ရဲမိုးသာ စိုးရိမ်ပူပန်ကာ ကြောက်လန့်နေသော်လည်း အာကာမိုးကတော့ အစွမ်းကုန်တက်ကြွနေသည်။

"သားကြီးရဲမိုး မင်းကိုတော့ ဖေဖေကြိုပြောထားမယ်၊ မကြာခင်မှာ ပထမဆုံး မကောင်းဆိုးရွားတစ်ယောက်ကို အဖေ သုတ်သင်တော့မယ်သား"

အဖေ့စကားကြောင့် ရဲမိုး မျက်လုံးပြူးသွားရ၏။ ဖခင်က



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားပြောပြီး ထွက်သွားသည့်အတွက် ရဲမိုးတစ်ယောက်တည်း ကျန်ခဲ့တော့သည်။ သူဘာလုပ်ရမလဲဆိုတာ အပြေးအလွှား စဉ်းစားကြည့်သည်။ မကောင်းဆိုးဝါးပင်ဖြစ်စေ၊ လူတစ်ယောက်ကိုတော့ မည်သို့မျှ မသတ်စေချင်။ ဖခင်ကို လူသတ်သမားတစ်ယောက်အဖြစ် ရဲမိုး မမြင်လိုတာ မှန်သောသစ္စာပင်ဖြစ်သည်။

နောက်ဆုံးတော့ ရဲမိုးဆုံးဖြတ်ချက်တစ်ခု ချလိုက်နိုင်သည်။ ထင်းဂိုထောင်ထဲမှ စက်ဘီးကိုထုတ်ယူကာ အပြင်းနှင်း၍ထွက်လာခဲ့၏။ သူဦးတည်ရာကား ပဲခူးမြို့မရဲစခန်းဆီသို့သာဖြစ်သည်။

စက်ဘီးနှင့် နာရီဝက်ခရီးကို အပြင်းနင်းကာ ရဲမိုး မြို့ထဲသို့ ဝင်ခဲ့၏။ အားစိုက်ထုတ်မှုပြင်းထန်သဖြင့် ရင်ခုန်သံလည်း ပြောင်းဆန်နေသည်။ ချွေးသီးချွေးပေါက်များကျအောင်လည်း ပင်ပန်းနေခဲ့ပြီ။

မြို့ထဲရောက်လာပြီမို့ စက်ဘီးအရှိန်ကို လျှော့လိုက်ရ၏။ အန္တရာယ်ကင်းအောင်ဂရုစိုက်နင်းလာရင်း သူ့လုပ်ရပ်မှန်မမှန်ပြန်ဆန်းစစ်ကြည့်သည်။

သူ့အဖေလုပ်ရပ်ကို ရဲကသာ တားနိုင်လိမ့်မည်။ ဘယ်လိုပင်ဖြစ်ဖြစ် ကိုယ်ထိလက်ရောက် ပြစ်မှုမကျူးလွန်ခင် တားဆီးရမည်မှာ သူ့တာဝန်ဖြစ်သည်ဟု ယတိပြတ်တွေးလိုက်၏။ ဒီလိုနှင့် ရဲစခန်းရှေ့သို့ ရောက်လာခဲ့၏။

စခန်းရှေ့ လမ်းတစ်ဖက်တွင် စက်ဘီးကိုရပ်၍ သော့ခတ်လိုက်သည်။ လမ်းဖြတ်ကူးပြီး စခန်းထဲဝင်ဖို့ကျတော့ ရဲမိုး ချီတုံချတုံဖြစ်နေပြန်၏။ စိတ်ကိုတင်းပြီး လမ်းကူးတော့မည်ဟန်ပြင်လိုက်တော့. . .၊ ကြောက်စိတ်ပေါ်လာလိုက်နှင့် ဝေခွဲမရဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ. . ဖခင်နှင့်ညီငယ်ကို ကယ်တင်ခြင်းဖြစ်သည်ဟု စိတ်အားတင်းကြည့်တော့လည်း. . သူ့လုပ်ရပ်မှန်နေ၍ ခြေလှမ်းပြင်မိပြန်သည်။ ထိုစဉ်တွင် စခန်းထဲမှ ရဲများထွက်လာတာတွေ့၍ ရင်တွေတဒိုင်းဒိုင်း ခုန်သွားရသည်။

မဟုတ်တာ ဘာမှလုပ်မထားဘဲနှင့် ရဲမိုး ဇောချွေးတွေပျံလာသည်။ ရဲကိုသတင်းပေးမည်ဆိုသော သူ့အတွေးက အပြောလွယ်သလောက် အလုပ်ခက်သည့်ကိစ္စမှန်း သိလိုက်ရလေသည်။

သူ့မှာ ရဲစခန်းထဲဝင်ဖို့ သတ္တိမရှိဘူးဆိုတာ ကောင်းကောင်းသိသွား၏။ ရဲတွေကိုမြင်ရုံနှင့် ကြောက်စိတ်က ငယ်ထိပ်တက်ဆောင့်လာသည်မို့ စက်ဘီးကိုသော့ဖွင့်ပြီး သုတ်ခြေတင်နင်းကာ အိမ်သို့ပြန်လာခဲ့တော့သည်။

xxxxxxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

ယနေ့ည မြို့ထဲသွားပြီး ရုပ်ရှင်လိုက်ပြမည်ဟု အဖေက ကတိပေးထားသည်။ သို့သော် နေ့ခင်း(၂)နာရီကတည်းက အပြင်ထွက်သွားတာ ယခုအချိန်ထိ ပြန်မလာသေး။ နာရီကြည့်လိုက်တော့ ကိုးနာရီခွဲနေပြီမို့ ညီငယ်ကိုနှစ်သိမ့်ကာ အိပ်ရာဝင်ခဲ့ကြသည်။

ညီငယ်လည်း အဖေ့စကားကို မမေ့သေး. .

"ဖေဖေ ဘယ်တော့ပြန်လာမှာလဲ ကိုကြီး၊ ရုပ်ရှင်လိုက်ပြမယ် ပြောထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးလည်း မသိဘူးလေ. ."

"ဖေဖေ မကောင်းဆိုးဝါးတစ်ကောင်ကောင်ကို သုတ်သင်နေပြီလား မသိဘူးနော်. ."

ရဲမိုးက ညီငယ်ခေါင်းကို လှမ်းပုတ်လိုက်ပြီး. .

"အဲဒါတွေကို မင်းယုံနေတာလား အာကာ. ."

"ညီလေးတော့ ယုံတယ်. . ."

"ကိုကြီးပြောတာ သေချာနားထောင်စမ်း၊ မကောင်းဆိုးဝါး (၈)ယောက်ဆိုတာ စာရွက်ပေါ်မှာ တကယ်ရှိနေပြီ. .၊ သူတို့အားလုံးကို အဖေတကယ်သတ်တော့မှာကွ. . ."

ညီငယ်က ပြုံးရင်း. . .

"အဲဒါဘာဖြစ်လဲ. ."

"အဖေ့ကို ဒီကိစ္စကြီး မလုပ်စေချင်ဘူး၊ ကိုကြီးတားလို့လည်း ရမှာမဟုတ်ဘူး၊ ကိုကြီး အမှုပတ်မခံနိုင်ဘူးကွာ. .၊ ဒီမှာတောင် ဆက်မနေချင်တော့ဘူး. . ညီလေး"

"ဒါဆို ကိုကြီး ဒီအိမ်ကထွက်သွားဖို့ စဉ်းစားနေတယ်ပေါ့"

"ဟုတ်တယ် ညီလေးရေ ကိုကြီးနဲ့အတူ လိုက်ခဲ့မလား"

"အဖေ့ကိုထားခဲ့ပြီး ထွက်မသွားချင်ပါဘူး၊ ညီလေး မလိုက်ဘူး. . ."

အာကာမိုးကတော့ ပြတ်ပြတ်သားသားပင် ငြင်းဆန်လိုက်သည်။

"ကိုကြီးတို့ အတူပြေးကြရအောင် ညီလေးရာ. . နော်. ."

"ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ. ."

"ဖေဖေက လူသတ်တော့မှာလေ၊ တစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်တော့မှာ. . "

"ပေါက်ကရတွေ ကိုကြီးရာ. . အဲဒါ မကောင်းဆိုးဝါးတွေပါ ဆိုမှပဲ. . . "

ဘယ်လိုမှ စည်းရုံး၍မရသည့်အတွက် ရဲမိုးစိတ်ပျက်လက်ပျက်နှင့် လှဲအိပ်လိုက်တော့၏။ အာကာမိုးလည်း တစ်ဖက်သို့စောင်းကာ အိပ်ဖို့ပြင်ဆင်နေပြီ။ သက်ပြင်းမောရှိုက်ရင်း ရဲမိုး မျက်လုံးများကို မှိတ်လိုက်တော့သည်။

စိတ်ပန်းလူပန်းဖြစ်ရသဖြင့် ရဲမိုး မေ့ခနဲ အိပ်ပျော်သွား၏။ အိပ်မက်မက်ဖို့ အားယူဆဲမှာပင် ကျယ်လောင်သော ကားစက်သံကို ကြားရပြီး လန့်နိုးသွားသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ခြံတင်းပေါက်မှ တိုးဝင်လာသည့် ကားမီးရောင်ကိုပါ တွေ့ရသည်။ အဖေပြန်လာပြီဆိုတာသိ၍ တံခါးဖွင့်ပေးရန် ကုတင်ပေါ်မှ ဆင်းခဲ့၏။ နာရီကြည့်တော့ (၁၁)နာရီပင်ခွဲနေလေပြီ။

အရင်ဆုံး ပြူတင်းပေါက်မှ ချောင်းကြည့်မိသည်။ သူမြင်လိုက်ရသည်က မိန်းမတစ်ယောက်ကို ပခုံးပေါ်ထမ်းကာ ထင်းရုံဆီသို့သွားနေသော အဖေ့ကိုပဲဖြစ်သည်။ ရဲမိုးမျက်ခုံးတွေ မူလနေရာမှ တစ်လက်မခန့်မြင့်တက်သွား၏။ ဒါ. . . မကောင်းဆိုးဝါးစာရင်းနံပါတ်တစ်နေရာမှ ဒေါ်တင်နွယ်အေးဆိုသူ ဖြစ်မည်ဟုလည်း ရဲမိုး အတတ်သိလိုက်သည်။ စိုးရိမ်စွာ. . ရဲမိုးပြေးဆင်းသွားသော အသံကြောင့် အာကာမိုးလည်း နိုးသွား၏။

ရဲမိုးနောက်သို့ အာကာမိုး ပြေးလိုက်လာသည်။ ထင်းရုံထဲ၌ အမျိုးသမီးတစ်ယောက်ကိုတွေ့၏။

"သားတို့ အထဲဝင်ပြီး တံခါးပြန်ပိတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ပြောသည့်အတိုင်း ရဲမိုးတို့ ထင်းရုံတံခါး ပိတ်လိုက်ကြသည်။ အမျိုးသမီး၏ ပါးစပ်အား တိတ်ကပ်၍ပိတ်ထားပြီး လက်များကိုလည်း ပူး၍ကြိုးတုပ်ထား၏။ သူမမျက်ဝန်းများကတော့ အကြောက်တရားကြောင့် ပြူးကျယ်လျက်ရှိနေသည်။

ထင်းရုံအတွင်း မီးထွန်းလိုက်တော့ မြင်ကွင်းက ပိုရှင်းသွားသည်။ အမျိုးသမီးမှာ လေးဆယ်စွန်းစွန်းလောက်ရှိပြီး လုံးကြီးပေါက်သူနှင့် ချောမောတာ သတိပြုမိသည်။

အာကာမိုးလည်း ထိုအမျိုးသမီးကို သေချာကြည့်ရင်း. .

"ဖေဖေ သူကဘယ်သူလဲဟင်. ."

"သူလား မကောင်းဆိုးဝါး မိစ္ဆာတစ်ယောက်ပေါ့ သားရယ်"

အောင်ခိုင့် အဖြေကြောင့် ပါးစပ်ကို တိပ်ကပ်ခံထားရသော အမျိုးသမီးမှာ ခေါင်းကိုတွင်တွင်ခါကာ ဝူးဝူးဝါးဝါး အသံပြု၍ငြင်းဆာ၏။ ရဲမိုး ကြောက်လန့်သွားပြီး နောက်သို့ခြေတစ်လှမ်းဆုတ်မိသည်။

"လာ. . သားကြီး. . မကြောက်နဲ့. . လာ. . လာ"

ဒီအဖြစ်မျိုး မျှော်လင့်ထားပြီး ဖြစ်သော်လည်း တကယ်တန်းကြုံလာရတော့ ရဲမိုးရော အာကာမိုးပါ စိုးရွံ့ထိတ်လန့်နေကြသည်။

"အဖေ သူ့ကို ဘယ်လိုရှာတွေ့လာတာလဲ. ."

သားငယ်၏အမေးကို အောင်ခိုင်က. .

"နတ်မင်း လမ်းညွှန်တာပဲပေါ့ကွယ်. ."

ထိုအမျိုးသမီးမှာ လှည်းကူးမှဖြစ်ပြီး စာရင်းထဲ၌ နံပါတ်တစ်အမည်ပေါက်သူဖြစ်ကြောင်း ဖခင်က ရှင်းပြသည်။ ဒီမိစ္ဆာမဒိုးရှာတွေ့ဖို့ ဘာအခက်အခဲမှ မရှိကြောင်းလည်း ဝင့်ကြွားဂုဏ်ယူစွာပြော



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အိမ်တွင် ထိုအမျိုးသမီးတစ်ယောက်တည်းရှိနေမည့်အချိန်ကို နတ်မင်းက အသိပေး၍ အောင်ခိုင် တစ်ယောက်တည်းသွားခဲ့ကြောင်း၊ အိမ်ရှေ့တွင် ကားရပ်ပြီး အိမ်တံခါးကိုခေါက်ခဲ့ကြောင်း၊ တံခါးလာဖွင့်ချိန်၌ ဒေါ်တင်နွယ်အေးလားဟုမေးလိုက်ပြီး ဟုတ်ကြောင်းအဖြေရလျှင် လက်စွဲတော် လက်ကိုင်တုတ်နှင့် ခေါင်းကိုရိုက်ကာ ခေါ်လာကြောင်းရှင်းပြသည်။

အောင်ခိုင် ထင်းရှူးနံ့ရုံတွင်ချိတ်ထားသော ပုဆိန်ကိုကောက်ကိုင်လိုက်ချိန်၌. . .

"ဖေဖေ. . ဖေဖေ မလုပ်ပါနဲ့ဖေဖေရယ်၊ သူများအသက်ကို မသတ်ကောင်းပါဘူး၊ မလုပ်ပါနဲ့နော် တောင်းပန်ပါတယ် ဖေဖေရယ်"

ရဲမိုး ပုဆိန်ကိုင်ထားသော အဖေ့လက်ကို လှမ်းဆွဲရင်း တား၏။

"ရဲမိုး. . . မင်းဟာ ငါ့ကိုကူညီမယ့်သူတစ်ယောက်လို့ ယုံကြည်ထားခဲ့တာ၊ ပြီးတော့ ငါတို့ဟာ နတ်မင်းရဲ့ကျေးကျွန်တွေ ဖြစ်သွားကြပြီ၊ ငါတို့ကို 'နတ်လက်'တွေလို့လည်း နတ်မင်းက နာမည်ပေးပြီးသွားပြီ၊ သူတို့ခိုင်းခဲ့တဲ့အလုပ်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ ရှိတော့တယ်. . "

ရဲမိုး ချုပ်နှောင်ခံထားရသော ဒေါ်တင်နွယ်အေးကို သက်ညှိုးထိုးရင်း. .

"သူ. . သူက. . လူလေ၊ မိစ္ဆာမှမဟုတ်ပဲ ဖေဖေရယ်"

"သူ့အသားကို ကိုင်ကြည့်လိုက်တာနဲ့ သူဟာ လူလား မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆိုးဝါးလားဆိုတာ 'နတ်လက်' ဆိုတဲ့ဂါတို့တွေ မြင်ရလိမ့်မယ်တဲ့. .၊ ကဲ. . ဟုတ်မဟုတ် လက်တွေ့စမ်းကြည့်ရအောင်"

အောင်ခိုင် လက်အိတ်ကိုချွတ်ရင်း ပြောလိုက်၏။

ထို့နောက် မြေပေါ် လဲနေသည့် အမျိုးသမီးထံ တိုးကပ်သွားသည်။ အမျိုးသမီးက ကြောက်လန့်လွန်းသဖြင့် အလန့်တကြား ရုန်းကန်နေ၏။ အောင်ခိုင် အမျိုးသမီး၏လက်ကို ကိုင်ကြည့်လိုက်သည်။ ရုတ်တရက် ဓာတ်လိုက်ခံရသလို တုန်တက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီးကျော်စိုး ရဲမိုးပြောသမျှကို သေချာစွာနားထောင်နေလေ၏။ ရဲမိုးစကားရပ်သွားတော့ အခန်းထဲရှိ ရေခဲသေတ္တာထဲမှ ရေသန့်ဘူးတစ်ဘူးထုတ်လာကာ. . ရဲမိုးအား လှမ်းပေးလိုက်သည်။ ရဲမိုး ရေကို အားပါးတရ မော့သောက်ပြီးမှ. .

"တကယ်တော့ ကျွန်တော် ဒါတွေကို လုံးဝမယုံခဲ့ဘူးဆရာ"

"အဲဒီလို သွားကိုင်ကြည့်တော့ ဘာတွေမြင်တယ်လို့ ခင်ဗျားအဖေပြောလဲ"

"အဖေ ပြောပြတာတော့၊ အဲဒီအမျိုးသမီး မကောင်းတာလုပ်ထားတာမှန်သမျှ မြင်နေရတယ်လို့ ပြောတယ်ဆရာ၊ ဒေါ်တင်နွယ်အေးဆိုတဲ့အမျိုးသမီးက သူ့မှာလင်ငယ်ယောကျ်ားကြီးရှိပါလျက်နဲ့ သူ့အိမ်ကဒရိုင်ဘာနဲ့ ဖေါက်ပြန်ပြီး လင်ငယ်နေတာကို မြင်တယ်တဲ့၊ အဲဒီ့ထက်ဆိုးတာက လင်ကြီးကို အကောက်ကြံတာတဲ့. . ၊ လင်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ကို အိပ်ဆေးခတ်. . အိပ်နေတဲ့အချိန်မှာ. . ခေါင်းအုံးနဲ့မျက်နှာကို ဖိပြီး အသက်ရှူလို့မရအောင်လုပ်ပြီး သတ်ခဲ့တယ်တဲ့. . "

သို့နှင့်. . ရဲမိုး အဖြစ်အပျက်ကို ဆက်ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏လက်ကို ဆုပ်ကိုင်ထားသော အောင်ခိုင်မှာ မျက်ဖြူဆိုက်မတတ်ပင် ခံစားနေရ၏။ သို့နှင့် ဆုပ်ကိုင်ထားသည့် လက်ကို လွှတ်လိုက်မှပင် သက်သာရာရသွားသည်။

"သေ. . သေချာတယ် သားတို့ ဒင်းဟာ မိစ္ဆာပဲ၊ မကောင်းဆိုးဝါးပဲ၊ သူ့ရဲ့စုတ်ပွဲ့တဲ့ လုပ်ရပ်တွေအားလုံး အဖေမြင်လိုက်ရတယ်၊ ထင်ထင်ရှားရှားကို မြင်လိုက်ရတယ်၊ ဒင်းကို အပြစ်ပေးရမယ်၊ ဒင်းကို. . ရဲတွေ မဖော်နိုင်,မဖမ်းနိုင်၊ အပြစ်မပေးနိုင်သေးပေမယ့် နတ်မင်းက အပြစ်ပေးဖို့ အသင့်ဖြစ်နေကြပြီ၊ ဒီတော့. . နတ်မင်းတွေ တာဝန်ထားပေးတဲ့ အဖေတို့ပဲ ဒီဇာဝန်ယူရတော့မှာပေါ့. . "

အမျိုးသမီးလည်း ကြောက်လွန်း၍ မြေပြင်၌ ပဍာမြေလူးသလို ရုန်းကန်နေရှာသည်။ ရဲမိုးလည်း နောက်ဆုံးအနေနှင့် ဖခင်အား တားလိုက်သေးသည်။

"ဖေဖေ. . မလုပ်ပါနဲ့. . မလုပ်နဲ့. . "



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ တားမရတော့. . . ။

အားကုန်လွှဲကာ ခုတ်လိုက်သော အောင်ခိုင်၏ ပုဆိန်သွား အောက်တွင် မိစ္ဆာဟု စွပ်စွဲခံရသူဒေ့မျိုးသမီး. . အသက်နှင့်ကိုယ် အိုးစားကွဲသွားတော့သည်။

xxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ရှမိုး အိတ်ကပ်ထဲမှ ဆေးလိပ်ဘူးထုတ်ကာ ဆေးလိပ်တစ်လိပ်အား ဘူးကိုခေါက်၍ ထုတ်လိုက်သည်။

"ဆရာ. . ကျွန်တော်သောက်မယ်နော်"

"ရပါတယ်. . သောက်ပါ"

ထိုအချိန်တွင် မိုးကလည်းချုပ်နေပြီဖြစ်၍ ရုံးအတွင်း၌လူမရှိသည့်အလား တိတ်ဆိတ်နေလေသည်။ မီးညှိနေသော ရှမိုးအား မျောက်စိုးက. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသွားတာတွေအားလုံး အမှန်တွေပဲလား"

"ကျွန်တော် လုပ်ကြံပြောနေတယ်ထင်လို့လား ဆရာ"

ကျော်စိုး မေးပွတ်ရင်း ရဲမိုး မျက်ဝန်းများကို စူးစိုက်ကြည့်ကာ အကဲခတ်လျက်ရှိသည်။

"ဒါဆိုအခု ခင်ဗျားအဖေ ဘယ်မှာလဲ. ."

"အဖေ ဆုံးသွားတာကြာပါပြီ. .ဆရာ"

ထိုစဉ်. . .

"ဒေါက်!. . ဒေါက်!. ."

တံခါးခေါက်သံကြားလိုက်၍ ကျော်စိုးက. .

"ဝင်ခဲ့လေ. ."

တံခါးဖွင့်ပြီး ဝင်လာသူက တပည့်ဖြစ်သူ မောင်ထွေးဖြစ်နေသည်။

"ကျွန်တော်ပြန်လို့ရပြီလား. . ဆရာ၊ မပြန်နဲ့ဦးဆိုရင်လည်း ကျွန်တော်နေပေးလို့ ရတယ်နော်ဆရာ"

တပည့်ဖြစ်သူမောင်ထွေး အိမ်ပြန်ချင်နေ၍ ဆရာ့ထံ ဝင်ပြောခြင်းဖြစ်သည်။

"မလိုဘူး. . ရတယ်၊ မင်းပြန်ချင်ရင် ပြန်တော့လေ"

မောင်ထွေးပြန်သွားတော့မှ ကျော်စိုး စကားပြန်ဆက်သည်။

"အဲဒီအမျိုးသမီးကို ခင်ဗျား မျက်စိရှေ့မှာတင် သတ်လိုက်တာပေါ့. ."

"သူ့မှာ တခြားနည်းလမ်းမရှိတော့ဘူးလေ၊ ဒါပေမယ့်. . အဖေ့စိတ်ထဲမှာတော့ မိန်းမတစ်ယောက်ကို သတ်လိုက်တယ်လို့ မခံယူဘူး၊ မကောင်းဆိုးဝါးတစ်ကောင်ကို သတ်လိုက်တာလို့ပဲ သူ



www.burmeseclassic.com

www.burmeseclassic.com



ခံယူထားတယ်. . ၊ အဲဒီ အမျိုးသမီးလက်ကို ကိုင်လိုက်တဲ့အချိန်မှာ အာရုံထဲ ထင်မြင်လာတဲ့ အမျိုးသမီးရဲ့နောက်ကြောင်းတွေကို အဖေ ယုံကြည်လို့ ဒီလိုလုပ်လိုက်တာပဲဖြစ်လိမ့်မယ်. "

"နောက်တော့ကော ဘာတွေဖြစ်သေးလဲ. . . "

xxxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးတို့သားအဖသုံးယောက် ဒေါ်တင်နွယ်အေး၏ အလောင်းကို အပိုင်းပိုင်းဖြတ်ကာ ပလတ်စတစ်အိတ်ကြီးများထဲထည့်ပြီး ယူကလစ်တောထဲသို့ သယ်လာခဲ့ကြ၏။ မြုပ်နှံမည့်နေရာအရောက် ရဲမိုးတို့ တစ်ယောက်တစ်လှည့်နှင့် မနာတမ်း ကျင်းတူးကြသည်။ အလောင်းကို အပိုင်းပိုင်းဖြတ်ထားသဖြင့် သုံးပေxခြောက်ပေကျင်း မလိုတော့၊ သုံးပေပတ်လည် ခပ်နက်နက် ကျင်းတစ်ကျင်းဆိုအဆင်ပြေပြီဖြစ်သည်။

တစ်ယောက်မောလျှင်တစ်ယောက်နားပြီး အဆက်မပြတ်တူးနေကြရာ တစ်နာရီနီးပါးနှင့်ပင် လုံလောက်သောအနက်ရှိသည့်ကျင်းကို ရရှိခဲ့၏။ အာကာမိုးက အလောင်းအစိတ်အပိုင်းများ ထည့်ထားသော ပလတ်စတစ်အိတ်များကို ကျင်းထဲပစ်ချလိုက်သည်။

"သားငယ် အဲလိုမလုပ်ရဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင် ကျင်းထဲမှ ပလတ်စတစ်အထုပ်ကို ပြန်ကောက်ကာ ဖြည်၍ အလောင်းအပိုင်းအစများအား ဒီအတိုင်းသွန်ချလိုက်၏။

"ဒါမှ စိတ်ချရမှာ. . ပလတ်စတစ်ခံနေရင် ဒါတွေပျက်စီးဖို့ အချိန်တွေအများကြီး ကြာသွားလိမ့်မယ်၊ နတ်မင်းတွေပေးတဲ့ နည်းလမ်းအားလုံးက တိကျသေသပ်ပြီး ပြည့်စုံတယ် သိလားသားတို့. ."

"ဘာဖြစ်လို့ ဒီယူကလစ်တောမှာ မြှုပ်ရတာလဲ ဖေဖေ. ."

အာကာမိုးအမေးကို အဖေဖြစ်သူအောင်ခိုင်က အမောဖြေရင်း. .

"ဒါကလည်း နတ်မင်းတွေ ရွေးချယ်ပေးတဲ့နေရာလေ. ."

ရဲမိုးက ကျင်းထဲမှ သက်မဲ့ဒေါ်တင်နွယ်အေး၏ အသားအပိုင်းအစများအပေါ် မြေကြီးများပြန်ဖို့ရင်း ဝမ်းနည်းကျေကွဲလာသဖြင့် ရှိုက်ငိုမိသည်။ ဒါကို အောင်ခိုင်က ဘုကြည့်လှမ်းကြည့်ရင်း. .

"ငိုမနေစမ်းနဲ့ သားကြီးရယ် ယောကျ်ားမဟုတ်တဲ့အတိုင်းဘဲ. .၊ ဒီလို မိန္ထာမတစ်ယောက်အတွက် ဘာမှငိုစရာအကြောင်းမရှိဘူး. .၊ သူက လူမှမဟုတ်ဘဲ"

အောင်ခိုင်က ထပ်၍. . .

"အဲဒီမိန်းမလက်ကို ကိုင်လိုက်တုန်းက အဖေဘယ်လိုဖြစ်သွားသလဲဆိုတာ မင်းလည်းမြင်ရဲ့သားနဲ့ ရဲမိုးရာ. ."

ရဲမိုး ပြန်မဖြေနိုင်ခင် အာကာမိုးက ဦးအောင် ဝင်ဖြေလိုက်၏။

"သား မြင်တယ်ဖေဖေ. .၊ အဖေဓာတ်လိုက်ခံရသလို တုန်တက်နေတာလေ. . ပြီးတော့ အဖေမြင်ရသလို သားလည်းမြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်လား . . သားငယ်မြင်ရတယ်လား"

"သားတော့ ဘာမှမမြင်ရဘူး အဖေ"

ရဲမိုးက အလျှော့မပေးသေးပဲ ဆက်၍. .

"အဖေ အဲဒီမိန်းမကြီးကို သတ်လိုက်တာပဲ"

"အဖေ မသတ်ဘူးသား၊ အဖေ သူ့ကိုသုတ်သင်လိုက်တာ"

ရဲမိုးလက်မခံနိုင်သလို ခေါင်းကိုတွင်တွင်ခါနေမိသည်။

"သူ့ကိုကြည့်လိုက်ရင်တော့ မိန်းမတစ်ယောက်လိုပါပဲ၊ သူ့ဘ၀အမှန်ကို အဖေသိလိုက်ရတယ်၊ သူဟာ ဟန်ဆောင်ကောင်းလွန်းတဲ့ အယုတ်တမာမိစ္ဆာမပဲ၊ အဖေမြင်ရသလို မမြင်ရတဲ့အတွက် မင်းအခုလိုပြောနေတာပါ သားကြီးရယ်"

စကားပြောတာ ခဏရပ်ပြီး အလောင်းမြေဖို့တာကို ပြီးစီးအောင်ဆက်လုပ်လိုက်ကြသည်။ မြေပုံကို မို့မောက်မနေအောင် ညှိလိုက်ရင်း အောင်ခိုင်က. . .

"နောက်တစ်ခါဆို သူတို့ကို မင်းအရင်ကိုင်ကြည့်ရမယ်သား"

"ဗျာ. . အဖေ. . အဖေဒီလို လူသတ်တာမျိုးတွေ ထပ်လုပ်ဦးမလို့လား. ."

"ဒါက အဖေတို့မိသားစုကို နတ်မင်းတွေ အပ်နှင်းထားတဲ့တာဝန်ပဲလေ၊ ကျေပွန်အောင်တော့ အဖေတို့ လုပ်ရမှာပေါ့"

"ကျွန်တော်မလုပ်နိုင်ဘူး အဖေ. .၊ အဖေ့နတ်တွေက မကောင်းမှု ကျူးလွန်ခိုင်းနေတာပဲ. . ကျွန်တော် အဲဒီနတ်ဆိုးတွေကိုမယုံဘူး"

"ယုံချင်ယုံ မယုံချင်နေကွာ၊ ဘယ်သူပဲသေသေ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုပဲမြေမြှုပ်ရမှာပဲလေ”

ထိုညက အလောင်းဖျောက်ဖျက် မြှုပ်နှံပြီးနောက် ရဲမိုးတို့ ပြန်လာခဲ့ကြသည်။ ရဲမိုးအတွက်တော့ အိပ်ပျက်ညတွေ သံသရာ ရှည်ဦးတော့မည်ဖြစ်သည်။

xxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေကို တားမရဘူးလား"

ရဲမှူးကြီးကျော်စိုးက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရင်း ပြော၏။

"ကျွန်တော် ဘာမှပြောလို့မရခဲ့ဘူး၊ အဲဒီအချိန်မှာ ကျွန်တော်လည်း အဖေ့ကို အရမ်းကြောက်နေခဲ့တယ်လေ၊ လုံးဝမလွန်ဆန်ရဲဘူး ဖြစ်နေတယ်ဆရာ၊ အဖေ့ကိုတော့ ချစ်ပါတယ်. . "

ကျော်စိုး ထိုင်ရာမှထပြီး အလေးအနက် စဉ်းစားနေဟန်နှင့် အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။

"သေသွားတဲ့လူတွေရဲ့အလောင်းတွေ ဘယ်မှာမြှုပ်ထားသလဲဆိုတာ ကျွန်တော်သိတယ်၊ လိုက်ပြလို့လည်းရတယ်. . ဆရာ"

ကျော်စိုး စိတ်ဝင်စားသွား၏။

"အလောင်းတွေက ဘယ်မှာလဲ၊ မင်းပြောတဲ့ ယူကလစ်တောထဲမှာပဲလား"

"ဟုတ်တယ်. . အဲဒီမှာပါဆရာ၊ ဒါဆို ကျွန်တော်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ယုံပြီလားဆရာ"

"ကဲ. . သွားကြည့်ရအောင်"

ရဲမှူးကြီးကျော်စိုး အခန်းတံခါးဖွင့်ကာ ထွက်သွားသဖြင့် ရဲမိုး နောက်ကထလိုက်ရသည်။ ရုံးဝင်ပေါက်တံခါး ဖွင့်လိုက်သည်နှင့် တိတ်ဆိတ်နေသော ပက်ဝန်းကျင်က ဆီးကြိုနေသည်။ အပြင်တွင် မိုးကတဖွဲဖွဲကျလျှက်. .

ကိုးလို့ကန့်လန့်ရပ်ထားသော ရဲမိုး၏ကားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး. . ခါးကြားမှ လက်ထိပ်ကိုဖြုတ်၍ ရဲမိုးအား ပစ်ပေးလိုက်၏။ ရဲမိုး လက်ထိပ်ကိုလှမ်းဖမ်းကာ ခနတော့ကြောင်သွားသည်။

"ဒါ ဘာလုပ်ဖို့လဲဆရာ"

"ငါနဲ့သွားမယ်ဆိုရင် ဒါကိုမင်းဝတ်ထားရလိမ့်မယ်၊ မင်းဘာသာဝတ်မလား. . ငါဝတ်ပေးရမလား၊ ဒီအမှုက မင်းနဲ့လည်း ပက်သက်နေတယ် ရဲမိုး"

ရဲမိုး စိတ်ပျက်သည့်ပုံစံနှင့် ကိုယ့်လက်ကိုယ်လက်ထိပ်ခတ်လိုက်ရသည်။

"ငါ့နောက်လိုက်ခဲ့. ."

နှစ်ယောက်သား. . . ကားရပ်ထားရာနေရာသို့ မိုးရွာထဲလျှောက်လာခဲ့ကြသည်။ ကားကတော့ ရဲမှူးကြီးကျော်စိုး ကားဆီသို့ဖြစ်သည်။ ကျော်စိုးက နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်၍ ဝင်ထိုင်လိုက်သည်။ ကားလေးက ညအချိန်မတော်ကြီး ပဲခူးမြို့သို့ ဦးတည်မောင်းနှင်ရန် စထွက်လေပြီ။

"မင်းညီအလောင်းကိုတော့ ပြန်လာမှပဲကြည့်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com


သေတဲ့သူကတော့ ထွက်မပြေးနိုင်ပါဘူး၊ ဟုတ်တယ်မလား ရဲမိုး"

"ကောင်းပါတယ်. . ၊ သူလည်းဒီတစ်ညတော့ ကားထဲမှာ အေးအေးဆေးဆေး နေရတာပေါ့"

ကျော်စိုး မိုးထဲလေထဲ ကားကိုဂရုစိုက်မောင်းနေသလို ရဲမိုးမှာလည်း အပြင်သို့ငေးရင်း အတွေးနယ်ချဲ့နေ၏။ ကိုယ်စီကိုယ်င အတွေးများနှင့် ငြိမ်သက်လျက်ရှိသည်။ ကျော်စွာ နောက်ကြည့်မှန်မှ ရဲမိုးအား လှမ်းကြည့်ရင်း. . .

"ဒါတွေအားလုံး စောစောစီးစီ ဘာလို့လာပြီးဝန်မခံရတာလဲ. . ၊ မင်းပြောတဲ့အထဲမှာ တစ်ခုခု ထိန်ချန်ထားတယ်လို့ ငါထင်တယ် ရဲမိုး"

"ကျွန်တော် စောစောစီးစီး ရဲကိုအကြောင်းကြားရင် ဒါတွေ မဖြစ်လာအောင် တားဆီးနိုင်မယ်လို့ ဆရာထင်နေတာ မဟုတ်လား၊ ကျွန်တော်လည်း အဲလိုပဲဖြစ်စေချင်တာပါ၊ ဒါပေမယ့်. . ကျွန်တော့် အဖေက သူ့ကိုလမ်းပြနေတဲ့ နှုတ်ဆိုးတွေကြောင့်ပဲလားမသိဘူး သိပ်ကိုပါးနပ်တယ်ဗျ. . "

"မင်းအဖေက ဒီလောက်တောင်ပဲလားကွ"

ကျော်စိုး မဲ့ရွဲ့ကာပြန်ပြောလိုက်၏။

"ဟုတ်တယ် ဆရာ၊ အမေသာရှိခဲ့မယ်ဆိုရင် ဒီလောက်အထိ ဖြစ်လာမှာမဟုတ်ဘူး. . ၊ မိန်းမသားတစ်ယောက်ရဲ့ ထိမ်းကွပ်အုပ်ထိန်းမှုကို အဖေရော ကျွန်တော်တို့ညီအစ်ကိုတွေပါ မရခဲ့ကြဘူးလေ"

ခပ်မှန်မှန်သာမောင်းနေသော ကားပေါ်မှ စကားသံတို့ တိတ်ဆိတ်သွားပြန်သည်။ လမ်းပေါ်တွင်လည်း အသွားအလာမရှိသ


www.burmeseclassic.com

www.burmeseclassic.com


လောက်ရှင်းနေ၏။ မမေးသင့်မှန်းသိသော်လည်း ရဲမိုးစိတ်မထိန်းနိုင်ဘဲ မေးခွန်းတစ်ခု မေးလိုက်မိသည်။

“ဓာတ်ပုံထဲက ဆရာ့အမေအကြောင်း ကျွန်တော့်ကိုပြောပြနိုင်မလား ဆရာ၊ သူ့ရှိစဉ်က ဆရာ့ဘဝ နွေးထွေးခဲ့မှာပဲနော်၊ ကျွန်တော်က မိခင်မေတ္တာ ငတ်မွတ်ခဲ့ရတဲ့သူပါ”

ရဲမှူးကြီးကျော်စိုး သူ့အမေအကြောင်းမေးလိုက်၍ သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

“အင်း. . ငါ့အဖေ ဆုံးသွားကတည်းက အမေနဲ့ပဲ နေလာခဲ့တာ၊ ငါလည်း သိပ်ကံမကောင်းပါဘူးကွာ. . ၊ ရဲတစ်ယောက်ဖြစ်ပြီး ကိုယ့်အမေကိုတောင် လူသတ်သမားရန်က မကာကွယ်နိုင်ခဲ့ဘူး ဒါကြောင့် အဲဒီဓာတ်ပုံလေးကို ငါ့စားပွဲပေါ် တင်ထားတာပေါ့ကွာ၊ လူသတ်သမားက မင်းအဖေလိုပါပဲ အခုထိမမိသေးဘူးလေ”

“ဒါဆို. . ဆရာ့အမေကို သတ်သွားတဲ့ လူသတ်သမားကို မမိသေးဘူးပေါ့. . ”

“ဟုတ်တယ်. . ”

လက်ထိပ်တန်းလန်းနှင့် စာရေးဆရာရဲမိုးက အံ့ဩသည့်ပုံစံနှင့်. .

“ဟာ. . ဒါဆို ဆရာညံ့သွားပြီပေါ့”

“အင်း. . မင်းပြောတော့လည်း ငါခံရတော့မှာပေါ့ ရဲမိုးရာ ကဲ. . မင်းအဖေအကြောင်း ဆက်ပြောပါဦး. . . ”

×××××××××××××××××××××


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ဦး အောင်ခိုင် ညဘက်မအိပ်ဘဲ တကုပ်ကုပ် အလုပ်ရှုပ်နေတာ သတိပြုမိ၍ ရဲမိုးသိချင်စိတ်နှင့် အနားကပ်သွားမိသည်။ အဖေက မှတ်စုစာအုပ်လေးမှ နာမည်စာရင်းကိုကြည့်ပြီး အပေါ်ဆုံးကနာမည်ကို ခြစ်ပစ်လိုက်၏။

နောက်တစ်ယောက်အလှည့် ရောက်ပြီလားအတွေးနှင့် ရဲမိုး ရင်ထိတ်သွားရသည်။ ခြေသံကြား၍လားမသိ အဖေလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟော. . သားကြီးပါလား အတော်ပဲ လာစမ်းပါဦး၊ နောက်တစ်ယောက်က ဦးဝဏ္ဏတဲ့၊ အဖေ. . သူ့အိမ်လည်းသိပြီးပြီ၊ အသွားအလာလည်း အတိအကျ စုံစမ်းပြီးပြီ၊ ဒီတစ်ခါတော့ သားရဲ့အကူအညီလိုတယ်နော်"

"ဗျာ!. . "

"ဟုတ်တယ် အဖေတစ်ယောက်ထဲလုပ်ဖို့ သိပ်မလွယ်ဘူး သားပါဝိုင်းကူမှဖြစ်မှာ. . "

ရဲမိုးပြန်မပြောမီ ကြောက်စိတ်က ငယ်ထိပ်တက်ဆောင့်လာသဖြင့် အာစေးထည့်ခံထားရသလို ဆွံ့အနေသည်။ မိစ္ဆာရှင်းရမည်ဆိုသော်လည်း တကယ်တန်းကျတော့ လူသတ်ရမှာပဲဖြစ်သည်။ ဒါကိုသိနေ၍ ရဲမိုးကြောက်နေခြင်းဖြစ်သည်။

"မင်းညီက တအားတက်ကြွနေတာ၊ ငယ်သေးလို့ မလုပ်ပါနဲ့ဦးဆိုပြီး မနည်းတားထားရတယ်"

"ဘယ်. . ဘယ်နေ့လုပ်ငန်းစမှာလဲ ဖေဖေ"

"လာမယ့်တနင်္ဂနွေ. . "

အဖေ့ထံမှ လူနှင့်နေ့ရက်အတိအကျ သိရပြီး ရဲမိုး ကိုယ့်အခန်းကိုယ် ပြန်လာခဲ့သည်။ အာကာမိုး အိပ်ပျော်နေပြီမို့ မနာလိုပင်ဖြစ်မိသည်။ သူ ဒီည အိပ်ပျော်နိုင်တော့မည်မဟုတ်တာ သေချာနေပြီလေ။

သို့နှင့် ရဲမိုးမရောက်ချင်သည့် တနင်္ဂနွေသို့ ရောက်လာခဲ့၏။ ဒီတစ်ခါတော့. . မနက်စောစောအချိန်လေးကို သူတို့ထွက်လာခဲ့သည်။ ဗိုင်ဂနိုင်တောင်ပိုင်းမှ အိမ်ကြီးတစ်အိမ်အနီး လမ်းခွဲထားတစ်နေရာတွင် ရဲမိုးတို့၏ ပေါင်မုန့်ကားလေးကို ရပ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သားအဖသုံးယောက်လုံး၏အကြည့်က ခမ်းနားထည်ဝါသော အိမ်ကြီးဆီသို့သာ ရောက်နေကြသည်။ သူတို့လာစောင့်နေတာ နာရီဝက်ခန့်ရှိပြီဖြစ်၏။

ဖခင်နှင့်ညီငယ်တို့ စိတ်အားထက်သန်စွာဖြင့် မျက်ဝန်းများတောက်ပနေသလောက်. . ရဲမိုးမှာ မရွှင်မပျနှင့် ငိုင်နေလေ၏။ နောက်ထပ် ဆယ်မိနစ်ခန့်စောင့်ပြီးချိန်တွင် အိမ်ကြီး၏ခြံတံခါးပွင့်လာကာ ဆလွန်းကားလေးတစ်စီး ထွက်လာသည်။ ဦးအောင်ခိုင်တစ်ယောက် ဆတ်ခနဲတုန်သွားကာ ကျေနပ်စွာပြုံးရင်း ကားစက်နှိုးလိုက်သည်။

ထိုကားနောက်သို့ သူတို့လိုက်ခဲ့ကြ၏။ မြို့ထဲလမ်းများပေါ်မှာ နောက်ယောင်ခံလိုက်ရတာ သိပ်မခက်ခဲလှသော်လည်း ပဲခူးမြို့ပြင်အထွက်မှာတော့ ကားတွေနည်းသွားပြီး ထင်ထင်ပေါ်ပေါ် ဖြစ်လာသည်။

"အဲဒီ ဦးဝဏ္ဏဆိုတဲ့လူကြီးက လှည်းကူးမှာ ဆန်စက်ရှိတယ်၊ တနင်္ဂနွေမနက်တိုင်း သွားပြီးစစ်ဆေးတာလေ. . "

ဒီလိုနှင့် မြို့ပြင်သို့ တဖြည်းဖြည်းရောက်လာကြ၏။ ခုချိန်ထိ ဘယ်မှာဘာလုပ်ကြမည်ဆိုတာ ရဲမိုး ရှင်းရှင်းလင်းလင်း မသိရသေး။

ရင်တထိတ်ထိတ်နှင့် နောက်ယောင်ခံလိုက်လာကြရာ တစ်နေရာအရောက်တွင် ရှေ့မှကားလေး လမ်းဘေးထိုးရပ်သွား၏။

ဦးအောင်ခိုင်လည်း မလှမ်းမကမ်းတွင် ကားကိုရပ်လိုက်၏။

"ဒီလူကြီး သေးပေါက်မလို့နဲ့တူတယ်"

တစ်ယောက်တစ်ပေါက်ခန့်မှန်းကြရာ. . ဦးဝဏ္ဏ ကားပေါ်မှဆင်းပြီး ခြုံတိုးသွားတာမြင်ရသည်မို့ အာကာမိုး၏ခန့်မှန်းချက်က



www.burmeseclassic.com

www.burmeseclassic.com



ကွက်တိမှန်သွား၏။

"ဒါ. . နတ်မင်းကြီး ဖန်တီးပေးတဲ့ အခွင့်အရေးပဲ၊ အခွင့်အရေးကို လက်လွှတ်ခံလို့မရဘူး၊ သားကြီး လှုပ်ရှားတော့. . ."

ဦးအောင်ခိုင် လက်အိတ်စွပ်လိုက်ရင်း ပြောလိုက်၏။

ရဲမိုး မဆင်းသေးဘဲ. .

"သား. . သား. . ဘာလုပ်ရမှာလဲ၊ သားတို့ကို တစ်ယောက်ယောက်မြင်သွားရင် ဘယ်လိုလုပ်မလဲအဖေ"

"သားကို ဘယ်သူမှ မမြင်ပါဘူးကွာ"

"နေ့ခင်းကြီးလေအဖေရဲ့"

ရဲမိုး မလုပ်ချင်၍ အထွန့်တက်ကာ ပြန်ပြောနေလိုက်သည်။

"နတ်မင်းကြီးက ဘယ်သူမှမမြင်အောင် လုပ်ပေးထားပါလိမ့်မယ် သားကြီးရယ်၊ ပြီးတော့ မင်းကို တစ်လမ်းလုံး သင်ပေးခဲ့တဲ့အတိုင်း လှုပ်ရှားရမယ်၊ လူတစ်ယောက်အပေါ့သွားတာ သိပ်ကြာတာမဟုတ်ဘူး၊ ခုချက်ချင်းကားပေါ်ကဆင်း. . သွားတော့. . ရဲမိုး"

ဖခင်က ဂုတ်ဆွဲကာ တွန်းထိုးလွှတ်လိုက်သဖြင့် ရဲမိုး ကားတံခါးဖွင့်ကာ ဆင်းခဲ့ရတော့သည်။

အဖေပြောတဲ့ နတ်မင်းက လူတွေမမြင်အောင် တစ်ကယ်ကာပေးထားပါ့မလား. .။ ရဲမိုး တုန်တုန်လှုပ်လှုပ်နှင့် ဦးဝဏ္ဏကားအနီး ရောက်လာခဲ့၏။ လူတစ်ယောက်ကို သွေးဆောင်ဖြားယောင်းပြီး ဒုက္ခပေးရတော့မည်မို့ ရဲမိုးတကယ်ပင် ကြောက်လန့်နေမိသည်။

ထိုစဉ်. . ဦးဝဏ္ဏ အပေါ့သွားပြီး ခြုံဘေးမှ ထလာသည်ကိုမြင်လိုက်သဖြင့် ရဲမိုးလေးဖက်ထောက်၍ ကားအောက်သို့ ကြည့်ဒီကြည့်လုပ်နေလိုက်၏။ သိပ်မကြာခင်မှာ ဦးဝဏ္ဏ ကားနားရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ကုန်းကုန်းကွကွနှင့် ရဲမိုးကိုမြင်တော့ အံ့ဩသွားဟန်နှင့်. .

"ဟော့. . ချာတိတ် ကားအောက်ဘာဝင်လုပ်နေတာလဲ"

"ဗျာ. . ဟို. . ဟို. . ကျွန်. . ကျွန်တော့်ခွေးလေး ဦးလေး ကားအောက် ရောက်နေလို့ပါ"

"ဩော်. . ခွေးဝင်သွားလို့လား. ."

ဦးဝဏ္ဏ ရဲမိုးပြောတာ ယုံသွားပြီး ကိုယ်ကိုကိုင်း၍ ကား အောက်သို့ ငုံ့ကြည့်လိုက်သည်။ ထိုအခိုက် ဦးအောင်ခိုင် ရုတ်တရက် ပေါ်လာကာ တုတ်နှင့် ဦးဝဏ္ဏခေါင်းကို ရိုက်ချလိုက်လေ၏။

"ဒုတ်!. ."

"အား!. ."

ဦးဝဏ္ဏ ဗိုင်းခနဲလဲကျသွားသည်။ အောင်ခိုင် အချိန်ဆွဲမနေ ဘဲ ဦးဝဏ္ဏ၏ ချိုင်းနှစ်ဖက်ထဲ လက်လျှိုကာ တရွတ်တိုက်ဆွဲ၍ ကား ပေါ်တင်လိုက်၏။ ကားပေါ်ရောက်သည်နှင့် ပါးစပ်ကိုတိပ်နှင့်ကပ် လက်ပြန်ကြိုးတုတ်လိုက်ကြသည်။ ထိုလုပ်ရပ်ကိုတော့ အာကာမိုးက အားကြိုးမာန်တက် ကူညီပေး၏။ ဦးဝဏ္ဏ မလှုပ်နိုင်တာသေချာမှ ကားပြန်ကွေ့ကာ အိမ်သို့မောင်းကြတော့သည်။

ခြံထဲရှိ ထင်းရုံရှေ့သို့ ကားကိုမောင်းဝင်လိုက်သည်။ ထင်း ရုံထဲ၌ ဦးဝဏ္ဏကို ထိုင်ခုံတစ်လုံးတွင် ကြိုးဖြင့်တုပ်ထားလိုက်သည်။ ဒါတောင်သတိရမလာသေးသည့်အတွက် အာကာမိုးက ရေတစ်ပုံး သွားခပ်ပြီး ဦးဝဏ္ဏအား ပက်လိုက်သည်။ ထိုလုပ်ရပ်အတွက် ဖွင့် တ ညီငယ်ခေါင်းကိုပွတ်သပ်ကာ ချီးကျူးလိုက်သည်။

"သားငယ်က သိပ်တက်ကြွပြီး သိပ်တော်တာပဲကွာ၊ တ



www.burmeseclassic.com

www.burmeseclassic.com



ကယ့် နတ်လက်အဖွဲ့သားတစ်ယောက်ပဲ"

အဖေ၏ ချီးကျူးစကားကြောင့် . . အာကာမိုး မြောက်ကြွမြောက်ကြွဖြစ်သွားကာ ရဲမိုးအား အထင်သေးသလိုမျိုး လှမ်းကြည့်ပြီး ရင်ကော့နေ၏။ ရေအအေးဓာတ်ကြောင့် ဦးဝဏ္ဏလည်း သတိရလာကာ သူ့အခြေအနေသူ ပြန်သုံးသပ်မိသည်။ ထို့နောက် ရှိသမျှအားနှင့် ရုန်းကန်တော့သည်။ သို့သော် အားကုန်တာသာ အဖတ်တင်နေတော့၏။

ဦးအောင်ခိုင်ကတော့ သူယုံကြည်ကိုးစားသည့် နတ်များကိုတိုင်တည်ကာ ဦးဝဏ္ဏအား ထိတွေ့ကိုင်တွယ်ခြင်းဖြင့် မိစ္ဆာဟုတ်မဟုတ် အတည်ပြုရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ လက်အိတ်ကိုချွတ်လိုက်ပြီးသည်နှင့် ဦးအောင်ခိုင်မှာ ဦးဝဏ္ဏထံ တရွေ့ရွေ့တိုးကပ်သွားတော့သည်။

ဦးဝဏ္ဏ၏ပခုံးကို လှမ်းကိုင်လိုက်သည်။ ဦးအောင်ခိုင် နတ်ပူးသလို တဆတ်ဆတ်တုန်လာသည်။ ဦးအောင်ခိုင့်စိတ်အာရုံထဲ၌ ဦးဝဏ္ဏ၏ပုံရိပ်များကို ပြတ်ပြတ်ထင်ထင်မြင်လာရတော့သည်။

ဘုရားဒကာကျောင်းဒကာ၊ မြို့မျက်နှာဖုံး၊ ဓမ္မာရုံလူကြီး၊ ဆန်စက်နှင့် ပွဲရုံပိုင်ရှင်၊ လယ်ဧကမြောက်များစွာတို့ ပိုင်ဆိုင်သော အရှင်သခင်၏ အတွင်းရေးက လုံးဝညစ်နွမ်းလျက်ရှိသည် . . ။ ဒီလိုလူစားက လူမိစ္ဆာ လူ့အမှိုက်တစ်ယောက်သာဖြစ်သည်။

အဖေမြင်လိုက်ရသည်က . . .

ဦးဝဏ္ဏမှာ တဏှာရမ္မက်ကြီးသောလူဖြစ်၏။ သူက အရွယ်မရောက်သေးသော ဆယ်သုံးလေးနှစ်အရွယ် မိန်းကလေးတွေကိုမှ စည်းရုံးပြီး ဖျက်ဆီးနေသော မုဒိမ်းကောင်ကြီးဖြစ်ကြောင်း မြင်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက်ချင်းဆိုသလို အဖေက. .

"သား. . သားတို့ သူ. . သူလည်း မကောင်းဆိုးဝါးကောင်ပဲ"

ဦးအောင်ခိုင်၏ စွပ်စွဲမှုကြောင့် ဦးဝဏ္ဏတစ်ယောက် ပိုပြီး အထိတ်တလန့်ဖြစ်သွားကာ အပြင်းအထန် ရုန်းကန်တော့၏။

"နတ်မင်းကြီးရဲ့ မြင်နိုင်စွမ်းက အံ့ဩစရာပဲ၊ လူတွေအများကြီးထဲကမှ ဒီလိုမိစ္ဆာတွေကို ရွေးမြင်တတ်တယ်. ."

အောင်ခိုင် ဓားကိုယူလိုက်သည်မို့ ရဲမိုးက. .

"ဖေဖေ. . ဖေဖေ မလုပ်ပါနဲ့တော့၊ ဖေဖေ့ဘဝ နစ်မွန်းသွားလိမ့်မယ်၊ မသတ်ပါနဲ့ အဖေရယ်. . ပြန်လွှတ်ပေးလိုက်ပါ"

"ဘာကွ၊ ဒါ နတ်မင်းကိုယ်စား မကောင်းသူတွေ ရွေးထုတ်ပြီး ဖေဖေတို့အပြစ်ပေးနေရတာကွ၊ ဒါ နတ်မင်းတွေရဲ့ ခုံရုံးကွ. . ၊ မင်းက ငါ့သားမဟုတ်တဲ့အတိုင်းပဲ သွေးကြောင်ရင် ဘေးရှောင်နေလိုက်တော့. . သားရေ"

ဦးအောင်ခိုင် ပေါက်ကွဲသံစဉ်နှင့်ပြောဆိုရင်း ဦးဝဏ္ဏဆိုသူထံပြေးဝင်သွား၏။

"နတ်မင်းတွေလက်က မင်းပြေးလို့ မလွတ်ပါဘူးကွ မိစ္ဆာကောင်ကြီးရ. ."

"ဗွပ်!. ."

"အု!!. ."

ဘယ်ရင်အုံတွင်း အရိုးထိစိုက်ဝင်သွားသည့် ဓားကြောင့် နာကျင်စွာ အော်ဟစ်လိုက်သော်လည်း တိပ်ကပ်၍ ပါးစပ်ပိတ်ထားသည့်အတွက် အသံထွက်သည်ဆိုရုံမျှသာ ထွက်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အလုပ်က မပြီးသေး၊ ဦးဝဏ္ဏ၏ အတ္တဘောကြီးကို သုံးပိုင်းပိုင်းပြီး ပလတ်စတစ်အိတ်ထဲ ထည့်ကြရဦးမည်။

ဦးအောင်ခိုင်က လက်ဆွဲလွှစက်နှင့် ပိုင်းဖြတ်နိုင်အောင် ပြင်ဆင်ပေးသည်။ ပိုင်းဖြတ်ပြီးသော အပိုင်းအစများကို အိတ်ထဲ ထည့်တာယည်း ရဲမိုးပဲ လုပ်ဆောင်ရသည်။

ဒါနှင့်မပြီးသေး. . ညဉ့်နက်သန်းခေါင်အချိန်မတော်မှာ ဒါတွေကို ယူကလစ်တောမှာ သွားပြီးမြှုပ်နှံရဦးမည်။ ပလတ်စတစ်အထုပ်လေးထုပ်လောက် ထုပ်ပိုးပြီးသောအခါ သွေးများ၊ အသားအစ အနများ၊ အဝတ်အစားအပိုင်းအစများပါ မကျန်ရအောင် ရှင်းလင်း သန့်စင်ရသည်။

ညဆယ့်နှစ်နာရီခန့်တွင် သံလက်တွန်းလှည်းလေးပေါ်. . ပလတ်စတစ်ထုပ်များတင်ကာ ပေါက်တူးဂေါ်ပြားအစုံအလင်နှင့် ခြံနောက်ဖေးပေါက်မှထွက်၍ ယူကလစ်တောသို့ ဝင်ခဲ့ကြရပြန်သည်။

ပထမမြှုပ်ခဲ့သော ကျင်းဘေးတွင် နောက်တစ်ကျင်းထပ်တူးဖို့ကတော့ ရဲမိုး၏တာဝန်ပဲဖြစ်လေသည်။ မြန်မြန်ပြီးမှ ကိစ္စပြတ်မှာမို့ ရဲမိုးခပ်သွက်သွက် ကျင်းတူးတော့သည်။ လုပ်သာလုပ်နေရသော်လည်း ရဲမိုးမျက်နှာက မရွှင်ပျ၊ ဒါကို အဖေဖြစ်သူက သတိထားမိသွားပြီး. . .

"အင်း. . သား. . ရဲမိုး ငါတော့မယုံနိုင်စရာတွေ မြင်လိုက်ရတယ်ကွာ၊ ဒီလူက လူယုတ်မာကြီးကွ. . လူမမယ်ကလေးတွေကို လိုက်ဖျက်ဆီးနေတဲ့ မုဒိမ်းသမားကြီး. . သားရဲ့"

အဖေဖြစ်နေ၍ ပြန်မပြောရဲသော်လည်း စိတ်ထဲမှာတော့ အထွန့်တက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း လူသတ်သမားပဲ. . .။

စကားသံအဖြစ် ပြောင်းလဲမလာသည့် မကျေနပ်မှုများကို မျိုချရင်း ရဲမိုး ကျင်းဆက်တူးနေလိုက်၏။ အဖေမြင်တာကို ရဲမိုးမမြင်ရ၍ အဖေ့ကို လူသတ်သမားကြီးဟုသာ သတ်မှတ်ထားလေသည်။

"ကဲ. . မြန်မြန်တူး၊ အဖေ လူရိပ်လူခြေသွားကြည့်လိုက်ဦးမယ်"

အဖေထွက်သွားတာ စောင်းငဲ့ကြည့်ရင်း ရဲမိုး ကျင်းတူးတာ ရပ်၍ ကျင်းဘောင်ပေါ်မှ ညီဖြစ်သူ အာကာမိုးအား. .

"အဖေ လူသတ်သမားဖြစ်နေပြီ၊ ကိုကြီးတို့ ဒီကထွက်သွားရအောင်လား ညီလေးရာ. ."

"ကိုကြီးပြောတာ ညီလေးနားမလည်ဘူး"

ညီဖြစ်သူက နားမလည်သောပုံစံနှင့် ပြန်ပြောနေ၍ ကျင်းပေါ်သို့ ရဲမိုးခုန်တက်လိုက်ပြီး. .

"ကိုကြီးတို့ အဝေးကိုထွက်ပြေးကြမယ်လို့ ပြောတာ. ."

တူးထားသည့် ကျင်းထဲသို့ အလောင်းအပိုင်းအစများ သွန်ထည့်ရင်း ညီအစ်ကိုနှစ်ယောက် အချေအတင် စကားတွေပြောနေကြ၏။

"ခုနေ ထွက်မပြေးရင် တို့ပါ လူသတ်သမားဖြစ်တော့မှာ. . မင်းသေချာစဉ်းစားဦး အာကာ"

"ညီလေး ထွက်ပြေးဖို့ လုံးဝစိတ်ကူးမရှိဘူး. . ကိုကြီး"

"ပြေးမှဖြစ်တော့မယ် ညီလေး. ."

"ဘာဖြစ်လို့လဲ၊ အဖေ့ကိုထားခဲ့ပြီး ဘာကြောင့် ထွက်ပြေးရမှာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး . . အာကာမိုးဘေးသို့ တိုးကပ်သွားပြီး . . .

"မင်း ဒီလောက်တောင် မတွေးတတ်ဘူးလား၊ မင်းတော်တော်တိမ်တဲ့ကောင်ပဲ ဦးနှောက်ကိုမရှိဘူး၊ အခု အဖေဘာလုပ်နေလဲ မင်းတွေ့တယ်မဟုတ်လား၊ အဖေ လူတွေ လိုက်သတ်နေတာသိရဲ့လား အာကာ. ."

အာကာမိုး ခေါင်းခါပြရင်း. .

"မဟုတ်ဘူး. . မဟုတ်ဘူး၊ အဖေက မကောင်းးဆိုးဝါးမိစ္ဆာတွေကို နှိမ်နင်းနေတာပါ. .၊ အဖေမြင်ရသလို ညီလေးလည်း မြင်နေရတယ်၊ ကိုကြီး မမြင်ရဘူးလား. . ."

"ဘာမှမမြင်ပါဘူးကွာ၊ အဖေမြင်တယ်ဆိုတာလည်း မင်းကိုလိမ်နေတာ၊ မင်း. . အလိမ်ခံနေရတာ၊ အလကား. . မင်းလည်း အဖေကဒါဆို. . ဒါလိုက်ပြောတဲ့ကောင်"

အာကာမိုး. . ရဲမိုးကို သေချာကြည့်လိုက်၏။ ပြီးမှ. .

"ညီလေး တကယ်မြင်ရတာပါ၊ အဖေ ညီလေးကိုမလိမ်ဘူး၊ အဖေသူတို့ကို ထိကြည့်တဲ့အချိန်မှာ. . တစ်ခုခုကို မြင်နေရတာ ညီလေး အသိဆုံးပါ. . ."

"မဟုတ်ဘူး ညီလေး၊ အဖေက မင်းဦးနှောက်ထဲကို အယူဝါဒအမှားတွေ သွတ်သွင်းပြီး မှိုင်းတိုက်နေတာ. .၊ ဒါတွေက အကြီးအကျယ်လိမ်လည်ထားတဲ့ လုပ်ဇာတ်ကြီးပဲ"

ရဲမိုး ဘယ်လောက်ပြောပြော အာကာမိုး ခေါင်းခါနေဆဲ. .

"အဖေ လူလိုက်သတ်နေတာကို ငါတို့ဝိုင်းကူညီနေရသလိုဖြစ်နေပြီကွ. . မင်းငရဲကို သွားချင်လို့လား"

"မဟုတ်ဘူး. .၊ ညီလေးတို့အားလုံးဟာ နတ်မင်းရဲ့တမန်



www.burmeseclassic.com

www.burmeseclassic.com



တော်တွေ. .၊ ကိုကြီးပြောတာတွေ တော်တော့နော်၊ ကိုကြီးကို အဖေနဲ့ တိုင်ပြောလိုက်ရမလား"

အာကာမိုး တိုင်ပြောမည် ခြိမ်းခြောက်ပြီး အဖေ့နောက် လိုက်သွားသဖြင့် ရဲမိုးရင်ထဲ မကောင်းဖြစ်သွားရသည်။ စိတ်မပါသော်လည်း လုပ်စရာရှိတာတွေ ပြီးအောင်ဆက်လုပ်ပြီး ကျင်းကို မြေပြန်ဖို့ လိုက်ရ၏။

နဖူးကချွေး ခြေမကျအောင်လုပ်နေရသော အလုပ်က အကုသိုလ် ဒုစရိုက်မှုဖြစ်နေ၍ ရဲမိုး လွန်စွာပင် ယူကျုံးမရဖြစ်နေရသည်။ သူတစ်ယောက်တည်း ကိုယ်လွတ်ရုန်းလျှင် ဖြစ်သော်လည်း ညီငယ်ကို အဖေ့လက်ထဲမှာ တစ်ယောက်တည်း မထားခဲ့ရက်၍. . စိတ်ဒုက္ခရောက်နေရခြင်းလည်းဖြစ်၏။ ဖြစ်လာသမျှ ခါးစည်းခံရင်း မီးစင်ကြည့်ကရန်သာ ရဲမိုးဆုံးဖြတ်လိုက်တော့၏။

xxxxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ပင်ပန်းလှသဖြင့် ရဲမိုးနှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ အချိန်က မနက်(၅)နာရီခန့်ရှိနေပြီ။ ထိုအချိန်တွင် ရဲမိုးတို့ညီအစ်ကို အိပ်နေသော အခန်းတံခါးပွင့်လာ၏။ ဝင်လာသူက အသံမပေးဘဲ ရဲမိုးပခုံးကို လှုပ်နှိုးလိုက်၏။ အိပ်ချင်မူးတူးနှင့် မျက်လုံးဖွင့်ကြည့်တော့ အဖေဖြစ်နေသည်။

"ဟင်!. ."

ဦးအောင်ခိုင် လက်ယပ်အချက်ပြကာ အခန်းအပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၏။ ရင်မဆိုင်လျှင်လည်း ပြီးမှာမဟုတ်၍ ရဲမိုးအိပ်ရာထက်မှဆင်းကာ အဖေ့နောက်သို့ လိုက်သွားသည်။ အဖေထိုင်နေသော ထမင်းစားပွဲသို့ လျှောက်သွားကာ စားပွဲနားအရောက် မတ်တပ်ရပ်နေမိသည်။

"ထိုင်ဦး. ."

ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ အဖေက သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်ရင်း. .

"ညက မင်းညီငါ့ကိုအကုန်ပြောပြတယ် ရဲမိုး"

ရဲမိုးမှာ ပြောစရာဘာစကားမှမရှိ၍ အသာငြိမ်နေလိုက်၏။ ဖခင်ကို မျက်လုံးချင်းမဆိုင်ဝံ့၊ အာကာမိုး သူ့အကြောင်း အဖေကို တိုင်လိုက်ပြီမှန်း သိလိုက်ရပြီ။

"အဖေ့ ဘဝတစ်လျှောက်လုံး လူမသတ်ခဲ့ဖူးဘူးဆိုတာ မင်းနားလည်စေချင်တယ်"

"ဒါဟာ အဖေလိမ်တာပဲ၊ အရင်ကမသတ်ခဲ့ဘူး. . ဟုတ်ပြီ အခုကျတော့ ဘာလို့သတ်ရတာလဲ"

ရဲမိုးက အဖေနှင့် ထိပ်တိုက်တွေ့ရန် ဆုံးဖြတ်ပြီး အိမ်မှနှင်ထုတ်ခံရရန် မျှော်လင့်ချက်ဖြင့် အမှန်တွေကို ထုတ်ဖော်ပြောလိုက်၏။ အဖေ့မျက်နှာ အတော်ပျက်သွား၏။

"လာ. . မင်းငါ့နောက်လိုက်ခဲ့ဦး"

ဖခင်က ရဲမိုးအား ခြံနောက်ဘက်မြေပြင်သို့ခေါ်သွားသည်။ ထင်းရုံထဲ အဖေတစ်ယောက်ထဲဝင်သွားပြီး ပြန်ထွက်လာတော့ လက်ထဲ၌ ဂေါ်ပြားတစ်လက်ပါလာသည်။ အဖေ ဘာတွေလုပ်နေသလဲဆိုတာ အခုထိ ရဲမိုးနားမလည်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှ ကျင်းတစ်ကျင်းတူးရမယ်. . အနက် (၁၀)ပေနဲ့ အလျား၊ အနံ (၁၅) ပေစီရှိတဲ့ လေးထောင့်စပ်စပ် ကျင်းတစ်ကျင်း ကို ငါလိုချင်တယ် ရဲမိုး"

"ဗျာ. ."

"မင်းငါပြောတာ မကြားဘူးလား"

လက်ထဲမှဂေါ်ပြားအား သူ့ရှေ့လှမ်းပစ်လိုက်ရင်း အဖေ ပြောလေ၏။

"ဘာအတွက်လဲ. . ဘာကြောင့်လဲ၊ ကျွန်တော့်ကိုဘာလို့ ဒီလိုတွေလုပ်ခိုင်းနေရတာလဲ အဖေ"

အဖေက ခါးထောက်ကာ သူ့ကိုကြည့်ရင်း. .

"ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မင်းအဖေဖြစ်နေလို့ပဲ၊ မင်း ကိုငါဘာခိုင်းခိုင်း မင်းလုပ်ရလိမ့်မယ်. . ငါပြောတာနားလည်လား၊ မင်းဒီအရွယ်အထိ လူလားမြောက်အောင် ငါပြုစုပျိုးထောင်လာတာ ကွ၊ ဟော့ကောင်ရဲမိုး. . ငါအခု အပြင်သွားမယ် ပြန်လာတဲ့အချိန် ကျမှ မင်းနားရမယ်"

အဖေ့အသံက အတော်မာနေ၏။

"အဖေ. . သား မလုပ်နိုင်ဘူး"

"ထပ်မပြောနဲ့ ငါခိုင်းတဲ့အတိုင်းသာလုပ်"

ဦးအောင်ခိုင်ပြောပြီး လှည့်ထွက်သွားတော့သည်။

မထူးတော့ပြီမို့ ရဲမိုး သူ့ဒေါသတွေကို ဂေါ်ပြားထဲထည့်ပြီး မြေကြီးကို ထိုးခွဲလိုက်တော့၏။

နာကျည်းစိတ်၊ မခံချင်စိတ်နှင့် ဒေါသတို့ သုံးပင်ပေါင်းမိထား သည့်အားများနှင့် အမုန်းတရားကို ဖေါက်ခွဲပစ်လိုက်တော့ မြေကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ မွစာကျဲသွားသည်။ မျက်ရည်နှင့် ချွေးတို့ရောစပ်ကာ ပထဝီမြေကြီးကို အဟာရဖြည့်ပေး၏။ မနားတမ်းဆက်တိုက် တူးဆွနေသော်လည်း (၁၅)ပေပတ်လည်နှင့် ဆယ်ပေအနက်ရှိ ကျင်းကတော့ အလှမ်းဝေးလျက်ပင်ရှိသေးသည်။

ကျင်းတူးနေတာ တစ်နာရီခန့်ရှိတော့. . ရဲမိုးလက်တွေ မမြှောက်နိုင်လောက်အောင် လက်ပန်းကျလာသည်။ တူးလက်စကျင်းထဲ ရဲမိုး ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

"ဒီလိုလုပ်ခိုင်းတာ အဖေ့အတွက်လား၊ နတ်တွေအတွက်လား. . . ဒါတွေအားလုံးက ငါ့အလုပ်တွေမှ မဟုတ်ဘဲ. . "

ရဲမိုးတွေးကာ သက်ပြင်းရှိုက်မိသည်။ ထိုစဉ်. . ကျင်းဝမှာ ပေါ်လာသူက ရေသန့်ဘူးနှင့် ညီငယ်ပင်ဖြစ်သည်။

"ကိုကြီး ပင်ပန်းနေပြီလား၊ ရော့ ရေသောက်လိုက်ဦး. . "

ညီဖြစ်သူကို မကျေမနပ်ဖြစ်နေသော်လည်း ခုချိန်မှာ ရေက အလိုအပ်ဆုံးဖြစ်နေသည်မို့ ရဲမိုး လှမ်းယူပြီး မော့သောက်လိုက်ရသည်။

"ဟာ!. . "

ပင်ပန်းသမျှတွေ ခနတာလေးတော့ ပြေပျောက်သွားစေ၏။ ကျင်းနှုတ်ခမ်းတွင် ကျုံ့ကျုံ့လေးထိုင်ကာ အာကာမိုးက. .

"အဖေ့ကို တိုင်လိုက်မိတဲ့အတွက်. . တောင်းပန်ပါတယ် ကိုကြီးရယ်"

ရဲမိုး အမောဖြေရင်း အာကာ့ကို မော့ကြည့်ကာ. .

"ငါတို့ ထွက်ပြေးကြမယ့်ကိစ္စကိုရော မင်းပြောလိုက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . အဲဒါတော့မပြောဘူး. . ကိုကြီး"

"ဒါဆို ဒို့တွေ အတူတူထွက်ပြေးကြမယ်ပေါ့. . အဲ့ဒီလိုလား၊ မင်းလက်ခံလိုက်ပြီလား"

အာကာမိုး ခေါင်းခါပြရင်း. .

"ညီလေးမှာ ထွက်ပြေးဖို့ လုံလောက်တဲ့အကြောင်းပြချက်မှ မရှိတာ. ."

"အဖေဟာ လူသတ်သမားဖြစ်နေပြီ. .၊ အဲဒါနဲ့တင် မလုံလောက်သေးဘူးလား ညီလေး"

"မဟုတ်ဘူး အဖေက အဲဒီလိုလူစားမျိုးမဟုတ်ဘူး၊ နတ်မင်းကြီးခိုင်းတာ လုပ်နေတာပါ. . "

အာကာမိုးက လေသံကို လျှော့ချလိုက်ပြီး. .

"တိုင်ပြောခဲ့တဲ့အတွက် ရှိခိုးတောင်းပန်ပါတယ် ကိုကြီးရယ်၊ ကိုကြီး ခုလိုဒုက္ခရောက်အောင် ညီလေး တမင်ချောက်တွန်းခဲ့တာမဟုတ်ပါဘူး၊ ကိုကြီး အိမ်ကထွက်မသွားအောင်လို့ ညီလေး. . အဖေ့ကို ပြောပြလိုက်မိတာပါ၊ ကိုကြီးအခုလည်း အိမ်ကထွက်သွားဖို့ စဉ်းစားနေတုန်းပဲလား. . "

ရဲမိုးက သူ့ညီကိုမော့ကြည့်လိုက်သည်။ ပြီးမှ. .

"အခုငါ့ကို ဒီကျင်းကြီးတူးခိုင်းတာဘဲကြည့်လေ၊ ငါမလုပ်နိုင်ပါဘူးလို့ ပြောတာကို အတင်းလုပ်ခိုင်းတယ်၊ သားသမီးပေါ်မှာထားတဲ့မေတ္တာက ဒါပဲလားကွ၊ သူလုပ်ချင်တာကိုဘဲ ငါတို့က ဇွတ်လုပ်ပေးနေရတယ်၊ မင်းလည်းမထူးပါဘူးကွာ. . သွားပါတော့ ငါ့ကို ဒုက္ခပေးတဲ့ကောင်. .၊ ငါ့ဘာသာတစ်ယောက်တည်း နေပါရစေ"

အာကာမိုးက ထမသွားသေးဘဲ. .



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ကို ပြန်မပြောဘူးဆိုရင် ညီလေးကူတူးပေးမယ်လေ"

"ငါ့ဘာသာတစ်ယောက်တည်းလုပ်မယ် မင်းအကူအညီ မလိုဘူး၊ သွား. . သွားစမ်းပါကွာ"

စိတ်မရှည်တော့သည့် ရဲမိုးက မြေစိုင်ခဲတစ်ခဲနှင့် ပစ်ပေါက်လိုက်မှ အာကာမိုး ထွက်ပြေးသွားတော့၏။ စိတ်တိုတိုနှင့် ရဲမိုးဆက်ပြီး တူးဆွနေလိုက်သည်။ တကယ်တော့ ရဲမိုး ဒီမှာမနေချင်တော့၊ ဒီနေရာမှ ဝေးသထက်ဝေးရာသို့ ထွက်ပြေးချင်တာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း စိတ်ရှုးပေါက်နေသည့် အဖေ့လှည့်ဖြားမှု အောက်မှာ အာကာ့ကိုထားခဲ့ရမှာလည်း စိတ်မချဖြစ်နေ၏။

ထို့ပြင် ထွက်ပြေးဖို့စိတ်ကူးနေသည့်တိုင် ဘယ်ကိုပြေးရမှန်း မသိတာကလည်းတစ်ကြောင်းမို့ ခုလိုဆက်ပြီး အပင်ပန်းခံနေရခြင်းဖြစ်သည်။ အမေ့အမျိုးတွေ ရန်ကုန်မှာနေသည်ဟု ကြားဖူးသော်လည်း လိပ်စာအတိအကျမသိ။ ဒီတော့လည်း လူသတ်မှုမှာ ပူးပေါင်းကြံစည်သူအဖြစ် အဖမ်းမခံရမခြင်း အဖေ့လက်အောက်မှာပဲ ဆက်နေရပေတော့မည်။

ထိုနေ့က အဖေ ညနေ(၅)နာရီလောက်မှ ပြန်လာ၍ ထိုအချိန်မှ အလုပ်သိမ်းရသည်။ ကျင်းက သုံးပုံတစ်ပုံပင် မပြီးသေး။ အလုပ်နားပြီး ရေချိုးတော့ လက်နှစ်ဖက်လုံး ပေါက်ပြဲပြီး မကွေးနိုင် မဆန့်နိုင်ပင် ဖြစ်နေတော့သည်။ လက်မှဒဏ်ရာများကို ကြည့်ပြီး ရဲမိုး မျက်ရည်ပေါက်ပေါက်ကျမိသည်။

ရေချိုးအဝတ်အစားလဲအပြီး ထမင်းစားခန်းအဝင်၌ ထိုင်ခုံကြည့်ရင်း နောက်ပြောင်ရွှင်မြူးနေကြသော အဖေနှင့်ညီလေးကို တွေ့တော့ ရင်နာမိသေးသည်။ ထမင်းကိုလက်ဖြင့် ယူမစားနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



၍ ဇွန်းအကူအညီ ယူကြည့်သော်လည်း ဇွန်းကိုပင် မကိုင်နိုင်၍. . မျက်ရည်ဝဲလာရသည်။ ထမင်းဟင်းတွေကို ဒီအတိုင်းကြည့်ရင်း ရဲမိုး ငိုင်တွေနေမိသည်။ ထိုစဉ် စားပွဲပေါ် အရိပ်မိုးလာ၍ ကြည့်လိုက်ရာ အဖေဖြစ်နေသည်။

"ကျောင်းကလည်း မပြီးသေးပါလားကွ၊ တစ်နေကုန်မင်း ဘာလုပ်နေတာလဲ၊ အလုပ်မလုပ်ဘဲ အချောင်ခိုနေတယ်ပေါ့"

ရဲမိုး ဝမ်းနည်းသွားကာ ခေါင်းငုံ့ထားရင်း. .

"မနက်ကျရင် ထပ်တူးပေးမှာပါ"

"အင်း. . . ဒီလိုတော့လည်း မဆိုးပါဘူး၊ မင်းနဲ့လည်း ရန်မဖြစ်ချင်တော့ဘူး၊ မင်းကိုနာကျင်အောင် လုပ်ဖို့လည်း ငါ့မှာရည်ရွယ်ချက်မရှိဘူး၊ ဒါကိုတော့ မင်းနားလည်စေချင်တယ် ရဲမိုး"

ရဲမိုးက ဇွန်းကိုပြန်ကောက်ယူ၍ ထမင်းစားဖို့ကြိုးစားသည်။ သူ့လက်များက ပုံမှန်မဟုတ်။ ဒါကို အဖေသတိပြုမိသွားသည်။

"မင်းလက်တွေ ဘာဖြစ်နေတာလဲ. ."

မာနနှင့် အရှုံးမပေးလိုစိတ်ကြောင့် ရဲမိုးလေသံတင်းတင်းဖြင့် ပြန်ပြောလိုက်သည်။

"ဘာမှမဖြစ်ဘူး"

အသံက ငိုသံပါကြီးနှင့် ဖြစ်နေ၏။

"မဟုတ်သေးပါဘူး၊ ပြစမ်း မင်းလက်ကို. ."

"ဘာမှမဖြစ်ပါဘူးဆို"

"ပြစမ်းပါကွာ. ."

အဖေက သူ့လက်များကို အတင်းဆွဲယူကြည့်သည်။

ထိုအခါ ဖဝါးပြင်မှ ပေါက်ပြဲဒဏ်ရာများကို အဖေတွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



၏။

"မင်း ဒီနေ့အလုပ်လုပ်တာ လက်အိတ်မစွပ်ဘူးလား. ."

"ကျွန်တော့်အတွက်တော့ ဒါတွေမလိုပါဘူး၊ အဖေမွေးထားတဲ့သားပဲ. . အဖေခိုင်းတာ အကုန်လုပ်ရမှာပေါ့"

တမင်တင်း၍ ပြောလိုက်သည့်လေသံမှာ ရှိုက်သံတို့ စွန်းထင်းနေ၏။ အဖေဘာမှ ဆက်မပြောဘဲ ထွက်သွားသည်။ ချက်ချင်းပင်ပြန်ရောက်လာပြီး သောက်ဆေးတစ်ပြားနှင့် လူးဆေးဘူး ထမင်းစားပွဲပေါ် လာချပေးသည်။ ဖခင်၏ဂရုတစိုက်အပြုအမူကြောင့် ရဲမိုးပို၍ဝမ်းနည်းသွားရသည်။

"ကျွန်တော် ကောင်းပါတယ်ဗျ"

"ထမင်းစားပြီးရင် ဆေးလူးဆေးသောက်ပြီးမှအိပ်. . နာကျင်ကိုက်ခဲတာတွေ သက်သာသွားလိမ့်မယ်. . သား"

မခံချင်စိတ် ခေါင်းမာမှုတို့ ထုတ်ဖော်ပြသသည့်အနေနှင့် အဖေ့ကို စူးစူးရဲရဲကြည့်မိတော့သည်။

ထိုညက အိပ်ရာဝင်တော့လည်း မရှိတော့သည့် အမေ့ကို တမ်းတကာ ရှိုက်ကြီးတငင်ငိုကြွေးမိသည်။ ငယ်ဘဝပုံရိပ်များ ပြန်စဉ်းစားကြည့်ရာ မိသားစုပျော်ရွှင်ရသည့် မှတ်တမ်းက ဝေဝါးလွန်းနေသည်။ အဖေနှင့်အမေက အမြဲလို ရန်ဖြစ်နေသူများဖြစ်သည်။ အဖေက အမေ့ကိုအမြဲတမ်း ပြဿနာရှာတတ်၏။

အလုပ်ကပြန်လာလျှင် သူ မထင်ရင်မထင်သလို ပန်းကန်များခွဲကာ၊ ထမင်းအိုးပါမကျန် ကန်ကျောက်ပစ်၏။ အမေချက်သည့်ဟင်း စားမကောင်းလျှင်လည်း စားနေသောပန်းကန်တို့လွှင့်ပစ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့နှိပ်စက်မှုကို ကာလကြာရှည်စွာ ခံစားခဲ့ရသည့် အမေမှာ စိတ်ဆင်းရဲသည့်ဒဏ်ကို မခံစားနိုင်တော့သဖြင့် အဆိပ်သောက်ကာ လူ့လောကကြီးကို စောစောစီးစီးစွန့်ခွာသွားခဲ့သည်။

အမေ့ကိုသတိရရင်း အတိတ်အကြောင်းတွေ တွေးကာ ပင်ပန်းလွန်းသည့်ဒဏ်ကြောင့် မျက်ရည်မခြောက်ခင်မှာပင် ရဲမိုးအိပ်ပျော်သွားတော့၏။ သူ့အဖေရောက်လာပြီး စောင်ခြုံကာ ခြင်ထောင်ထောင်ပေးသွားသည်ကိုတော့ ရဲမိုးမသိရှာတော့။

xxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ဒီနေ့လည်း ရဲမိုးတစ်နေကုန် တူးနေရ၏။ ထိုစဉ် သူ့ခြေရင်းသို့ လက်အိတ်ဟာစ်စုံ ကျလာသည်။ မော့ကြည့်တော့ အဖေဖြစ်နေ၏။ ဘာစကားမှမပြောဘဲ လှည့်ထွက်သွားသည်။ ရဲမိုးကလည်း ခေါင်းမာသည့် လူစားပဲဖြစ်၏။ လက်များ ပေါက်ပြဲနေသည့်ကြားမှ လက်အိတ်မစွပ်ဘဲ ဆက်တူးနေ၏။

ဒီလိုနှင့် ရဲမိုး မိုးလင်းမိုးချုပ် မြေကျင်းတူးလာတာ (၅)ရက်တိုင်လာခဲ့ပြီ။ (၆)ရက်မြောက်တူးသည့်အချိန်၌ တွင်းက အတော်



www.burmeseclassic.com

www.burmeseclassic.com


နက်လာပြီဖြစ်သလို အထဲတွင်လည်း မှောင်လာပြီဖြစ်သည်။ အဖေ့နတ်ဆိုးများအပေါ် အမုန်းတရားကလည်း ပိုပြီးနက်ရှိုင်းလာခဲ့သည်။ ထိုအချိန်တွင် ကျင်းအခြေအနေကို အဖေလာကြည့်၏။ ကျင်းအနေအထားကိုကြည့်ပြီး အဖေ့မျက်နှာ ဝင်းလက်သွားသည်။

"ကောင်းတယ်. . ငါ့သားကြီးတော်တယ်ကွာ၊ ဒါကြီးကိုပြီးအောင် မင်းလုပ်နိုင်ခဲ့ပြီပဲ၊ ငါမင်းကို ဒီလောက်လုပ်နိုင်လိမ့်မယ်လို့ မထင်ထားဘူး၊ ဩော်. . မင်းက ငါ့အတွက်တော့ သူ့ရဲ့ကောင်းကြီးဖြစ်သွားပြီပေါ့ကွာ"

ရဲမိုးဘာမှပြန်မပြောဘဲ သူတူးထားသည့် တွင်းကိုသာ ငုံ့ကြည့်နေလိုက်၏။

"လောကကိုရင်ဆိုင်ဖို့ မင်းမှာ အရည်အချင်းတွေရှိနေပါပြီ"

"ကျွန်တော်တော့ မထင်ဘူး"

အဖေက သူ့ကိုဆတ်ခနဲ လှည့်ကြည့်၏။ သို့သော်. . အပြစ်စကားတော့ မပြော။

"ဒီပေါ်မှာ ဂိုထောင်တစ်လုံးဆောက်မယ် ဒီကျင်းကတော့ မြေအောက်ခန်းပေါ့. . "

ထို့နောက်မှာတော့ အဖေက သူပြောသည့်အတိုင်း လုပ်ဆောင်တော့သည်။ တူးထားသည့် မြေကျင်းနံရံများ ခိုင်ခန့်သွားအောင် လေးပတ်လည်သစ်သားကိုင်များနှင့် ထိန်းကွပ်ချုပ်နှောင်သည်။ ထိုတိုင်များပေါ်တွင် တန်းများပြေးသည်။ ဆင့်တန်းများပေါ်မှာ ပျဉ်ခင်းသည်။ ထိုသို့ဆောက်လုပ်ခြင်းကို ရဲမိုးတို့ ညီအစ်ကိုနှင့်သာ ဖြစ်အောင်လုပ်ဆောင်သည်။

ဆောက်လုပ်နေရင်း ရဲမိုးကောင်းစွာ သူ့ဘောပေါက်လိုက်


www.burmeseclassic.com

www.burmeseclassic.com


သည်က အဖေဆောက်နေသော အဆောက်အအုံမှာ အကျဉ်းသား များအတွက် မြေအောက်အကျဉ်းစခန်းတစ်ခုဖြစ်သည်ဆိုတာပဲ ဖြစ်၏။

"ဒီအဆောက်အအုံက လူသတ်ဖို့အတွက်များလား"

ဟု ရဲမိုးတွေးမိသည်။

အကျဉ်းသား ဆိုတာကလည်း အဖေ့မှတ်စုစာအုပ်စာရင်း ထဲမှ မိစ္ဆာဟု နာမည်စာရင်းသွင်းထားသော လူများသာဖြစ်ရမည်။ မြေအောက်ခန်းနှင့် အပေါ်တွင် ဂိုထောင်တစ်လုံးဆောက်ပြီးနောက်၊ အပေါ်နှင့်အောက်ကို အံဖုံးတံခါးပေါက်၊ လှေကားတို့နှင့် ဆက်သွယ် ထားလိုက်သည်။ မူလထင်းရုံလေးက ကျဉ်းသောကြောင့်. . . ဤ အဆောက်အအုံကို ဆောက်လုပ်ပြီး မိစ္ဆာသုတ်သင်ရေးကို ဆက် လုပ်တော့မည်လည်းဖြစ်သည်။

ထိုနှစ်ထပ်အဆောက်အအုံကို အပြီးဆောက်ရတာ တစ် ပတ်ခန့်ကြာခဲ့သည်။ အားလုံးပင်ပန်းကြသော်လည်း အပင်ပန်းဆုံး က ရဲမိုးသာဖြစ်သည်။ သူက မြေအောက်ခန်းဖြစ်လာမည့် နေရာ တစ်ခုလုံးကို တစ်ယောက်ထည်း လုပ်ဆောင်ခဲ့ရသည် မဟုတ်လား။

ထို့အတွက် အဖေက ချီးကျူးစကားဆိုခဲ့သော်လည်း ရဲမိုးက ဂျစ်ကန်ကန်နှင့်ပင် တုံ့ပြန်ခဲ့သည်။ နောက်ဆုံးအနေနှင့် အဖုံးတံခါး ကို စက်သီးတပ်ကြိုးဖြင့် အဖွင့်အပိတ် လုပ်နိုင်ရန် ဆောင်ရွက်အပြီး လုပ်ငန်းများကို အဆုံးသတ်လိုက်တော့၏။

နောက်နေ့ညမှာတော့ ဦးအောင်ခိုင် လူရွယ်တစ်ယောက် ကို ထပ်ဖမ်းလာပြန်သည်။

သူတို့ညီအစ်ကိုနှစ်ယောက်ကို မြေအောက်ခန်းသို့ခေါ်ကာ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထုံးစံအတိုင်း ပါးစပ်ကိုတိပ်ကပ်၍ ကြိုးတုပ်ခံထားရသော လူရွယ်တစ်ယောက် မြေအောက်ခန်းထဲ ရောက်နေသည်။

"ဒီကောင်. . မူးယစ်ဆေးဝါးရောင်းတဲ့ကောင်ကွ၊ သူ့ကိုမိအောင် အဖေအချိန်တော်တော် ပေးခဲ့ရတာ၊ လူတွေကို မကောင်းမှုဒုစရိုက်ကျူးလွန်အောင် အားပေးအားမြှောက် ဒီကောင်လုပ်နေတာလို့ နတ်မင်းကြီး ညကငါ့ကိုပြောပြတယ်. . သား"

အဖေကပြောရင်း မြေအောက်ခန်း နံရံဆီလျှောက်သွားကာ မိစ္ဆာရှင်း လက်နက်များထဲမှ ပုဆိန်ကို ရွေးချယ်ဖြုတ်ယူလိုက်သည်။ ဦးအောင်ခိုင် ရဲမိုးထံ ဦးတည်လျှောက်လာနေ၏။ သူ့ရှေ့မှာရပ်ရင်း ပုဆိန်ကို လှမ်းပေးသည့်အချိန်တွင်. . ရဲမိုး မျက်လုံးတွေပြူးကျယ်အောင် ထိတ်လန့်သွားရတော့သည်။

"ရော့ ဒီမိစ္ဆာကို မင်းပဲရှင်းလို. .တော့ကွာ"

အဖေကိုယ်တိုင် လူသတ်ရုံမက သားတွေကိုပါ လူသတ်သမားဖြစ်အောင် လုပ်နေတာကို ရဲမိုး လုံးဝမခံစားနိုင်တော့။ ရဲမိုး. . လဲနေသူကိုကြည့်ပြီး အကြောက်လွန်ကာ ဒူးတွေ တဆတ်ဆတ်တုန်လာသည်။ ချုပ်နှောင်ခံထားရသူက. .သ်း သူတို့ သားအဖအား မျက်လုံးပြူးကြီးများနှင့်ကြည့်ရင်း ခေါင်း. .မ်းရမ်း တောင်းပန်နေရှာသည်။

အဖေက ရဲမိုးကိုတစ်လှည့် ပုဆိန်ကိုတစ်လှည့် မိစ္ဆာဆိုသည့် လူကိုတစ်လှည့်ကြည့်ကာ သုတ်သင်လိုက်ဖို့ မေးဆတ်ပြ၍ အမိန့်ပေးနေလေပြီ။

အဖေကပြောတော့ မကော. .ဆေးဝါးတဲ့. .၊ သူ့မျက်လုံးထဲမှာတော့ လူသားတစ်ယောက်ဟုသာ ရဲမိုးမြင်နေရသည်။ သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တွင် လူမသတ်ဖူးခဲ့..၊ သတ်ဖို့ကိုလည်း သူဘယ်တော့မှလုပ်မည် မဟုတ်..။ ထို့ကြောင့် ရဲမိုး သက်ပြင်းရှိုက်လိုက်ပြီး ပုဆိန်ကို လှမ်း ယူမလိုလိုနှင့် ဟန်ပြင်ရင်း မြေအောက်ခန်း လှေကားထစ်များအ တိုင်း တက်ပြေးလေတော့သည်။

"ဟာ..ဟေ့ကောင် ရဲမိုး၊ လာ..လာခဲ့စမ်း ပြန်လာခဲ့"

အဖေက ပုဆိန်တစ်ဖက်နှင့် မမှီမကမ်း လှမ်းဆွဲသေး၏။ ရဲမိုး လုံးဝအမိမခံဘဲ အသည်းအသန် တက်ပြေးလာခဲ့သည်။ ညအ မှောင်ထုထဲ ရဲမိုးတစ်ယောက်တည်း ပြေးနေ၏။

ဒီညဟာ အဆုံးသတ်ညပေပဲလား၊ သူ့အား အဖေက ပြန် ဖမ်းမှာလား၊ နတ်တွေပဲ ထွက်လာပြီး သူ့ကိုဖမ်းလေမလား..။

ဖမ်းချင်တဲ့သူဖမ်း သူကတော့ ပြေးဖို့ပဲရှိတော့သည်။ ပြေး ရင်းနှင့် မီးလင်းနေသော အိမ်တစ်အိမ်ရှေ့ ရဲမိုးရောက်သွား၏။ ထိုအိမ်က ဦးမြဒင်၏အိမ်လေးဖြစ်၏။ ပဲခူးလမ်းပေါ်တွင် လေထိုး ကျွတ်ဖာလုပ်ရင်း ဘဝကို တစ်ယောက်တည်း ရုန်းကန်နေသူလည်း ဖြစ်သည်။

"အဘ..အဘ..."

"ဘာလို့စွတ်အော်နေတာလဲ ရဲမိုးရ"

ရဲမိုးက အဖြစ်အပျက်များကို အတိုချုံးရှင်းပြလိုက်သည်။ ဦးမြဒင် အိပ်ချင်ပြေသွား၏။

မယုံသင်္ကာဟန်နှင့် ရဲမိုးအားကြည့်ရင်း ..

"ဟုတ်လို့လားကွာ... ငါမူခင်းဂျာနယ်တွေ အမြဲဖတ်အော တောင် ဒီလောက်မိုက်မဲတဲ့ အမှုမျိုးမဖတ်မိဘူး၊ မကြားမိဖူးပါဘူး"

ဦးမြဒင်က လက်ကာပြပြီး သူ့ဖုန်းကိုထုတ်၍ ဖုန်းခေါ်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်သည်။

"အဘ ဘယ်ဆက်မလို့လဲ"

"မင်း အဖေဆီ ဖုန်းခေါ်မလို့လေ"

"အဘ ဘာလို့ဆက်မှာလဲ"

"မဆက်လို့ဖြစ်မလားကွ၊ ညကြီးအချိန်မတော် အိမ်မှာမနေဘဲ မင်းက အပြင်တွေလျှောက်ထွက်နေတာကိုး၊ ပြီးတော့ မင်းကငါ့ကို ဇာတ်လမ်းထွင်ပြီး မင်းအဖေ လူဆိုးဆိုပြီး ငါ့ကိုလာပြောနေသေးတယ်၊ ငါကြည့်ရသလောက်တော့ မင်းအဖေက လူကောင်းပါကွ"

ရဲမိုးက ပျာပျာသလဲ လက်ကာပြရင်း. .

"ကျွန်တော်ပြောနေတာက အမှန်တွေပဲ အဘ၊ မယုံရင်. . ကျွန်တော်သက်သေပြလို့ရတယ်"

ဦးမြဒင်က ရဲမိုးအား စေ့စေ့ကြည့်၍. .

"ကောင်းပြီလေ ဒါဆိုလည်း မင်းအိမ်သွားကြတာပေါ့"

သို့နှင့် ဦးမြဒင် ဆိုင်ကယ်နောက်တွင် ရဲမိုးလိုက်လာခဲ့၏။

ခုလောက်ဆို အဖေ ဟိုလူကိုသတ်ပြီး ယူကလစ်တောမှာ သွားမြှုပ်နေပြီလားမသိ။ ဦးမြဒင်က ဂိုထောင်နှင့်အိမ်ကြားတွင် ဆိုင်ကယ်ကို ရပ်လိုက်သည်။

သူတို့အိမ်က မီးထိန်ထိန်လင်းလျက်ရှိ၏။ နှစ်ယောက်စလုံး ဆိုင်ကယ်ပေါ်ကဆင်းပြီးသည်နှင့် ဦးမြဒင်က မီးလင်းလျက်ရှိသည့် အိမ်ဆီသို့ ဦးတည်ကာ လျှောက်သွား၏။ ရဲမိုးနောက်က အပြေးလိုက်ရသည်။

"အဘ. . ကျွန်တော်ပြောတဲ့လူကို ဟိုအဆောင်အအုံရဲ့ မြေအောက်ခန်းမှာဖမ်းထားတာ. ."



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး အိမ်နောက်ဘက်မှ ဂိုထောင်အသစ်ကို လက်ညှိုးထိုးပြကာ ဦးမြဒင်ကို ပြောလိုက်၏။

"တော်လောက်ပြီ ချာတိတ်၊ ငါလိုက်လာတာ မင်းကို မင်းအဖေဆီပြန်အပ်မလို့၊ မင်းအဖေနဲ့တွေ့ပြီး သူပြောတာနားထောင်လိုက်ရင် အားလုံးရှင်းသွားမှာပါ"

ဦးမြဒင် သူပြောတာလုံးဝမယုံဟန်နှင့် အိမ်ပေါ်တက်ကာ တံခါးခေါက်လိုက်သည်။ ရဲမိုးစိတ်ဓာတ်ကျသွား၏။ သူ့အဖေကို ရင်မဆိုင်ရဲတော့။ ဦးအောင်ခိုင်လည်း မအိပ်သေးဟန်နှင့် ချက်ချင်းပင် တံခါးလာဖွင့်ပေးသည်။

"ဟား. . ဦးမြငွေပါလား အချိန်မတော်ကြီး ဘာတွေများ အရေးကြီးလာလို့လဲ"

"အေးကွာ. . မင်းအိပ်နေတာကို နှောင့်ယှက်သလိုများ ဖြစ်သွားသလားမသိဘူး၊ ဘာမှတော့မဟုတ်ပါဘူး. . ကိစ္စကတော့ မင်းရဲ့သား ရဲမိုးပဲ၊ မင်းလူသတ်နေတယ်လို့ ငါ့ကိုလာတိုင်နေတယ်ကွ"

ဦးမြဒင် ထိုသို့ပြောလိုက်တော့ အဖေ မျက်မှောင်ကြုတ်သွား၏။ အမူအရာတော့မပျက်. . ၊ အဖေ ဟန်ဆောင်ကောင်းသည်ဟု ဆိုရလိမ့်မည်။

ချက်ချင်း ဦးမြဒင်က ပြုံးလျှက်. .

"နောက်တာပါကွာ. . မင်းရဲ့သား ညကြီးမင်းကြီး ငါ့ကို ဘာတွေလာပြောနေမှန်း မသိဘူး၊ နားကိုညည်းနေတာပဲ"

ဦးမြဒင် နောက်မှာကပ်ပါလာသော ရဲမိုးအား ဦးအောင်ခိုင် လှမ်းကြည့်လိုက်ပြီး. .

"အိမ်ထဲဝင်ပါဦးဗျာ အထဲရောက်မှ ပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင် အိမ်ထဲသို့ ဝင်သွားသည်။ တွန့်ဆုတ်ဆုတ်ဖြစ်နေသော ရဲမိုးဝင်လာသည်အထိ အဖေကစောင့်ပြီး တံခါးပိတ်ပေးသည်။ အဖေ့ကိုမသိမသာ စောင့်ငဲ့ကြည့်ရင်း အိမ်ထဲဝင်လာသော ရဲမိုး ကျောချမ်းကာ ဒူးတုန်နေလေပြီ။

ဦးမြဒင် ဆိုဖာထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး. .

"ငါကွာ အိပ်မက်ကောင်းတွေ မက်နေတုန်း. . မင်းရဲ့သား ရောက်လာပြီး မဟုတ်တရုတ်ပုံပြင်တွေ လာပြောတော့တာပဲ"

အဖေက ရယ်လျှက်. . .

"အဟင်း သူဘယ်အချိန် အပြင်ထွက်သွားမှန်းတောင်မသိလိုက်ဘူး၊ ဘယ်လိုလဲ သူပြောတဲ့ပုံပြင်ကကောင်းရဲ့လား ဦးမြဒင်"

ရဲမိုးမှာ ဦးမြဒင်နောက် သွားရပ်နေလိုက်ပြီး. .

"သားပြောတာတွေဟာ ပုံပြင်မဟုတ်မှန်း အဖေသိပါတယ်"

ဦးအောင်ခိုင်က ဦးမြငွေအတွက် ရေနွေးကြမ်းငှဲ့ပေးရင်း ရဲမိုးအား လှမ်းကြည့်သည်။ ထို့အတွက် ရဲမိုး နှုတ်ဆွံ့သွား၏။

"ကျွန်တော်တော့ သူ့အတွက်နဲ့ ရှူးချင်နေပြီဗျာ၊ သူ့ရဲ့စိတ်ကူးယဉ်ဇာတ်လမ်းတွေကို လူတကာလျှောက်ပြောနေတာ ခုတော့ ဦးမြဒင်တောင် ကြားဖူးသွားပြီပေါ့"

"ရဲမိုးအတွက် မင်းလည်း စိတ်အနှောင့်အယှက်ဖြစ်မှာပဲ ဒါပေမယ့်. . သူပြောတာ ဘယ်သူမှမကြားပါဘူး၊ ငါတစ်ယောက်တည်း ကြားခဲ့တာပါကွာ. . ဟား. . ဟား. . ဟား"

အဖေက သူနှင့် ဦးမြငွေကို ခပ်တည်တည်နှင့် အရူးလုပ်နေပြီဖြစ်ကြောင်း သိလိုက်၍ ရဲမိုး မခံချင်စိတ်တို့ ထကြွလာ၏။

"ငါကတော့ လူကြီးဆိုတော့ နားလည်ပေးလို့ရပါတယ်၊ ထုံ



www.burmeseclassic.com

www.burmeseclassic.com



လည်းမယုံပါဘူး၊ ဒါပေမယ့် မင်းရဲ့သားကို ဂရုစိုက်လိုက်ဦး၊ စိတ်က ယောင်ချောက်ချားတွေဖြစ်နေတယ်၊ ဆရာဝန်လေးဘာလေး ပြသင့်ရင်ပြပေါ့၊ နောက်တစ်ခုက မင်းအပေါ်မှာ ဘာလို့ဒီလိုဇာတ်လမ်းဆင်ပြီး ပြောနေတာလဲဆိုတာကိုတော့ ငါလည်းနားမလည်ဘူး ဖြစ်မိတယ်"

ဦးအောင်ခိုင် မျက်နှာတစ်ချက်ပျက်သွား၏။

ချက်ချင်းပင်. .

"ဩော်. . မနက်က ဒီကောင်စာမလုပ်လို့ ကျွန်တော်ရိုက်လိုက်သေးတယ်. . ၊ အဲဒါ ကျွန်တော့်ကို စိတ်နာပြီး ဦးမြဒင်ကိုလာပြောတာဖြစ်မှာပေါ့"

ဦးအောင်ခိုင် ရဲမိုးကိုလှည့်ကြည့်ကာ. .

"သား. . မင်းရိုက်ခံရတဲ့အကြောင်းကိုကော ဒီကအဘကို မပြောပြလိုက်ဘူးလား"

ရဲမိုး ရှေ့တိုးလာကာ အဖေ့ကို လက်ညှိုးထိုးရင်း. .

"အဖေလိမ်နေတာ၊ အဘ မြေအောက်ခန်းထဲ ဆင်းကြည့်ရင် အားလုံးအဖြေပေါ်သွားမှာပါ"

ဦးအောင်ခိုင် ရဲမိုးကိုကြည့်ပြီး ခေါင်းတယမ်းယမ်းလုပ်ကာ

"ဦးမြဒင်ကိုလည်း အားနာပါတယ်ဗျာ၊ ကျုပ်လည်း သူ့ကို ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး"

"အင်း. . လုပ်သင့်တာ မြန်မြန်လုပ်၊ တော်ကြာ မင်းရဲ့နာမည်နဲ့အလုပ်ကို ထိခိုက်နေဦးမယ်'

ဦးမြဒင် ဦးအောင်ခိုင် ထည့်ပေးသော ရေနွေးကြမ်းကို မော့သောက်လိုက်ပြီး ပြန်ဖို့ဟန်ပြင်နေပြီမို့ ရဲမိုး လှုပ်လှုပ်ရှားရှား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကာ. . ဦးမြဒင်လက်ကို ဖမ်းဆွဲရင်း. .

"အဘ. . မပြန်ပါနဲ့အုံး၊ မြေအောက်ခန်းကို လိုက်ကြည့်ပါဦး. . အဘဒီအတိုင်းပြန်သွားရင် အဖေ ကျွန်တော့်ကို သတ်လိမ့်မယ်၊ ပြီးတော့. . ယူကလစ်တောထဲမှာလည်း အလောင်းတွေမြှုပ်ထားသေးတယ် အဘ၊ အဲဒီနေရာကို ကျွန်တော်လိုက်ပြမယ်ဆိုရင်ကော. . အဘ လိုက်ကြည့်မလား၊ ကျွန်တော် တကယ်ပြောနေတာ အဘရဲ့. . "

ဦးအောင်ခိုင် ရဲမိုးကို စူးရဲစွာကြည့်နေလေပြီ။ ဦးမြဒင်က ရဲမိုး အမူအရာနှင့် မျက်လုံးများကို ကြည့်ရင်း သံသယဝင်သွားသည်လား၊ ရဲမိုးကို သနားသွားသည်လား မပြောတတ် အောင်ခိုင်အား လှမ်း၍. . .

"ကဲ. . အောင်ခိုင်ရေ မင်းရဲ့သားက ဒီလောက်တောင်ဖြစ်နေမှတော့. . သူကျေနပ်သွားအောင် ငါ့ကို အဲဒီမြေအောက်ခန်း လိုက်ပြပေးစမ်းပါကွာ. . "

"ရပါတယ်. . ကြည့်လို့ရပါတယ် ဦးမြဒင်ရယ်"

ဖခင်ဖြစ်သူက ကြည်ဖြူစွာ ခွင့်ပြုလိုက်သဖြင့် ရဲမိုးအံ့ဩသွားသည်။ သို့သော် ရသည့်အခွင့်အရေးကို အသုံးချပြီး အဖေ့လုပ်ရပ်များ ဖေါ်ထုတ်မည်ဟု စိတ်ပိုင်းဖြတ်ရင်း ဦးမြဒင်အား လက်ဆွဲကာ ခေါ်လာခဲ့သည်။ အိမ်နောက်ဘက်ရှိ သူတို့ဂိုထောင်အသစ်ဆီ ဦးတည်လာခဲ့ကြ၏။

ရဲမိုးဦးဆောင်ကာ ယုံကြည်ချက်အပြည့်နှင့် ဂိုထောင်တံခါးကိုဆွဲဖွင့်လိုက်သည်။ တစ်ဆက်တည်းမှာပင် စက်သီးကြိုးကိုဆွဲကာ မြေအောက်ခန်းအဖုံးတံခါးကို ဖွင့်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . တွေ့ပြီမဟုတ်လား. . ကျွန်တော်ပြောတာ မမှန်ဘူးလား အဘ"

အပေါက်ဝ၌ တံခါးဘောင်ကို ကျောမှီကာရပ်နေသော အဖေက. .

"ဒါက မုန်တိုင်းဒဏ်ကာကွယ်ဖို့ ကြိုဆောက်ထားတဲ့ အဆောက်အဦးပါ ဦးမြဒင်. . ၊ နာဂစ်ဖြစ်ပြီးကတည်းက ကျွန်တော် အရမ်းကြောက်သွားခဲ့တယ်၊ မုန်တိုင်းဝင်ပြီဆို ကျွန်တော်တို့ အတွက် ပြေးစရာ မြေမရှိဘူးလေ"

အဖေက စကားဝင်ပိတ်ရတော့သည်။

"ကောင်းပါတယ်. . မင်းရဲ့ စိတ်ကူးစိတ်သန်းကိုတော့. . ငါလည်းချီးကျူးပါတယ်"

ဦးအောင်ခိုင်က ဓာတ်မီးတစ်လက်ကို ဦးမြဒင်အား လှမ်းပေးလိုက်ပြီး. . .

"လှေကားထစ်တွေ သတိထားဆင်းအုံးနော် ဦးမြဒင်၊ ကျွန်တော်က လက်သမားမဟုတ်တော့ ခိုင်ချင်မှခိုင်မှာ. ."

"ဟုတ်ပါပြီဗျာ"

ဦးမြဒင် ဓာတ်မီးအလင်းရောင်နှင့် မြေအောက်ခန်းအတိုင်း သတိထား၍ တစ်ထစ်ချင်းဆင်းသွား၏။ အောက်ရောက်တော့ ဘာဆိုဘာမှမတွေ့သဖြင့်. .

"ငါတော့ ဘာမှမတွေ့ပါလား ရဲမိုး. ."

နောက်မှလိုက်ဆင်းလာသော ရဲမိုးက. .

"မဟုတ်ဘူး. . အဖေ လူတစ်ယောက်ကို ဒီမှာဖမ်းထားခဲ့တာ၊ သူ့ကိုနေရာရွှေ့လိုက်ပြီနဲ့တူတယ် အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး လက်မလျှော့သေး. .

"မင်းစိတ်ကျေနပ်အောင် ငါလိုက်ကြည့်ပေးတာ. .၊ တော်လောက်ပြီနဲ့တူတယ်. . ရဲမိုးရေ"

ဦးမြဒင် ပြန်တက်တော့မလို ဟန်ပြင်နေပြီမို့ ရဲမိုး ပျာယာခပ်သွားပြီး နောက်ကလှမ်းဆွဲထား၏။

"အဘ ဒီကိစ္စ ကျွန်တော့်ညီလည်းသိတယ်၊ သူ့ကိုမေးလို့လည်းရတယ်၊ ညီလေးကို မေးကြည့်ပါလား၊ သူ့ကိုမေးရင်. . အဖေ့လုပ်ရပ်တွေ အကုန်သိရနိုင်တယ်"

ဦးမြဒင် ခေါင်းယမ်းပြီး လှေကားပထမထစ်သို့ တက်လိုက်သည်။ ရဲမိုးကတော့ နောက်ကဆွဲထားဆဲ. .

"အလောင်းတွေ မြှုပ်ထားတဲ့နေရာကို ကျွန်တော်လိုက်ပြမယ်လေ အဘ၊ ယူကလစ်တောထဲမှာ အလောင်းတွေမြှုပ်ထားတာ အဘရဲ့"

ထိုစကားကြားတော့ ဦးမြဒင် သမင်လည်ပြန် ရဲမိုးကိုကြည့်သည်။ ပြီးမှအပေါ် တက်မည်အလုပ် ချော်လဲမည်စိုး၍ လှေကားကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အနီရောင်အစက်များတွေ့သဖြင့် ဦးမြဒင် ငုံ့ကြည့်လိုက်သည်။ ထိုစဉ်... သူဘယ်လိုမှ မျှော်လင့်မထားသောအဖြစ်ကို ဦးမြဒင် ပက်ပင်းကြုံလိုက်ရတော့သည်။

"ဒုတ်!. . "

ဦးခေါင်းအား ပြင်းထန်လှသောအရာဖြင့် ရိုက်နှက်ခြင်းခံလိုက်ရ၍ နောက်သို့ပစ်လဲကာ လှေကားပေါ်မှပြုတ်ကျသွား၏။ ဦးအောင်ခိုင် နတ်ပေးသည်ဆိုသော တုတ်ကိုကိုင်ရင်း ပြေးအလွှားပြေးဆင်းလာကာ နံရံမှ ပုဆိန်ကို ဖြုတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့. .

"ခင်ဗျားက. . မိစ္ဆာမဟုတ်ပေမယ့် ကျုပ်အလုပ်ကို ဝင်ရှုပ်တဲ့အတွက်. ."

ဦးအောင်ခိုင် ပုဆိန်နှင့် အားကုန်ခုတ်ချလိုက်လေတော့၏။

"ဒုတ်!. ."

"အား!. ."

ဦးမြဒင်၏ မချိမဆန့်အော်သံကြီးက ညဥ့်နက်နက်မှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ သို့သော် မြေအောက်ခန်း အပြင်သို့ ရောက်မလာခဲ့။ ရဲမိုးလည်း သူ့အားကိုးတကြီး ခေါ်လာမိမှ အသတ်ခံရသည့်အတွက် ယူကြုံးမရဖြစ်နေတော့သည်။

ရဲမိုး အဖေ့ကိုကြည့်လိုက်၏။ ပုဆိန်ကို လက်ကမချဘဲ သူ့ထံလျှောက်လာ၍ ရဲမိုးတရွေ့ရွေ့နှင့် နောက်ဆုတ်ခဲ့၏။ နံရံနှင့် ကျောကပ်မိတော့ ရဲမိုး မျက်စိမှိတ်ပေးလိုက်သည်။ အဖေ သူ့အား သတ်လိုလျှင်လည်း သတ်ပါစေတော့ဆိုသည့် အဓိပ္ပာယ်ပင် ဖြစ်၏။

လက်တစ်ကမ်းသာ ကွာတော့သော်လည်း ပုဆိန်သွားက သူ့ထံရောက်မလာသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။

အဖေက ပုဆိန်မှသွေးများသုတ်ပြီး နံရံတွင်ပြန်ချိတ်လိုက်၏၊ အဖေသူ့ကို မသတ်သဖြင့် ရဲမိုး သက်ပြင်းရှိုက်မိသည်။ ထိုစဉ် အာကာမိုး မြေအောက်ခန်းသို့ ဆင်းလာသည်။ ညီလေးကို အဖေက အပြုံးနှင့် ဆီးကြို၏။

"သားငယ် နိုးသွားပြီလား၊ မင်းအစ်ကိုနဲ့အတူ ဒီအလောင်းကို ကားထဲထည့်ထားလိုက်၊ အဖေ ဆိုင်ကယ်ပြန်ပို့လိုက်ဦးမယ်. ."

"ဟုတ်ကဲ့. . အဖေ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မူးတူးပုံစံနှင့် အာကာမိုး ပြောလိုက်၏။

ထိုစဉ်. . အဖေ အပေါ်ပြန်တက်သွား၏။ မကြာခင် ဆိုင်ကယ်သံ ကြားရသည်။ ရဲမိုး သူ မရှင်းတာတွေ ညီဖြစ်သူကိုမေးမိသည်။

"ဟိုလူရော ဘယ်ရောက်သွားလဲ အာကာ. ."

"သုံးပိုင်းဖြတ်ပြီး အိတ်ထဲထည့်ထားတယ်. .၊ ကားထဲမှာလေ. . ကိုကြီးမသိဘူးလား၊ ဒါနဲ့ ကိုကြီးက ဘယ်ထွက်ပြေးသွားတာလဲ၊ ကိုကြီးသွားတာ ကြာလိုက်တာ၊ အဖေက မိစ္ဆာကောင်ကို သုတ်သင်ပြီး ပိုင်းပြီး ကားပေါ်တောင် တင်ပြီးသွားပြီလေ၊ သွားမြှုပ်ဖို့ပဲ လိုတော့တယ် ကိုကြီး"

"ဟင်!. ."

အဖေက သူ့ထက်တစ်ကွက်ဦးကြောင်း သိလိုက်ရတော့ အခြေအနေတွေက လွန်သွားခဲ့ပြီ။ ဦးမြဒင်အလောင်းအားကြည့်ရင်း ရဲမိုးက. . .

"သူ့ကိုရော မင်းတို့သုံးပိုင်း မပိုင်းတော့ဘူးလား"

အာကာမိုး အလောင်းကိုသေချာငုံ့ကြည့်ပြီး. .

"ဒါ. . ဘိုးဖာတဲ့ ဦးမြဒင် မဟုတ်လား၊ သူကဘာလို့ မြေအောက်ခန်းထဲ ရောက်နေရတာလဲ၊ အဖေလူမှားပြီး သတ်မိတာများလား၊ အဖေ့သုတ်သင်ရမယ့် စာရင်းထဲမှာ သူမပါဘူးကိုကြီးရဲ့၊ သူ သူက. . လူ. . လူကောင်းလေ ကိုကြီး၊ လူကောင်းဆိုရင် ဒီအတိုင်း မြှုပ်ရမယ်လို့ နတ်မင်းပြောတာ ကြားဖူးတယ်"

ညီလေး၏ အဖြေကြောင့် ရဲမိုးတွေဝေသွားသည်။

ညီလေးက နတ်မင်းပြောတာကြားတယ်တဲ့. . ဘာတွေလဲ။

www.burmeseclassic.com



"ကိုကြီး . . လုပ်ဦး၊ နှစ်နာရီထိုးတော့မယ် အချိန်မရှိတော့ဘူး"

ညီလေး အော်ပြောလိုက်သံကြောင့် ရဲမိုး အတွေးတို့ ပျက်သွားခဲ့ရသည်။ သို့နှင့် ကားပေါ်အလောင်းတင်ပြီးချိန်၌ အဖေ ပြန်ရောက်လာ၏။ ယူကလစ်တောသို့ သူတို့ထွက်လာရပြန်သည်။

မြှုပ်နေကျနေရာအရောက်တွင် ကားရပ်ပြီး ဂေါ်ပြားကိုယ်စီနှင့် မြေကျင်းကို စတင်တူးတော့၏။

"ငါ မိစ္ဆာတွေကိုဘဲ သတ်လာတာ၊ မင်းကြောင့် လူစင်စစ်ကို ဒီနေ့သတ်လိုက်ရပြီ ရဲမိုး"

ကျင်းတူးနေသောရဲမိုး လှည့်မကြည့်ဘဲ. .

"သားကတော့. . အဖေ လူတွေတောက်လျှောက်သတ်နေတာပဲမြင်တယ်"

"အားလုံးက မိစ္ဆာတွေကွ၊ ဦးမြဒင်တစ်ယောက်ပဲ လူသားအစစ်ဖြစ်နေတာ၊ ငါတို့မြင်ရသလို ဒါတွေကိုဘာလို့ မင်းမမြင်ရတာလဲ၊ ဘာလို့မသိရတာလဲ. .'ပြောစမ်းပါဦး"

အဖေမေးနေတာကိုမဖြေဘဲ ရဲမိုးက. .

"ဦးမြဒင်ကို အဖေမသတ်သင့်ဘူး"

"သူက ငါသတ်ရမယ့်စာရင်းထဲမှာ မပါပေမယ့်. . ငါ့ရဲ့လုပ်ငန်းစဉ်ကို နှောင့်ယှက်တဲ့လူမှန်သမျှကို သုတ်သင်ပစ်မှာပဲ၊ ငါ့လုပ်ငန်းစဉ်ကိုတော့ ကာကွယ်ရမှာပဲ ရဲမိုး"

"ကျွန်တော်တို့မှာ ဘာလုပ်ငန်းစဉ်မှမရှိဘူး အဖေ"

ရဲမိုးအပြောကြောင့် အဖေ အကြီးအကျယ်ဒေါသပွသွားသည်။ ရဲမိုး၏ ကော်လံစကိုဆွဲမကာ ဒေါသတကြီးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com


"ဒီလူသေရတာ မင်းကြောင့်ကွ. . ၊ မင်းခေါ်မလာရင် ငါ လည်း သတ်စရာမလိုဘူး"

ဦးမြဒင် အလောင်းကိုပြရင်း အဖေပြောလိုက်၏။

"မင်းကြောင့် သိရဲ့လား၊ မင်းမြင်ရဲ့လား ကြည့်စမ်း၊ မင်းသူ့ ကို သေချာကြည့်စမ်း၊ မင်းကြောင့် သေသွားရတဲ့ လူတစ်ယောက်ကို ကြည့်လိုက်စမ်းပါ"

"ငါ့ကို လူသတ်မှုကျူးလွန်မိအောင် မင်းလုပ်လိုက်တာပဲ"

ကိုယ့်အပြစ်ကို သူများပေါ်လွှဲချသည့် အပြောကိုတော့ ရဲမိုး မခံနိုင်. . .

"အဖေသတ်တာလေ၊ မသတ်ဘဲနေလို့ ရရဲ့သားနဲ့ အဖေ သတ်လိုက်တာ၊ အဖေသတ်ပြီး ကျွန်တော့်ကြောင့်လို့ လာပြောနေ သေးတယ်၊ အဖေရူးနေလား. . "

"ဖြောင်း. . . "

အဖေ ရဲမိုးပါးအား ဖြတ်ရိုက်လိုက်၏။ ထို့နောက် ဒေါသမ ထိန်းနိုင်တော့သည့် အဖေမှာ ဂေါ်ပြားကိုကောက်ကိုင်ကာ ရဲမိုးကို ရိုက်ရန်ရွယ်လိုက်လေသည်။

"အဖေ မလုပ်နဲ့. . ကိုကြီးကို မလုပ်နဲ့. . "

ညီလေး၏ စိုးရိမ်တကြီး တားမြစ်သံကြောင့် အဖေ ဂေါ်ပြား ကို ခပ်လှမ်းလှမ်းတစ်နေရာသို့ လွှင့်ပစ်လိုက်ရသည်။ သားအဖနှစ် ယောက်၏ ပေါက်ကွဲမှုသံစဉ်က ကီးအမြင့်ဆုံးသို့ ရောက်သွားပြီး နောက် တဖြည်းဖြည်း အရှိန်ပြန်ကျသွားသည်။

အဖေ ဒူးထောက်ထိုင်ချလိုက်ပြီး ယူကြုံးမရစွာ ငိုကြွေးဟစ် ငိုလေတော့သည်။ အာကာက ဖခင်ရှိရာ ပြေးသွားပြီး ချော့မော့နှစ်


www.burmeseclassic.com

www.burmeseclassic.com


သိမ့်ပေးရှာသည်။

"မငိုပါနဲ့ အဖေရယ်၊ သားတို့က မိသားစုတွေပဲဟာ. . ကို ကြီးကို ဘာလို့ရိုက်ရတာလဲ၊ ပါးစပ်နဲ့ပြောလည်း ရတဲ့ဟာကို. . "

ညီလေးဝင်ပါလာတော့ အဖေဒေါသကို မနည်းမျိုချလိုက်ရ သည်။ အဖေက မျက်ရည်များသုတ်ပြီး မတ်တတ်ပြန်ရပ်လိုက်ပြီး. .

"ကဲ. . အလုပ်တွေ လက်စသတ်လိုက်ရအောင်"

ဘာမှမဖြစ်ခဲ့သလိုအမူအရာနှင့် အဖေပြောလိုက်၏။

အဖေ့စကားကြောင့် ညီအစ်ကိုနှစ်ယောက် အသက်ပြန်ဝင် လာသလို. . ဦးမြဒင်၏ အင်္ကျီစုံလင်လျက်ပင် ရှိနေသေးသော အ လောင်းကြီးကို မြေကျင်းထဲသို့ လှိမ့်ချလိုက်တော့၏။ မူးယစ်ရာဇာ၏ အပိုင်းပိုင်းပြတ်နေသော ခန္ဓာကိုယ်အပိုင်းအစများကို ပလတ်စတစ် အိတ်ထဲမှ ကျင်းထဲသွန်ချကြသည်။

မြေစာတွေ ပြန်ဖို့အပြီး. .

"အချိန်လည်း မနည်းတော့ဘူး ပြန်ကြရအောင်. . "

ရဲမိုးတို့ အိမ်ပြန်ရောက်တော့ မနက်သုံးနာရီခန့်ရှိပြီ၊ သား အဖသုံးယောက် ကားပေါ်မှအဆင်းတွင်ပင်. .

"သားငယ် ခြေလက်ဆေးပြီး အိပ်တော့၊ အဖေ. . မင်းအစ် ကိုနဲ့ ပြောစရာလေးရှိသေးလို့. . "

ဖခင်၏စကားကြောင့် ရဲမိုးရော၊ အာကာမိုးပါ ခြေလှမ်းတွေ တုန့်သွားကြ၏။ ညီလေးက စိုးရိမ်မကင်းဖြစ်ဟန်နှင့်. .

"အဖေ ကိုကြီးကို ဘာလုပ်ဦးမလို့လဲဟင်"

"မပူပါနဲ့ကွာ. . မင်းအစ်ကိုကြီးကို ဖေဖေဘာမှမလုပ်ပါဘူး"

အာကာမိုး စိတ်မချဟန်နှင့် လှည့်ကြည့်လှည့်ကြည့်လုပ်


www.burmeseclassic.com

www.burmeseclassic.com



ရင်း အိမ်ပေါ်တက်သွား၏။ ရဲမိုးလည်း ဖခင်ကို လှမ်းကြည့်ရင်း စိုးရိမ်စိတ်တွေ ထပ်မံမွေးဖွားလာရပြန်သည်။

"ရဲမိုး. . လာ၊ ငါနဲ့ မြေအောက်ခန်းကို လိုက်ခဲ့"

အဖေက ဂိုထောင်တံခါးဖွင့်ပြီး အထဲဝင်သွားသည်။ ရဲမိုး ထိုနေရာမှာပင် ကျောက်ရုပ်လိုရပ်နေမိ၏။ အဖေက ပုဆိန်ကို ကောက်ယူလိုက်ပြီး ပေနေသောသွေးများအား သုတ်နေ၏။ ရဲမိုး စိတ်ကိုတင်းကာ ခြေလှမ်းများ စတင်လှုပ်ရှားလိုက်သည်။

"ဝင်ခဲ့လေကွာ. .၊ ပြီးရင် တံခါးပြန်ပိတ်လိုက်. ."

ဘာပဲဖြစ်ဖြစ် ရင်ဆိုင်တော့မည်ဆုံးဖြတ်ပြီး ဂိုထောင်ထဲ ဝင်ကာ ရဲမိုး တံခါးပြန်ပိတ်လိုက်သည်။ အဖေက ပုဆိန်သွားကို အဝတ်စနှင့် အထပ်ထပ်သုတ်နေရင်း လေသံအေးအေးလေးနှင့်. .

"မင်းကြောက်နေပြီလား. . ရဲမိုး"

ရဲမိုး ခေါင်းညိတ်ပြလိုက်၏။

"မင်းဘာကိုကြောက်တာလဲ"

"အဖေ့ကို"

"မိစ္ဆာကောင်တွေဘဲ ငါ့ကိုကြောက်သင့်တာ. .၊ မင်းကဘာလို့ ငါ့ကိုကြောက်ရတာလဲ"

ပုဆိန်ကိုကိုင်ရင်း အဖေရှေ့တိုးလာကာ. .

"မင်းက မိစ္ဆာမဟုတ်ပါဘူး၊ ဟုတ်တယ်မလား. . ရဲမိုး"

ရဲမိုး ခေါင်းထပ်ညိတ်ပြလိုက်ရသည်။ ရဲမိုး နောက်သို့ခြေ တစ်လှမ်းဆုတ်မိသည်။ ရှေ့ဆက်တိုးလာသောဖခင်နှင့် လက်ထဲမှ ပုဆိန်ကိုကြည့်ကာ ရဲမိုး အသားတွေ တဆတ်ဆတ်တုန်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နတ်မင်းကတော့ ပြောနေပြီ မင်းကမိစ္ဆာတဲ့. . ၊ မင်းကို သုတ်သင်ပစ်ဖို့ ငါ့ကိုအမိန့်ပေးနေပြီ၊ ဒါပေမယ့်. . သုတ်သင်ရမယ့် စာရင်းမှာ မင်းနာမည်ကို ငါချမရေးခဲ့ဘူး၊ မင်းက အဖေကို ပြန်သတ်မယ့်လူတဲ့. . ၊ သူတို့ပြောတာကို ငါလုံးဝလက်မခံခဲ့ဘူး. . ၊ မင်းက ငါ့သားပဲလေ. . ၊ မင်း လူကောင်းပြန်ဖြစ်အောင် ငါပြုပြင်မှာပေါ့"

ဆွေးမြေ့ကြေကွဲနေသော အမူအရာနှင့် သူ့ရှေ့မှ ဖြတ်ပြီး ပုဆိန်ကို နံရံတွင်လှမ်းချိတ်လိုက်သည်။ ထိုအခါမှပဲ ရဲမိုး ရင်ထဲမှ အလုံးကြီးကျသွားတော့သည်။ တံတွေးမျိုချကာ အသက်ပြန်ရှူနိုင်လာသည်။

အဖေက သွေးစွန်းလက်နှင့် သူ့ပါးပြင်ကို ပွတ်သပ်ကာ. .

"ငါ့ဘဝမှာ မင်းကိုအချစ်ဆုံး အားအကိုးဆုံးပဲသား၊ ဒါပေမဲ့ ငါတွေးနေမိတယ်. . အဲဒါဘာလဲ သိလား"

ရဲမိုးကြောက်ကြောက်နှင့် ခေါင်းယမ်းပြသည်။

"ငါ မင်းကို တဖြည်းဖြည်းနဲ့ကြောက်လာပြီ ရဲမိုး. . "

အဖေက သူ့ကိုကြောက်သည်ဆို၍. . ရဲမိုး အဖေ့ထက် ပို ကြောက်သွား၏။ စကားအဆုံး၌ အဖေ မြေအောက်ခန်း အံဖုံးတံခါး ကို ကြိုးဆွဲ၍ဖွင့်လိုက်၏။ ဘာကြောင့်မှန်းမသိ ရဲမိုးကျောရိုး တစ် လျှောက် စိမ့်တက်လာအောင် ကြောက်လန့်လာသည်။

"ကဲ. . မင်းအောက်ကိုဆင်းတော့. . "

မြေအောက်ခန်းထဲဆင်းရန် အမိန့်ပေးလာတော့ ရဲမိုး မယုံ နိုင်အောင်ဖြစ်သွားရ၏။ အထိတ်တလန့်နှင့် ခေါင်းယမ်းရင်း. . .

"သား မဆင်းချင်ဘူး. . အဖေ"

"ဒါကို ငါလည်းမလုပ်ချင်ဘူး ရဲမိုး၊ ဒါပေမဲ့ မဖြစ်မနေ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတော့မယ်၊ ဒီည ငါ လူတစ်ယောက်ကို သတ်ခဲ့မိတယ်၊ ဒါမျိုး . . နောက်ထပ်အဖြစ်မခံနိုင်တော့ဘူး"

"အဖေရယ် သားကတိပေးပါတယ်၊ ဒီအကြောင်းတွေ သား ဘယ်သူ့ကိုမှ မပြောတော့ပါဘူး၊ အဖေ့ လုပ်ငန်းစဉ်ကိုလည်း အနှောင့်အယှက် မပေးတော့ပါဘူး အဖေရယ်"

ရဲမိုး မျက်နှာငယ်လေးနှင့် ပြောနေရှာသည်။

"ငါ မင်းကိုမယုံတော့ဘူး၊ မင်းကို စိတ်ကုန်နေပြီ၊ မင်းကိုငါ မြုပြင်ယူမှ ရတော့မယ်၊ နို့မို့ဆို မင်းမိစ္ဆာလုံးလုံးကြီး ဖြစ်သွားလိမ့်မယ်၊ ဆင်းဆို့ . . ခုချက်ချင်းဆင်းကွာ . . ၊ မင်းဘာသာမင်းဆင်းမလား . . ငါကန်ချရမလား . . မင်းကြိုက်တာကိုရွေး . . ရဲမိုး"

"အဖေ . . သားတောင်းပန်ပါတယ် မဆင်းပါရစေနဲ့ . . အောက်မှာလူတွေသေထားတာ သားကြောက်တယ်"

ရဲမိုး ငိုယိုကာတောင်းပန်နေရှာသည်။

"အေး ငါလည်းမင်းအတွက် စိတ်မကောင်းဘူး၊ မင်းမဆင်းဘူးလား . . ၊ မင်းဘာသာမဆင်းရင် အောက်အရောက် ငါပို့ပေးရလိမ့်မယ်"

အဖေ့အသံက နာကျည်းမှု ကြေကွဲမှုတို့နှင့် အက်ကွဲဆွေးမြေ့နေသည်။ ရဲမိုးလည်း ကြောက်လွန်း၍ ငိုမဲ့မဲ့ ဖြစ်နေပြီ။ အဖေ့အား အသနားခံ၍ ရမှာမဟုတ်မှန်း သိလိုက်သည်မို့ ဒုတိယအကြိမ်ထွက်ပြေးဖို့ ကြိုးစားလိုက်သည်။ သို့သော် ဂိုထောင်တံခါး အဖွင့်မှာပဲ အဖေ၏ဖမ်းချုပ်ခြင်းကို ခံလိုက်ရ၏။

"လွှတ် . . သားကိုလွှတ်၊ အောက်ကို မဆင်းချင်ဘူး"

အဖေနှင့်သား အင်အားကမမျှ၊ သူ့ကိုနောက်မှ သိုင်းဖက်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ကာ လှေကားဆီသို့ ခေါ်သွားသည်။ ရဲမိုးလည်း ခွန်အား ရှိသမျှ ထုတ်သုံးကာ ရုန်းကန်၏။ ပါးစပ်ကလည်း တဖွဖွ တောင်းပန်သည်။

"အဖေ သားကိုလွှတ်ပေးပါ၊ မဆင်းပါရစေနဲ့ တောင်းပန်ပါတယ်"

ရဲမိုး ဘယ်လိုပင်တောင်းပန်သော်လည်း မရ၊ အဖေက လွှတ်မပေး၊ ပိုမိုတင်းကြပ်စွာ ချုပ်နှောင်ကာ လှေကားအတိုင်း မရမက ဆင်းလာသည်။ လှေကား နှစ်ထစ်လောက်အလိုတွင် ရဲမိုးအား တွန်းချလိုက်သည်။ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားရာမှ ရဲမိုး လူးလဲထကာ ပြေးတက်ခဲ့သည်။

သို့သော် အံဖုံးတံခါးက ပြန်ပိတ်သွားခဲ့လေပြီ။ မြေအောက်ခန်းမှာ အမှောင်ထုကြီးစိုးသွား၍ ရဲမိုးကြောက်စိတ်မွှန်ထွန်ပြီး အဖေ့အား အော်ခေါ်မိသည်။

"အဖေ. . အဖေ. . တံခါးဖွင့်ပေးပါ၊ ဒီထဲမှာ မနေပါရစေနဲ့ သားကိုလွှတ်ပေးပါ"

"မရဘူး ရဲမိုး၊ မင်း ဒီထဲမှာ အမှန်တရားကို မြင်လာတဲ့အချိန်ထိ နေရမယ်. . ဒါပဲ"

"အဖေ တံခါးဖွင့်. . သားကိုလွှတ်. . "

"မလွှတ်ဘူး၊ မင်း. . နတ်တွေကို ပြန်တောင်းပန်ချေ၊ ဒီလိုဆိုရင်. . သူတို့က မင်းကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်နိုင်လိမ့်မယ်"

အဖေက တံခါးဖွင့်မပေးသည့်အပြင် တံခါးကို သံနှင့်ရိုက်သည့်အသံတွေပါ ကြားနေရသည်။ ထို့ကြောင့် ကြောက်စိတ်က ပိုတိုးလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ တံခါးဖွင့်ပေးပါ သားကြောက်တယ်၊ အောက်မှာ မနေရဲဘူး. . သားကြောက်တယ်"

ရဲမိုး ဘယ်လောက်ပဲ တောင်းပန်တောင်းပန် အခြေအနေက ထူးခြားမလာခဲ့။ တံခါးနေရာအနှံ့ သံရိုက်သံတွေသာ အဆက်မပြတ်ကြားနေရသည်။

"အဖေ. . အဖေ. . သား. . သားပါ၊ မကောင်းဆိုးဝါး မဟုတ်ပါဘူး"

အဖေထံမှ တူနှင့်ရိုက်နေသံမှအပ ဘာကိုမှ မကြားရ. . ၊ အဖေသူ့ကို အဆုံးစွန်အထိ မုန်းတီးသွားပြီထင်သည်။ ရဲမိုး တတွတ်တွတ်တောင်းပန်ပြီး လွှတ်ပေးဖို့ အဆက်မပြတ်တောင်းဆိုသည်၊ သို့သော် ဖခင်က လှစ်လျူရှုထား၏။ ရဲမိုးအသည်းနှလုံးကို လက်ဖြင့်ဆုပ်ချေလိုက်သလို အဖေ့ကို နာကျည်းမုန်းတီးသွား၏။

ထွက်သွားသည့်ခြေသံကို ကြားနေရသည်။ နောက်တော့ ဂိုထောင်တံခါးပိတ်သံကိုပါ ကြားလိုက်ရသည်။ ထိုအသံနှင့်အတူ ရဲမိုး၏ မျှော်လင့်ချက်များလည်း ကုန်ဆုံးသွားတော့၏။

စိတ်လျှော့လိုက်ပြီး အံဖုံးတံခါးနှင့် အနီးဆုံး လှေကားထစ်တွင် ရဲမိုးအားလျော့ပျော့ခွေစွာ ထိုင်နေမိသည်။ အမှောင်ထဲ တစ်ယောက်တည်းဆိုသောအသိက သူ့စိတ်ကို ခြောက်ခြားလို့နေသည်၊

မှောင်လာသည်နှင့်အမျှ နေရာအနှံ့မှ ချိုးချိုးချွတ်ချွတ် အသံများကို သူကြားနေရသလို ခြင်အကောင်တစ်ရာလောက် ဝိုင်းကိုက်တာကိုလည်း ရဲမိုးခံနေရတော့သည်။ ဘဝရဲပင်တည်း. .

အစတော့ သူထိတ်လန့်ခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ရဲမိုးနေသားကျအောင် တောင့်ခံရတော့သည်။ တဝီဝီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကိုက်နေသော ခြင်တို့ကို ရသမျှခွန်အားလေနှင့် မောင်းထုတ်နေရသည်။ ကြာတော့လည်း တစ်နေ့လုံး တစ်ညလုံးမအိပ်ရသေးသောရဲမိုး ခြင်မမောင်းနိုင်တော့. . မောမောနှင့် အိပ်ပျော်သွားတော့သည်။

သူဘယ်အချိန်ထိ အိပ်ပျော်သွားမှန်းပင်မသိ အပေါ်ဘက်ဂိုထောင်တံခါးဖွင့်သံကြားမှ သူနိုးလာသည်။

အလင်းရောင်က ဂိုထောင်ထဲသို့ တိုးဝင်နေပြီဖြစ်၏။

"ကိုကြီး. . ကိုကြီးဘယ်မှာလဲ"

"ညီလေး. . "

ရဲမိုး အသံပြန်ထူးလိုက်၏။

"ကိုကြီး အဆင်ပြေရဲ့လား"

"ညီလေးလား. . ကိုကြီးကို တံခါးဖွင့်ပေးပါကွာ"

"ညီလေး ဖွင့်ပေးလို့မရဘူး၊ ဖေကြီးက မဖွင့်ပေးရဘူးလို့မှာထားတယ်"

"ကိုကြီး အရမ်းဗိုက်ဆာနေလို့ပါ၊ ရေလည်းချိုးချင်နေတယ်ညီလေး. . "

"အဖေက ကိုကြီးကို ဘာမှမကျွေးရဘူးလို့ မှာထားသေးတယ်၊ ညီလေး အခု ကိုကြီးအတွက် ရေယူလာတယ်"

ရဲမိုး အံဖုံးတံခါးနား ရသလောက်တိုးကပ်သွားပြီး. .

"ညီလေး သေချာနားထောင်. . အဖေ့ငါ့ကိုသတ်တော့မှာ၊ ဒီအထဲက အမြန်ထုတ်ပေးပါကွာ"

"မရဘူး. . ကိုကြီး"

ရဲမိုး စိတ်ဓာတ်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ဒီအပေါက်က ရေလောင်းချပေးမယ်၊ ကိုကြီး အောက်ကပါးစပ်ဟပေးထား"

အဖေ့ကိုလည်း ပိုပြီး စိတ်နာသထက်နာသွား၏။ ရသမျှ အခွင့်အရေးကိုပဲ အမိအရယူကာ အားမွေးရမည်ဟုတွေးပြီး ပျဉ်ပြား အပေါက်နားဆီ ခေါင်းမော့၍တိုးကပ်ကာ ပါးစပ်ဟပေးထားလိုက်သည်။

"ကိုကြီး အဆင်သင့်ဖြစ်ပြီလား၊ ရေလောင်းချလိုက်တော့မယ်"

"အေး. ."

ချက်ချင်းဆိုသလိုပင် အာကာ ရေသန့်ဘူးတော့ကာ ရေကို ဖြည်းဖြည်းချင်းလောင်းချပေး၏။ အပေါက်မှတဆင့် ကျလာသည့် ရေကို ရဲမိုး အငမ်းမရ မျိုချသောက်သုံးနေရသည်။

"ညီလေး ရေကုန်သွားပြီလား. ."

"ကုန်သွားပြီ တစ်ခါရေတိုက်ရင် ရေသန့်ဘူး အလတ်တစ်ဘူးပဲတဲ့. . ညီလေး ရေဘူးအပိုယူလာဖို့တောင် စဉ်းစားသေးတယ်၊ ဒါပေမဲ့ အဖေက မနက်တစ်ဘူး ညတစ်ဘူးပဲ တိုက်ရမယ်လို့ မှာထားတယ်"

"ကိုကြီးကို တံခါးရအောင်ဖွင့်ပေးပါလား. ."

"အဖေက ပြောတယ်. . ကိုကြီးကို တစ်ပတ်လောက်တော့ ချုပ်ထားမှာတဲ့၊ ပြီးတော့ နတ်မင်းရဲ့ မိစ္ဆာစာရင်းက ပယ်ဖျက်ပေးမှ ကိုကြီးကို လွှတ်ပေးမှာတဲ့. ."

"ဘာ. . တစ်ပတ်တောင်ဟုတ်လား၊ ငါဒီထဲမှာ ဘယ်လိုလုပ် နေနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ညီလေးကိုခေါ်နေပြီ၊ ညီလေးသွားရတော့မယ်"

အာကာ့ စကားသံအဆုံးတွင် ခြေသံများနှင့်အတူ ဂိုထောင်တံခါးပိတ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"ညီလေး. . ညီလေး. . "

သူတို့ ညီအစ်ကိုနှစ်ယောက် ရုပ်ချင်းဆင်သော်လည်း စိတ်ဓာတ်ချင်းကတော့ မတူကြ၊ အာကာက အဖေ့စိတ်နှင့် တစ်ထေရာတည်း။ ဒါကြောင့်မို့လည်း အဖေ၏ မိစ္ဆာသုတ်သင်ရှင်းလင်းရေးလုပ်ငန်းစဉ်ကို အစဉ်တစိုက်ယုံကြည်စွာ ထောက်ခံအားပေးနေခြင်းပင်ဖြစ်သည်။

ရဲမိုးကတော့ အမေတူဖြစ်သည်။ သူ့စိတ်ဓာတ်က အမေ့လိုနူးညံ့သိမ်မွေ့သည်။ အဖေက နတ်များကို ယုံကြည်လွန်း၏။

ယုံကြည်ဆို နတ်များကိုတိုင်တည်ကာ ဟောပြောခြင်းဖြင့်ပင် စီးပွားရှာ၍ ကြီးပွားလာသူပင် မဟုတ်လား။ သို့သော် တစ်နွယ်ငင် တစ်စင်ပါဆိုသလို သားနှစ်ယောက်ကိုပါ နတ်များကို ယုံကြည်ခိုင်းသည်ကတော့ လွန်လွန်း၏။

အခုလည်း နတ်မင်းများကို သဒ္ဓါတရား ထက်သန်စွာနှင့် ယုံကြည်ပြီး သူတို့ခွင့်လွှတ်ပေးမှ မြေအောက်အချုပ်ခန်းက လွှတ်ပေးမည်ဟု ရာဇသံပေးသွား၏။ အဖေနှင့်ညီလေးတော့ ရက်စက်တဲ့နတ်ဆိုးတွေရဲ့ စေလိုရစေ ဖြစ်နေတာသေချာနေပြီ။

ရဲမိုး မယုံကြည်တာကိုတော့ မျက်စိ မှိတ်ပြီး လက်မခံချင်။ ဒီနေရာမှာ အဖေ၏ရက်စက်မှုနှင့် သူ၏မာနတရား၊ ခေါင်းမာမှုတို့အားပြိုင်ရတော့မည်ဖြစ်သည်။ တစ်ယောက်တည်းတွေးရင်း ရဲမိုး မှိုပြုံးပြုံးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ့ပါးကို ခြင်တစ်ကောင်လာကိုက်၍ ရဲမိုးရိုက်ချလိုက်ရသည်။

"ဖြောင်း . ."

သူတတ်နိုင်သလောက် တောင့်ခံမည်ဟုလည်း ဆုံးဖြတ်မိ၏။ တစ်ရက်လျှင် ရေတစ်လီတာနှုန်းနှင့် ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်မလဲဆိုတာ စမ်းသပ်ကြည့်ရပေတော့မည်။ လုပ်စရာ အလုပ်လည်းမရှိသလို အာဟာရပြည့်ဝနိုင်စရာအကြောင်းလည်း မရှိသည်မို့ . . အိပ်စက်အနားယူခြင်းကိုသာ အားကိုးရတော့မည်ဖြစ်ကြောင်း သဘောပေါက်မိသည်။

ဒီလိုနှင့် နေ့တွေလာလိုက် ညတွေရောက်လိုက်နှင့် နေရောင်ဝင်လာတဲ့ အရေအတွက်ကို လိုက်မှတ်နေရသည်။

ပြီးတော့ . . တံခါးဖွင့်သံတွေ . . . ညီလေးအာကာ ရောက်လာတဲ့အချိန်တွေ . . . ။

xxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၁၀)

ညက ပို၍တိတ်ဆိတ်မှောင်မည်းနေ၏။ လမ်းသွား လမ်းလာဟူ၍ ဘယ်သူမှမရှိ။ ရဲမိုး စကားပြတ်သွား၍ ရဲမှူးကြီး ကျော်စိုး လှည့်ကြည့်သည်။ သူ့ပုံစံက ရဲမိုးပြောတာ ဖြစ်နိုင်မဖြစ်နိုင် ဝေခွဲသုံး သပ်နေသလိုမျိုး။

"ဒါဆို မင်းက တစ်ပတ်လုံးလုံး ရေပဲသောက်နေရတာပေါ့"

"ဟုတ်တယ် . . ဆရာ၊ ကျွန်တော့်ကို ညီလေးက ရေပဲလာ တိုက်ပါတယ် . . "



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လို့လား. . စာရေးဆရာရယ်၊ ငါဆိုရင်တော့ သေနေလောက်ပြီ၊ ဒါနဲ့ မင်းအဖေ လာမကြည့်ဘူးလား. . "

"အင်း. . ခုနစ်ရက်မြောက်တဲ့နေ့မှာတော့ အဖေရောက်လာပါတယ်. . "

ရဲမိုး စိတ်အတွေးတွေက ထိုနေ့က အဖြစ်အပျက်များကိုပြန်မြင်ယောင်လာတော့၏။

ခုနှစ်ရက်မြောက်နေ့မှာ ရဲမိုး အာဟာရပြတ်ပြီး ယဲ့ယဲ့သာကျန်တော့သည်။ တံခါးဖွင့်သံ၊ လျှောက်လာသောခြေသံများ ကြားနေရတာတောင် ရဲမိုး မထနိုင်တော့။

သံများနှုတ်နေသံကြား၍ ရဲမိုးအားတက်သွားကာ လှဲနေရာမှ အားတင်း၍ထလိုက်၏။ အဖေက အံဖုံးတံခါးကို ဆွဲလှန်လိုက်သည်။ အောက်သို့ငုံ့ကြည့်ရင်း ရဲမိုးအား လှမ်းမေး၏။

"မင်း နတ်မင်းတွေကို မြင်ပြီလား၊ သူတို့ကို တောင်းပန်လိုက်ပြီလား၊ သူတို့ မင်းကိုဘာပြောသွားသေးလဲ ရဲမိုး. . "

ရဲမိုး ရှိသမျှအားလေးနှင့်. .

"ဒီအောက်ထဲမှာ ဘယ်နတ်မှမရှိပါဘူး အဖေရယ်"

ရဲမိုး အဖြေကြောင့် အဖေ အကြီးအကျယ်ဒေါပွသွားသည်ထင်၏။ တံခါးကို ဝုန်းခနဲပြန်ပိတ်ပြီး သံများပြန်ရိုက်နေသံကို ကြားရသည်။ ရဲမိုးသူ့အဖေအား တောင်းပန်စကားပြောမနေတော့။ သားအရင်းတစ်ယောက်အပေါ် အဖေက ဒီလိုလုပ်ရက်သည်ဆိုလျှင် လုပ်ပါစေဟုသာ သဘောထားလိုက်သည်။ သူဒီထဲမှ တစ်ပတ်ခန့်နေခဲ့ပြီးပြီ၊ အစာမစားရတာကလွဲလျှင် နေသားကျနေပြီဟုပင် ဆိုနိုင်၏။

ဤသို့ဖြင့်. . မြေအောက်အကျဉ်းစခန်းထဲတွင် ရဲမိုး ဘယ်


www.burmeseclassic.com

www.burmeseclassic.com


လောက်ထပ်ကြာသွားမှန်းမသိ၊ နောက်ထပ်ရက်တွေကို ရဲမိုးမှတ်သားနိုင်စွမ်းလည်းမရှိတော့. . ။

"ကျွန်တော်ထင်တယ်၊ နောက်ထပ်တစ်ပတ်လောက် ထပ်ကြာမယ်လို့ ကျွန်တော်ထင်တယ်၊ နောက်ဆုံး ကျွန်တော်ရှုံးတော့မလို တောင် ကြောင်သွားခဲ့တယ်၊ ကြောက်လန့် စိတ်အားငယ်မှုတွေနဲ့ အဖေ့အကြိုက်လိုက်ပြောဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့ရတယ်"

"အင်း. . . ပြောပါဦး. ."

လက်ထိပ်ခတ်ခံထားရသော လက်နှစ်ဖက်အား နေရထိုင်ရသက်သာအောင် ကားနောက်ခန်းမှာ ပြင်၍ထိုင်လိုက်ရင်း ရဲမိုး ဆက်ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


၄

တစ်နေ့ အာကာ ရေလာတိုက်ရာ သူ့ကိုဘယ်လိုမှ ခေါ်မရသဖြင့်. .

"အဖေ. . အဖေရေ ကိုကြီးကို ခေါ်လို့မရတော့ဘူး"

အဖေပြေးလာကာ တံခါးတွင် ရိုက်ထားသည့် သံများကို အလောတကြီးနှုတ်၍ ဖွင့်သည်။

"ရဲမိုး. . သား. . သားကြီး"

"ကိုကြီး. . "

သားအဖနှစ်ယောက် စိုးရိမ်တကြီးအော်ခေါ်ရင်း. . မြေအောက်ခန်းထဲ ဆင်းလာကြသည်။ အဖေက ရဲမိုးအား ပွေ့ထူကာ အပေါ်ခေါ်လာသည်။ ရေချိုးခန်းခြောက်ပြီး အာဟာရပြတ်နေသည့် ရဲမိုးမှာ အသက်မြော့မြော့သာကျန်တော့၏။

"သားငယ် အဖေ့ကို ရေပေးစမ်း"

အဖေက သောက်ရေကို လက်ဖြင့်ဆွတ်ပြီး ရဲမိုး နှုတ်ခမ်း


www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ရင် စိတ်လာအောင် သုတ်လိမ်းပေးသည်။ ရဲမိုးသတိရလာ၏။

ချက်ချင်းပင် အားယူလျှက်. .

"အဖေ. . သား နတ်မင်းနဲ့တွေ့ခဲ့တယ်၊ နတ်တွေကို သား မြင်ရပြီအဖေ"

ဒီတော့ အဖေက ဝမ်းမြောက်ဝမ်းသာစွာဖြင့်. . .

"သား. . ရော့ ရေသောက်လိုက်ဦး၊ ဖြည်းဖြည်းနော် တစ်ငုံချင်းသောက်. ."

ဒီတစ်ကြိမ်မှာ တစ်ငုံချင်းနှင့် ရေကို ရဲမိုးအဝသောက်သည်။ အဖေက ရဲမိုးအား ပွေ့ဖက်နမ်းရင်း ငိုလေတော့သည်။ ထို့နောက် ရဲမိုးအား အိမ်ပေါ်သို့ထမ်းခေါ်လာကာ ရေချိုးစေသည်။

အစားကောင်း အသောက်ကောင်းတွေ လုပ်ကျွေးသည်။ ညီလေး၏ မျက်နှာလေးလည်း ကြည်လင်ဝင်းပကာ အစ်ကိုဖြစ်သူကို တစိမ့်စိမ့်ကြည့် နေရှာသည်။ အငမ်းမရစားသောက်နေသော ရဲမိုးအား. . .

"ဖြည်းဖြည်းစားသား နင်နေမယ်၊ ပြီးရင် အားပြည့်အောင် အနားယူလိုက်၊ စားချင်တာရှိလည်းပြော အဖေသွားဝယ်ပေးဦးမယ်၊ ဒီမှာမင်းအတွက် အဖေကော်ဖီဖျော်ထားတယ်"

ထမင်းစားပွဲပေါ် ကော်ဖီခွက်ချပေးကာ အဖေပြောလိုက်သည်။ ရဲမိုး ခေါင်းငုံ့စားရင်းနှင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ နတ်မင်းတွေက သားကို ဘာတွေပြောသွားလဲ. ."

"သား အဖေ့အပေါ် အမြဲသံသယဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်"

စကားလမ်းကြောင်းလွှဲကာ ရဲမိုးပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သားအတွက် ဝမ်းနည်းသွားကာ. .

"အဖေလည်း တောင်းပန်ပါတယ် သားရယ်၊ ဒီလောက်ထိ လုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူး၊ သားကြီးတွေ့ခဲ့တဲ့နတ်တွေက ဘယ်လိုပုံစံမျိုးလဲသား"

"အဖေမြင်ရသလိုပဲပေါ့"

ထိုစဉ် အာကာမိုးကဝင်၍. .

"သားလည်းမြင်ချင်တယ်အဖေ"

ညီလေးဝင်ပြော၍ အဖေက ဟန့်သည်။

"သားလည်းမြင်ရမှာပေါ့. . ဆုတောင်းလေသားရဲ့"

"လုံးဝမတရားဘူး၊ သားကျတော့ ဘာလို့မမြင်ရတာလဲ"

အာကာ ကလေးဆိုးတစ်ယောက်လို မကျေမနပ်နှင့် တဗျစ်တောက်တောက် ပြောနေရှာသည်။ အဖေက ရဲမိုးအား ကြင်နာစွာကြည့်ရင်း. .

"အဲဒီအတွက် သားရဲ့အစ်ကိုက အများကြီးပေးဆပ်ခဲ့ရတာလေ. . ၊ ခုတော့ အားလုံးပြီးသွားပါပြီ၊ အဖေတို့အတွက် နေ့သစ်ကိုရောက်ပြီ၊ သားလည်း အဆင်သင့်ဖြစ်နေပြီပဲ ဟုတ်တယ်မို့လားရဲမိုး"

စားသောက်နေရင်း တန်းလန်းမို့ ရဲမိုး ခေါင်းသာညိတ်ပြလိုက်၏။ တကယ်တော့ ရဲမိုး နတ်တွေကို တစ်ယောက်မှမတွေ့. . ။ အဖေစိတ်ကျေနပ်အောင်နှင့် မြေအောက်ခန်းထဲပြန်မဆင်းရအောင် လိမ်လည်ပြောဆိုလိုက်ခြင်းသာဖြစ်၏။

×××××××××××××××××××××



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးတို့ ညီအစ်ကိုနှစ်ယောက် စက်ဘီးကိုယ်စီနှင့် ကျောင်းမှ ပြန်လာကြသည်။ ကျောင်းမှာသာမက သူတို့ရောက်လေရာနေရာ တိုင်းတွင် လူပျောက်မှုအကြောင်းက ရေပန်းအစားဆုံး အဖြစ်အပျက် ဖြစ်နေသည်။ ပဲခူး၊ အင်းတကော်၊ လှည်းကူး၊ ဘုရားကြီးတို့မှ စုစုပေါင်း လူခြောက်ယောက်ပျောက်မှုက သိပ်ကိုနာမည်ကြီးလို့ နေခဲ့ပြီ။

ရဲမိုးအား မြေအောက်ခန်းတွင် ချုပ်ထားစဉ်ကလည်း ထင်းရုံတဲတွင် အဖေလူနှစ်ယောက်သတ်ခဲ့သေးသည်။ ဒါတွေကို အာကာပြန်ပြောပြ၍ သိခဲ့ရခြင်းဖြစ်သည်။ ရဲကလည်း ခုထိတရားခံကို မဖမ်းနိုင်သေးသည့်အတွက် ဂျာနယ်စာမျက်နှာများပေါ်တွင် ဝေဖန်တိုက်ခိုက် အပြစ်တင်ခံနေရသည်။

လူပျောက်မှုများနှင့်ပတ်သက်ပြီး တိတိကျကျ သတင်းပေးနိုင်သူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်ဟု ကြော်ငြာများပင် ကပ်

www.burmeseclassic.com



ထားရသည်အထိ နာမည်ကြီးနေသည်။

အထူးသဖြင့် လှည်းကူးနှင့် ပဲခူးရဲစခန်းမှရဲများ အလုပ်အများဆုံးဖြစ်နေခဲ့သည်။ ကင်းပုန်းလှည့်ခြင်း၊ ကင်းချစောင့်ဆိုင်းခြင်းများကိုပါပြုလုပ်ကာ ကြိုတင်ကာကွယ်နေကြပြီဖြစ်သည်။ သို့သော် ဦးအောင်ခိုင်ဆိုသူကိုတော့ ဘယ်ရဲကမှ သံသယမဖြစ်ကြ၊ ဂုဏ်သည့် အလုပ်အကိုင်နှင့် နာမည်ပျက်မရှိသည့် အဖေ့ဂုဏ်သိက္ခာ...ရဲတွေ မျက်စိမှောက်အောင်လုပ်ဖို့ အကောင်းဆုံး အကာအကွယ်တစ်ခုဖြစ်နေသည်လေ။

အဖေ ထမင်းကိုသာ အသံတိတ်စားနေလေ၏။ အမှန်တကယ်လည်း အဖေငြိမ်နေသည်။ စာရင်းစာရွက်ပါ လူနာမည်များထဲမှ ခြစ်မထားရသေးသော လက်ကျန်နာမည်စာရင်းကို ကြည့်ကာ. . သတ်ပြီးသူများကို အထပ်ထပ်ခြစ်ပစ်ရင်း အာသာဖြေနေ၏။

သို့သော် လူ့သဘာဝအရ ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက် ဆိုစကားအတိုင်း လူတွေလည်းကြာတော့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြသည်။ ရဲတပ်ဖွဲ့လည်း လုပ်အားတွေလျော့ကျသွား၏။

"သားကြီး ဒီည အဖေတို့ ထပ်လှုပ်ရှားကြမယ်. . "

"ဗျာ!. . . "

ကြိုတင်စီစဉ်ထားရန် ခိုင်းလာတော့ ရဲမိုး အမှန်တကယ်ပင် ခြောက်ခြားသွားသည်။ ရဲမိုး ညရောက်လာမှာ ကြောက်နေသော်လည်း ညီငယ်က ပျော်နေ၏။ မြေအောက်ခန်းကို သန့်ရှင်းရေးလုပ်၊ မော်တာတပ်လွှစက်ထဲဆီဖြည့်၊ ပုဆိန်သွားကိုသထားပေးရသည်။

ညရှစ်နာရီလောက်တွင် အဖေက သွားကြရအောင်ဟု. . ပြောလာသည်။ လူသွားလူလာများသေးသော အချိန်ကြီးမှာ အဖေ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမည်ဆိုတော့ ရဲမိုး ဒီညအချုပ်ထဲ အိပ်ဖို့သာ စိတ်ဒုန်းဒုန်းချ ထားလိုက်တော့သည်။

ကားနှင့် သူတို့ ပဲခူးမြို့ထဲဝင်လာခဲ့ကြ၏။ လူတွေ အားလာ လှုပ်ရှားလို့ ကောင်းနေဆဲ။ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ အရက် ဆိုင်နှင့် စင်တင်ဂီတဖျော်ဖြေပွဲများတွင် ပျော်လို့ကောင်းနေကြဆဲပင် ဖြစ်သည်။

အာကာမိုး အဖေ့နာမည်စာရင်းကို လှမ်းကြည့်ရင်း. .

"ဖေဖေ. . အဲဒီ နေပိုင်ဆိုတဲ့လူက မိစ္ဆာလားဟင်"

"အေး ဟုတ်တယ်. . သားငယ်"

ဟိုကွေ့ဒီပတ်နှင့် ဟသ်ာကုန်းဘက်သို့ ရောက်လာသည်။ နောက်ထပ်ဆယ်မိနစ်လောက် ဆက်မောင်းလာပြီးနောက် အိမ်နှင့် တွဲနေသည့် ကားဝပ်ရှော့တစ်ခုရှေ့သို့ ကားကိုရပ်လိုက်၏။

"ဒါ မိစ္ဆာစာရင်းထဲက နေပိုင်ရဲ့အိမ်ပဲ သားကြီး၊ မင်းလိုက် ခဲ့. . အရေးကြုံလာရင် လက်မနှေးနဲ့နော်. . "

ပြင်းနေသည်း အကြောင်းထူးမှာမဟုတ်၍ ရဲမိုး ဂ. ..ပါမှ ဆင်းလိုက်ရသည်။

"ရော့. . သားကြီး၊ နတ်မင်းတွေနဲ့ တွေ့ပြီးပြီဆိုတော့ ဒီ လက်အိတ်က သားအတွက်ဖြစ်သွားပြီ"

အဖေက နတ်တွေပေးသည်ဟု ယူဆထားသော လက် အိတ်ကို ရဲမိုးလက်ထဲ ထည့်ပေးလိုက်၏။

"သားငယ်က ကားထဲမှာနေခဲ့ပြီး သေချာကြည့်ထားလိုက်"

"ကားလည်းလိုက်ခဲ့မယ်"

. .ကာက သူတို့နှင့်လိုက်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလိုက်လို့မရသေးဘူး၊ အချိန် ဘန်ရင် သားအလှည့် ရောက်လာမှာပါကွာ"

အဖေက နတ်ရိုက်တုတ်ကို ခါးကြားထိုးကာ. .

"ကဲ. . သွားရအောင်"

အိမ်ရှေ့အရောက် အဖေ တံခါးခေါက်လိုက်၏။

တံခါးပွင့်လာပြီး. . .

"ဟာ. . ကိုအောင်ခိုင် ဘာများဖြစ်လို့လဲ"

အဖေ အိမ်ထဲလှမ်းကြည့်တော့ ဘယ်သူမှမတွေ့. .

"မင်းမိန်းမနဲ့ ကလေးတော. ."

"ငွေဆောင်သွားတယ်. . ကိုအောင်ခိုင်ရဲ့"

အဖေ့မျက်ဝန်းတွေ ဝင်းလက်သွား၏။ သူ မိစ္ဆာတွေ သတ်တော့မယ်ဆိုရင်. . နတ်မင်းက လမ်းကြောင်းရှင်းပေးထားသည်ဟု အဖေသိလိုက်လေပြီ။

"အေးကွာ. . ငါတို့သားအဖတွေလည်း ရန်ကုန်ဆင်းမလို့ ဆယ့်သုံး (၁၈၅)တာယာတစ်လုံးလောက်ရှိရင် ငါဝယ်ချင်လို့ကွာ"

"ရှိတယ်. . ရှိတယ်. ခနလေးနော်. . ကိုအောင်ခိုင်"

နေပိုင် အိမ်ထဲဝင်သွားပြီး သော့တစ်ချောင်းကိုင်ကာ ပြန်ထွက်လာသည်။ နေပိုင့် အကြည့်တွေက အဖေ့ခါးကြားမှ တုတ်ကို တွေ့သွားပြီး. .

"ဟာ. . ကိုအောင်ခိုင် ခါးကြားမှာလည်း တုတ်တွေဘာ တွေနဲ့ပါလား"

"ဩော်. . ဒါလား ဘာမှမဟုတ်ပါဘူး၊ အခုတလော လူပျောက်တာတွေ ဆက်တိုက်ဖြစ်နေတယ်လေ၊ အဲဒါကြောင့် ညနေ



www.burmeseclassic.com

www.burmeseclassic.com



ညတာအတွက် ဆောင်ထားရတာ"

"ကောင်းပါတယ်. . သတိရှိတော့ အန္တရာယ်ကင်းတာပေါ့၊ လာ. . ကိုအောင်ခိုင် ကျွန်တော့်နောက်လိုက်ခဲ့"

နေပိုင်က ဝပ်ရှော့ရှဲ တံခါးကိုဖွင့်လိုက်၏။ သားအဖနှစ်ယောက် နေပိုင့်နောက်နားမှာ ကပ်ရပ်လိုက်သည်။ တံခါးဖွင့်ပြီး နေပိုင် အထဲသို့ဝင်သွားကာ တာယာတွေရှာနေသည်။

နေပိုင် တာယာသစ်တစ်လုံးကို လှမ်းယူလိုက်စဉ်. . အဖေ နောက်မှ တုတ်နှင့်ရိုက်ချလိုက်လေတော့သည်။

"ဒုတ်!. ."

"အား!. ."

သို့သော်. . နေပိုင်မှာ ဗလတောင့်တောင့် အရပ်မြင့်မြင့်မို့ ချက်ချင်းလဲမသွားသေးဘဲ အရိုက်ခံရသောသူ့ခေါင်းကို ကိုင်လျှက်

"ဟာ!. . ခင်. . ခင်ဗျား. ."

ချက်ချင်းပင် ဂွရှည်တစ်ချောင်း ဆွဲယူ၍ အဖေ့ကိုပြန်ရိုက်သည်။ နေပိုင်၏ ခွန်အားဗလက ထင်ထားသည်ထက် ပိုမိုသန်မာနေသည်မို့ တဖြည်းဖြည်းနှင့် အဖေ အရေးနိမ့်လာ၏။ ဝပ်ရှော့ထဲ ဝေ့ဝဲကြည့်ရာ သံပိုက်တစ်ချောင်းကို ရဲမိုးတွေ့၏။

သိပ်ကြာကြာမစောင့်လိုက်ရ လဲကျသွားသော အဖေ့အပေါ် ကားယားခွကာ ကော်လံစကိုဆွဲပြီး အပိုင်ထိုးဖို့ ဟန်ပြင်နေသော နေပိုင်၏ဂုတ်ပိုးကို ရဲမိုးက သံပိုက်နှင့် အားကုန်ဖြတ်ရိုက်လိုက်လေသည်။

ရိုက်ချက်ပြင်းပြီး ချက်ကောင်းထိသွားသဖြင့် နေပိုင်လဲကျမေ့မြောသွားတော့၏။ အချိန်မဆွဲဘဲ နေပိုင်အား သားအဖနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဝိုင်းမကာ ကားပေါ်တင်လိုက်ကြသည်။ နေပိုင်ရဲ့ လက်ဆကို သိလိုက်ရပြီမို့ ခြေရာလက်ပါ ကြိုးနှင့်တုပ်နှောင်ရ၏။ သူတို့ဝပ်ရှော့တံခါးကို ပြန်ပိတ်ပြီး အဆောတလျှင် မောင်းထွက်ခဲ့ကြလေတော့သည်။

xxxxxxxxxxxxxxxxxxxxxx

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ရဲမှူးကြီးကျော်စိုး မောင်းလာသည့်ကားက ပဲခူးမြို့ပြင်သို့ ဦးတည်နေပြီဖြစ်သည်။ လက်ထိပ်ကိုင့်ကြည့်ကာ စကားမပြောတော့ဘဲ ငြိမ်နေသော ရဲမိုးအား လှည့်ကြည့်ရင်း. .

"ဘာဖြစ်နေတာလဲ ရဲမိုး. ."

"ဗျာ. . ဩော် ဘာမှမဖြစ်ပါဘူး၊ ပြောရင်းနဲ့ အဖေ့ကိုသတိရလို့ပါ. ."

"အေး. . ငါလည်း မေးဖို့မေ့နေတာ၊ မင်းအဖေရော ဘယ်

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


လိုဖြစ်သွားသလဲ”

မေးလာသော ကျော်စိုးအား ရဲမိုး မော့ကြည့်သည်။ သူ့မျက်ဝန်းတွေက ရီဝေနေ၏။

“အခု အဖေ့အကြောင်း ကျွန်တော်ပြောတော့မလို့ပါ. . ဆရာ”

ကျော်စိုး ခေါင်းညိတ်ပြသည်။ လှည့်မကြည့်တော့ဘဲ လမ်းကိုသာ ဂရုတစိုက် ကြည့်မောင်းနေလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့ကလည်း ရဲမိုးတို့ ဒီလမ်းလေးအတိုင်း ပြန်လာခဲ့ကြခြင်းဖြစ်သည်။

နေပိုင်ဆိုသူ အနည်းငယ် လူးလွန့်လာသည်မို့ အာကာမိုး သက်ရဲဇက်ရဲပင် တုတ်နှင့်ထပ်ရိုက်လိုက်သေး၏။ ကားကို အိမ်နောက်ဘက်ဂိုထောင်ရှေ့ထိ မောင်းလာပြီး တံခါးအထပ်ထပ်ဖွင့်ကာ နေပိုင်အား မြေအောက်ခန်းထဲထိ သယ်မလာခဲ့ကြ၏။

အောက်ရောက်သည်နှင့် အဖေက. .

"ရော့. . သားကြီး"

ရဲမိုးလက်ထဲသို့ ပုဆိန်ကိုထည့်ပေးလိုက်၏။

"အဖေ. . သားကြီးအတွက် ဂုဏ်ယူရတော့မယ်၊ အဖေ့ခြေရာနင်းမယ့် သားကြီးကွ"

ရဲမိုး ပုခုံးကိုပုတ်ရင်း အဖေပြောလိုက်၏။ ထို့နောက် နေပိုင်


www.burmeseclassic.com

www.burmeseclassic.com



အား အဖေလက်နှင့် သွားထိလိုက်သည်။ အမှန်တကယ်လား ဟု မိ ဆောင်တာလားတော့မသိ၊ အဖေ့ တစ်ကိုယ်လုံး တဆတ်ဆတ်ဟုန် လာကာ နေပိုင်၏ သမိုင်းကြောင်းအစုံအလင်ကို မြင်တွေ့နေရသည် လား မပြောတတ်တော့. . .

"မိစ္ဆာကောင်၊ အယုတ်တမာ၊ လူ့အမှိုက်၊ မုဒိမ်းကောင်၊ ဆေးသမား"

ဟု နာမည်မျိုးစုံနှင့် ခေါ်ဝေါ်နေဝေ့၏။ အဖေ ကိုင်ထား သည့်လက်ကို လွှတ်လိုက်ပြီး. .

"ကဲ. . သားကြီး ဒီမကောင်းဆိုးဝါးကောင်ကို သတ်လိုက် တော့. . ."

သူမလုပ်ချင်ဆုံးအရာကို အဖေကခိုင်းနေ၏။ အဖေ့စိတ် တိုင်းကျ သူပုဆိန်ကို မြှောက်ကိုင်လိုက်သည်။ နေပိုင်ဆိုသူကို ခုတ် ဖို့ ရဲမိုး ဟန်ပြင်ပြီးမှ. . မခုတ်ရက်ပဲ လက်ပြန်ချလိုက်သည်။ အပြစ် မရှိသောလူတွေကို ဘာလို့အဖေလိုက်သတ်နေရတာလဲ. . ။

သူ လူမသတ်ချင်. . သူ့ဘဝကို ဒီလိုအမည်းစက်ကြီးဖြစ် အောင် အဖေတွန်းပို့နေပြီ။ ဒီလိုလူသတ်အောင်လည်း နှစ်ပတ် လောက်အစာမကျွေးဘဲ သူ့ကိုနှိပ်စက်ခဲ့ပြီးပြီ။ နောက်ထပ်လဲ လူတွေ ဘယ်လောက်တောင် သတ်ခိုင်းအုံးမည်မသိ. . ။

ခုတော့ သူ လူတစ်ယောက်ကို သတ်ကိုသတ်ရတော့မည်၊ ထို့ကြောင့် ရဲမိုး ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်တော့သည်။

နေပိုင်လည်း သေရတော့မည်ဆိုတာသိပြီး အကြောင်းအ ကန်ရှုန်းထွက် လူးလွန့်နေတော့သည်။ ကြိုး ချာလက်ပါ တုတ်နှောင် ထား၍သာ တော်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးလည်း အဖေ့ကိုဘယ်လိုပင်ကြောက်ကြောက်၊ ဘယ်လောက်ပဲအားတင်းတင်း. . လူသတ်လောက်အောင် စိတ်တွေက မကြမ်းတမ်းသည့်အတွက် အကြီးအကျယ် တုန်လှုပ်နေလေ၏။

"သားကြီး သတ်လေကွာ. ."

ရဲမိုး မျက်လုံးစုံမှိတ်ကာ ပုဆိန်ကိုအားကုန်လွဲချလိုက်၏။ သူလွဲလိုက်သည်က နေပိုင့်ဆီသို့မဟုတ်၊ အဖေ့ရင်ခွင်ဆီသို့ ဖြစ်နေ၏။

"ဒုတ်!. ."

"အ!. ."

"အဖေ. ."

ညီငယ်၏ ကျယ်လောင်စွာ အော်လိုက်သောအသံကို ကြားလိုက်ရသည်။ ပုဆိန်အသွားက အဖေ့ရင်ဘတ်အား စိုက်ဝင်နေလေပြီ။ အဖေ အသံမထွက်နိုင်တော့ဘဲ ဗိုင်းခနဲလဲကျသွား၏။

"အဖေ. . နေဦး. . နေ. . နေပါဦး"

ညီလေး အဖေ့ဆီပြေးသွားပြီး ရှိသမျှအားလေးနှင့် အဖေ့ကို ရင်ခွင်ပိုက်ထားလိုက်၏။

ရဲမိုးကတော့ အဖေ့နားသို့မသွား ကြောင်ပြီးရပ်ကြည့်နေ၏။ မသိစိတ်၊ နားကြည်းမှုတို့ ပေါင်းစပ်သွားပြီး လျှပ်တပြက်ဖြစ်သွားခြင်းလည်း ဖြစ်သည်။ အဖေမှာ ရင်ဝပုဆိန်စိုက်လျှက်နှင့် ရဲမိုးကို နားမလည်သော မျက်လုံးအစုံနှင့် ကြည့်နေလေသည်။

အဖေအသက်ကို ခပ်ပြင်းပြင်းရှူရင်း မျက်ရည်တွေဝဲတက်လာသည်။ ထို့နောက် ဘေးမှသားငယ်ကို အနားလာခိုင်းကာ တိုးညင်းစွာ အမှာစကားတွေခြွေနေ၏။ ပြောပြီး. . ရဲမိုးဘက်လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်စူးစူးကြည့်နေရင်း အဖေဇက်ကျိုးကျသွားတော့သည်။

"အဖေ. . အဖေ. . ."

အဖေချစ်သား အာကာမိုး လှုပ်ကာခေါ်နေသော်လည်း အဖေကနိုးမလာတော့. . ၊ အာကာ. . ရဲမိုးကို နာကျည်းသော မျက်လုံးတွေနှင့် ကြည့်နေလေပြီ။

ရဲမိုးကတော့ ဝမ်းနည်းမှုမရှိ။ သူ့ဘဝ လွတ်လပ်သွားသူတစ်ယောက်လို အချုပ်အနှောင်ခံထားရသော နေပိုင်ထံ လျှောက်လာလိုက်သည်။ မြေပြင်ပေါ်လဲနေသော နေပိုင့်ပါးစပ်မှ တိပ်ကို ဆွဲခွာပေးလိုက်သည်နှင့်. . .

"အား. . မလုပ်နဲ့. . "

ရဲမိုးနောက်သို့ကြည့်ကာ နေပိုင် ကုန်းအော်လိုက်သည်။

ရဲမိုး လှည့်အကြည့် အဖေရင်ခွင်မှ ဆွဲနှုတ်လာသော ဓားမြှောင်ကိုမြှောက်လျှက် အာကာပြေးဝင်လာခြင်းဖြစ်သည်။

"အား!. . "

"ဒုတ်!!. . "

အာကာ ခုတ်ချလိုက်လေပြီ။

ပုဆိန်သွားက နေပိုင်၏ လည်ပင်းတည့်တည့်သို့ဖြစ်နေ၏။ သွေးများဖြာထွက်ကာ ရဲမိုးကိုပင် လာစင်လေသည်။

"ဟာ. . ညီလေး မင်းဘယ်လို လုပ်လိုက်တာလဲ"

"သူက မကောင်းဆိုးဝါးလေ. . ရှင်းပစ်ရမှာပဲ မဟုတ်လား ကိုကြီးလည်း မကောင်းဆိုးဝါးမိစ္ဆာဖြစ်နေပြီလို့. . အဖေပြောသွားတယ်၊ ညီအစ်ကိုချင်းမို့ ကိုကြီးကို အရင်မခုတ်လိုက်တာ. . ၊ ကိုကြီးကိုယ့်အဖေတစ်ယောက်လုံးကိုတောင် ရက်ရက်စက်စက် သတ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုကြီးကမှ တကယ့်မကောင်းဆိုးဝါးမိစ္ဆာကောင်ကြီး. . ဟီး ဟီး"

အာကာပြောရင်း ငိုချလိုက်လေတော့သည်။ ထို့နောက်. . သွေးစွန်းနေသောပုဆိန်ကို လက်ထဲမှ အာကာလွှတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးကြီးကျော်စိုး နောက်ကြည့်မှန်မှ ရဲမိုးကို မျက်မှောင်ကြုတ်ကာ လှမ်းကြည့်လိုက်၏။

"အဖေ့ကို ကျွန်တော်တို့ ယူကာလစ်တောမှာပဲ မြှုပ်လိုက်ကြတယ် ဆရာ၊ ကျွန်တော်တို့ ရဲစခန်းကို သွားခဲ့ပါသေးတယ်၊ ဇာဖေ့အလောင်းကိုမြှုပ်ပြီး တပတ်လောက်ကြာမှ သွားခဲ့တာပါ၊ အဖေအိမ်ပြန်မလာတာ တစ်ပတ်ရှိသွားပြီဆိုတဲ့အကြောင်း ရဲစခန်းကို သွားအကြောင်းကြားတာပါ၊ သူတို့တွေ ရှာကြပါသေးတယ်၊ ဒါပေမယ့် သူ ့ဒို့ အဖေ့ကို ဘယ်တော့မှရှာမတွေ့ခဲ့ပါဘူး၊

ထူးဆန်းတာတွေက အဖေသေပြီးတော့မှ ကျွန်တော်မှာ စဖြစ်တာပဲ ဆရာ"

"ဘာတွေဖြစ်တာလဲ. . ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ့အလောင်းကို မြေမြှုပ်ဖို့ မ,လိုက်ချိန်၌ ရဲမိုး ခေါင်းကိုလိုက်သလိုဖြစ်သွားပြီး တစ်ကိုယ်လုံး တုန်ခါသွားတော့၏။

ထိုသို့တုန်ခါနေစဉ် အဖေ့အတိတ်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့သည်။ ထိုစဉ်က. . ရဲမိုးတို့ညီအစ်ကို အတော်ငယ်သေးသည်။ အမေ့နာမည်က နန်းအိဇာဖြစ်ပြီး တောင်ကြီးသူ ရှမ်းအမျိုးသမီးတစ်ယောက်လည်းဖြစ်၏။

ရှမ်းတိုင်းရင်းသူပီပီ အမေကချောသည်။ အဖေကတော့ အညာသားမို့ အသားအနည်းငယ်ညိုကာ သာမန်ရုပ်ရည်သာရှိ၏။ ထို့ကြောင့် အဖေက အမေ့ကို စိတ်မချသလို အချစ်ပိုပြီး သဝန်တိုသည်။

တခြားယောကျ်ားတစ်ယောက်ယောက်နှင့် စကားပြောမိလျှင် ထိုနေ့အဖို့ အဖေကပြဿနာမျိုးစုံရှာကာ လင်မယားရန်ဖြစ်ကြတော့သည်။ အချစ်လွန်ပြီး ချုပ်ချယ်လွန်းသဖြင့်လည်း အမေ့မှာ. .



www.burmeseclassic.com

www.burmeseclassic.com


အချုပ်ကျသလို၊ ထောင်ကျနေသလို ခံစားနေရ၏။

သဝန်တိုစိတ်နှင့် အမေသွားလေရာ နောက်ယောင်ခံလိုက်ပြီး ယောက်ျားတစ်ယောက်ယောက်နှင့် စကားပြောမိလျှင် ချက်ချင်းဆိုသလို ရောက်လာကာ ကြိမ်းမောင်းပြောဆိုရင်း လက်ဆွဲ၍ ပြန်ခေါ်သွားလေ့ရှိသည်။

ထိုကဲ့သို့ ကြိမ်ဖန်များစွာ ကြုံလာတော့ အမေရှက်ပြီး အပြင်မထွက်တော့၊ ဈေးဝယ်ထွက်တာပင် မလုပ်တော့သဖြင့် အဖေကိုယ်တိုင် ဝယ်ခြမ်းချက်ပြုရတော့၏။ အိမ်တွင်းအောင်းနေတော့လည်း အပြစ်ကမလွတ်၊ ပညာလာသင်သော အဖေ့တပည့်တစ်ယောက်နှင့် အမေ့ကိုသမုတ်ပြန်သည်။

အဓိပ္ပာယ်မရှိစွပ်စွဲတာတွေ မလုပ်ဖို့တားသည့် အမေနှင့် အကြီးအကျယ်ရန်ဖြစ်ကြသည်။ သားနှစ်ယောက်ရလာချိန်ထိ အဖေ့အချိုးတွေ မပြောင်းသည့်အတွက် အမေ့မှာ အိမ်ထောင်ရေးသုခလုံးဝမခံစားရဘဲ လောကငရဲကျသလို ခံစားနေရတော့၏။

စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး အမေ အိပ်ရာထဲလဲချိန်မှာ အဖေက ဆရာဝန်ပင့်ကာ ဂရုတစိုက်ပြုစုသည်။ ဘာရောဂါမှမရှိသည်မို့ စိတ်ချမ်းသာအောင် ထားပါဆိုသည့် ဆရာဝန့်စကားကို. . အဖေမလိုက်နာခဲ့. .

နေ့ရှိသ၍. . . လင်ငယ်နေသည်၊ ဖောက်ပြန်သည်ဆိုသည့် စကားကို ဂါထာလိုရွတ်နေသော အဖေ့အား အမေက ကွာရှင်းကြဖို့ တောင်းဆိုလာတော့၏။ ထိုစကားကြောင့် အဖေအထိနာသွားသည်။ အမေ့အား စွန့်လွှတ်ရမည့်အဖြစ်ကို အဖေလုံးဝရင်မဆိုင်ခဲ့. . ။

လင်မယားတွေ ညှိနှိုင်းတော့လည်း အဆင်မပြေသည့်အ


www.burmeseclassic.com

www.burmeseclassic.com


တွက် ရှူးကြောင်ကြောင်ဖြစ်နေသောအဖေက အမေ့အား အဆိပ်ခတ်သတ်ပစ်လိုက်တော့သည်။

ပတ်ဝန်းကျင်ကိုတော့. . အမေ အဆိပ်သောက်သေသွားသည်ဟု သတင်းလွှင့်ခဲ့သည်။ ရဲမိုးတို့လည်း ငယ်သေးသဖြင့် အဖြစ်မှန်ကို မသိခဲ့ကြ။

အခုမှ အဖေ့လက်ကိုဆုပ်ကိုင်မိပြီး အတိတ်က ဖြစ်ရပ်များအား ရုပ်ရှင်ကြည့်ရသလို ပြန်မြင်ရခြင်းဖြစ်၏။ တကယ်တန်းကျတော့ အဖေကိုယ်တိုင် မကောင်းဆိုးဝါးဖြစ်နေတာကို အခုမှပဲ ရဲမိုးသိလိုက်ရခြင်းဖြစ်သည်။

ရဲမိုး အဖေ့အား အတော်ပင် နာကျည်းသွားခဲ့သည်။ အမေ့အား အဖေကိုယ်တိုင် သတ်ပစ်ခဲ့ပြီးနောက်. . ၊ အဖေတစ်ယောက်တည်း အထီးကျန်ဝေဒနာကိုခံစားရင်း တရားထိုင်ရာမှ အကြားအမြင်ရလိုလို၊ နတ်ဝင်သလိုလိုနှင့် နဟ်ရုပ်များ အိမ်သို့တစ်ရုပ်ပြီးတစ်ရုပ် ရောက်လာလေတော့သည်။

ရဲမိုးကိုယ်တိုင်ကလည်း ခုလိုတွေမြင်လာရတာဟာ. . ဘာကြောင့်ဆိုတာ အဖြေရှာမရ။ အဖေ့ကိုယ်ထဲကနတ်ဆိုး သွေးဆီများ ရောက်လာလေသလား. . မသိ။

xxxxxxxxxxxxxxxxxxxxx


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"မင်း တို့ဖြစ်သွားတဲ့အကြောင်းကို ဘယ်သူမှမသိလိုက်ဘူးလား"

"မသိကြဘူး၊ အခုချိန်ထိ ဘယ်သူမှမသိသေးဘူး ဆရာ"

"မင်းညီ အာကာမိုးကရော တစ်ခြားသူတွေကို မပြောပြဘူးလား"

"သူလည်း ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး"

ကားက ယူကလစ်တောစပ်သို့ ရောက်လာပြီ။ ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဝင်လို့ မရတော့သည့်အတွက် နှစ်ယောက်လုံး ကားပေါ်မှဆင်းခဲ့ကြ၏။ ရွက်ကြွေများကိုနင်းကာ ရဲမှူးကြီးကျော်စိုး ဓာတ်မီးတစ်လက်ကိုကိုင်လျက် တောထဲဆက်ဝင်လာခဲ့ကြသည်။

"မင်းတို့ ညီအစ်ကိုနှစ်ယောက်အကြောင်း ဆက်ပြောစမ်းပါအုံးကွ"

ရဲမိုးတို့အမှုကို စိတ်ဝင်စားနေပြီဖြစ်သော ကျော်စိုးက ဆက်မေးလာသည်။ ရဲမိုးက ယူကလစ်အပင်တစ်ပင်ကိုမှီပြီး ခဏနားလိုက်သည်။

"အဲ့ဒီညက. . ."

ဟု စကားအစချီကာ ကျော်စိုးမျက်နှာကို စူးစိုက်စွာကြည့်ရင်း အတိတ်ကအဖြစ်တွေကို ဆက်ပြောပြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့ညက ရဲမိုးတို့ညီအစ်ကိုနှစ်ယောက် အဖေ့အလောင်းနှင့် နေပိုင့်အလောင်းအား တွန်းလှည်းပေါ်တင်၍ ယူကလစ်တောသို့ ဝင်လေသည်။ နှစ်ယောက်စာ ကျင်းကြီးတစ်ကျင်း တူးကြသည်။

ကျင်းတူးပြီး၍ အဆင်သင့်ဖြစ်သည့်အခါမှ အာကာက အဖေ့အလောင်းအားကန်တော့ကာ တိုင်တည်သည်။

"အဖေ. . အဖေရဲ့ မပြီးဆုံးသေးတဲ့အလုပ်ကို သားဆက်လုပ်မယ်လို့ ကတိပြုပါတယ် အဖေ. ."

အာကာ၏ တိုင်တည်စကားကြောင့် ရဲမိုး မျက်လုံးပြူးသွား၏။

"ဟာ. . ညီလေး မင်းဘာတွေပြောနေတာလဲ၊ အဖေ့အလုပ်တွေက အဖေနဲ့အတူ ပြီးဆုံးသွားပြီလေ၊ မင်းဘာမှ ဆက်လုပ်စရာမလိုဘူး. ."

"ဘယ်ဟုတ်ပါ့မလဲ၊ အဖေ့ဆန္ဒတွေ မပြည့်ခင်မှာ အဖေ့ကို


www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးသတ်လိုက်တာလေ၊ မိဘရဲ့ ကောင်းမွေဆိုးမွေမှန်သမျှ သားသမီးက အမွေဆက်ခံရမှာပဲပေါ့၊ အဲ့ဒီအတွက် ဆက်ပြီးလုပ်ကိုလုပ်ရမှာပဲ"

"မင်းကော ငါ့ကိုမကောင်းဆိုးဝါးဆိုပြီး သတ်ချင်စိတ်တွေဖြစ်မနေဘူးလား၊ မင်းသတ်ချင်ရင် အခုတစ်ခါတည်းသတ်လိုက်စမ်းပါ၊ ပြီးရင်. . ဒီမှာပဲ တစ်ခါတည်းမြေမြှုပ်ပေးလိုက်ပေါ့ကွာ"

အာကာ မျက်ရည်တွေဝဲလာကာ သူ့အစ်ကိုကိုကြည့်ပြီး. .

"ညီလေး ကိုကြီးကို အဖေ့အတွက် ကလဲ့စားပြန်ချေမယ်၊ ပြီးတော့ ကိုကြီးအလောင်းကို ဒီနေရာမှာပဲလာမြှုပ်မှာပါ"

ရဲမိုး သူတို့နောက်ကြောင်းပြန်ပြောတာကို ရပ်လိုက်ပြီး. . ယူကလစ်တောထဲ ဆက်ဝင်လာခဲ့သည်။ ရဲမျိုးကျော်စိုးလည်း ရဲမိုးနောက်မှ ကပ်လိုက်လာ၏။ အလောင်းတွေ မြှုပ်ထားသည့် နေရာရောက်သည်အထိ ကျော်စိုးအား ခေါ်သွား၏။ ကျော်စိုးက ရဲမိုးအား မျက်ခြေမပြတ် အကဲခတ်နေသည်။

"ငါတော့ နားမလည်တော့ဘူးကွာ၊ မင်းညီက မင်းကို ဒီမှာလာမြှုပ်မယ်လို့ သစ္စာဆိုခဲ့တယ်၊ မင်းကို သူသတ်မယ်လို့လည်း ပြောလိုက်တယ်မဟုတ်လား ရဲမိုး"

ကျော်စိုးက ရဲမိုးမျက်နှာကို ဓာတ်မီးနှင့်ထိုးရင်း. .

"နောက်ပြီး မင်းတို့ညီအစ်ကိုနှစ်ယောက်က ရုပ်ချင်းလည်း ဆင်တယ်ဆိုတော့. . မင်းဟာ ရဲမိုးလား၊ အာကာလားဆိုတာ ငါဘယ်လိုလုပ်သိနိုင်မှာလည်း. . ၊ မင်း ငါ့ကိုဆက်ပြီးလှည့်စားဖို့ မကြိုးစားနဲ့တော့. . မင်းဘယ်သူလဲ"

"ဟား. . ဟား. . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး. .

"ခင်ဗျားတွေးတာ မှန်တယ်"

ရဲမှူးကြီးကျော်စိုး ကြောင်အသွားး၏။

"အခု ခင်ဗျားရှေ့မှာ ရပ်နေတဲ့သူဟာ ရဲမိုးမဟုတ်ပါဘူး၊ ရဲမိုးရဲ့ညီ အာကာမိုးပါ. . ၊ အဖေ့ရဲ့အမွေဆက်ခံသူ. . နတ်မင်းကြီးရဲ့တာဝန်တွေကို ထမ်းဆောင်နေသူ အာကာမိုးပါ"

ကျော်စိုး အတန်ကြာအောင်. . သူ့ရှေ့မှလူ၏မျက်နှာကို ဓာတ်မီးဖြင့် ထိုးထားမိသည်။ သူ့ရှေ့ရပ်နေသော အာကာမှာ လက်ထိပ်တန်းလန်းနှင့်မို့ တော်သေး၏။

"ဒါဆို မင်းအားလုံးကို သတ်ခဲ့တာပေါ့. ."

"ဟင့်အင်း. . ကျုပ်က. . ဒီဇာတ်လမ်းအရ ဘယ်သူ့ကိုမှ သတ်တဲ့သူ မဖြစ်နိုင်ဘူး၊ ကျုပ်အစ်ကို ရဲမိုးကသာ လူသတ်သမားဖြစ်မှာ. . ."

ကျော်စိုးက အာကာအဖြစ် နာမည်ပြောင်းသွားသူအား. . မျက်မှောင်ကုပ်၍ကြည့်ရင်း ဒေါသတကြီးလေသံနှင့်. .

"ဟေ့ကောင် အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောမနေနဲ့တော့၊ ငါ့ကိုအမှန်အတိုင်းပြောစမ်း ငါသိပ်စိတ်မရှည်တော့ဘူးနော်"

"ခင်ဗျားမကြာခင် အားလုံးနားလည်သွားမှာပါ. . ၊ ကျုပ်အစ်ကိုရဲ့အလောင်းကို ဘယ်မှာမြှုပ်မယ်ဆိုတာ ခင်ဗျားကိုလိုက်ပြမယ်"

"နေအုံး. ."

အာကာဆက်လျှောက်မည်အလုပ် ကျော်စိုးလှမ်းတားလိုက်၏။ ကျော်စိုး ခါးကြားမှသေနတ်ကို ဆွဲထုတ်လိုက်ပြီး. . ကျန်လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကလည်း ဓာတ်မီးကိုထိုးလျှက်. .

"မင်းပြောတော့ ရုံးထဲမှာရပ်ထားတဲ့ကားက မင်းရဲ့ကားဆို"

"ကျုပ် မငြင်းပါဘူး"

"ကားထဲမှာ အလောင်းတစ်လောင်း ပါလာတယ်ဆို. ."

"အဲဒါလည်း. . ကျုပ်မငြင်းဘူး"

"ဒါဆို. . ဘယ်သူ့အလောင်းလဲ. ."

"ကျုပ်က အာကာဖြစ်သွားပြီဆိုတော့. . ကားထဲက ကျုပ် အစ်ကို ရဲမိုးပေါ့ဗျာ"

"မင်းငါ့ကို တစ်ချိန်လုံးလိမ်ခဲ့တာပဲ. ."

"ခင်ဗျားပဲ အမှန်အတိုင်းပြောဆိုလို့. . အခု အမှန်အတိုင်း ပြောနေတာလေ. ."

"မင်းခုချိန်ကစပြီး ခပ်ဖြည်းဖြည်းနဲ့ ပုံမှန်အတိုင်းပဲ လျှောက် ရမယ်. ."

"အဟင်း. . ကောင်းပါပြီဗျာ. ."

ကျော်စိုးအမိန့်အား နာခံသည့်အနေနှင့် အာကာ တစ်လှမ်း ချင်းပဲ လျှောက်နေသည်။ အေးအေးဆေးဆေး အပန်းဖြေသည့်ပုံစံ နှင့် လျှောက်လာရင်း တောပန်းလေးများ စုပုံထားသည့်နေရာ အ ရောက်တွင် ရပ်လိုက်သည်။

"ဒီနေရာပဲ ကျုပ်အစ်ကိုအလောင်းကို မြှုပ်မယ့်နေရာ. ."

ကျော်စိုး မညီညာသော မြေပုံမို့မို့လေးများကို ဓာတ်မီးဖြင့် ထိုးရင်း. .

"ဒီနေရာမှာ လူတွေအများကြီး မြှုပ်ထားတာပေါ့"

"ဟုတ်တယ်. . ဒီနေရာက မကောင်းဆိုးဝါးမိစ္ဆာတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်တဲ့နေရာလေ"

"ဒါဆို မင်းအစ်ကိုကိုလည်း မကောင်းဆိုးဝါးလို့ မင်းထင်နေတယ်ပေါ့"

အာကာ ခေါင်းညိတ်ပြကာ. .

"ဟုတ်တယ်. . သူလည်းမကောင်းဆိုးဝါးဘဲ၊ ဘာကြောင့်လည်းဆိုတော့ သူဟာ အမှန်တရားကိုမမြင်ဘူး၊ အဖေလည်း ဒါကိုသိတယ်၊ နောက်ဆုံးတော့ နတ်မင်းတွေက သူ့သားကြီးရဲ့မိုးကို သုတ်သင်ပစ်ဖို့ ပြောလာတာပေါ့. . "

အာကာ တောပန်းလေးတွေ စုပုံထားသည့်နေရာကို ငုံ့ကြည့်လိုက်၊ ညကောင်းကင်ကို မော့ကြည့်လိုက်နှင့် ဂဏာမငြိမ်ဖြစ်လာသည်။

"ဒါပေမဲ့ အဲသလိုလည်း အဖေက သူ့သားကြီးကို မလုပ်ရက်ပြန်ဘူး၊ အဖေက သူသတ်ရမယ့်တာဝန် မကျေပွန်ခဲ့ဘူး၊ ဒါကြောင့် အဖေ စတေးခံပြီး သေသွားရတာ၊ အဖေမသေခင် သူ့တာဝန်တွေ အကုန်လုံး ကျုပ်ကိုလွှဲပေးခဲ့တယ်လေ၊

တစ်ချိန်ချိန် ကျုပ်လာသတ်မယ်ဆိုတာလည်း ကျုပ်အစ်ကိုက သိနေခဲ့တယ်၊ ကျုပ်ကို နတ်မင်းတွေက အဖေ့လိုပဲ မကောင်းဆိုးဝါးတွေသတ်ဖို့ စာရင်းပေးတယ်၊ အဲဒီစာရင်းထဲမှာလည်း ကျွန်တော့်အစ်ကိုနာမည် ပါလာတယ်လေ"

အာကာပြောရင်း အတိတ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

သူတို့အဖေ မရှိတော့သည့်နောက်ပိုင်း. . အာကာမှာ သူ့အစ်ကိုနှင့်မနေတော့၊ အမေ့အမျိုးတွေရှိရာ ရန်ကုန်သို့ ဆင်းသွားလေသည်။ ရဲမိုးကတော့ အိမ်မှာပဲ အဖေ့အမျိုးအချို့နှင့် ဆက်နေကာ သီးပင်စားပင်လေးတွေစိုက်ရင်း စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့သည်။

အာကာ ဘွဲ့ရသည်သည်နှင့် ရဲဘက်ဝင်ကာ ဇော်ဝန်ထမ်းဆောင်ရင်း မပြီးသေးသော အဖေ့လုပ်ငန်းများပါ ဆက်လုပ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



၏။ အာကာ ရာထူးတိုး၍ နယ်ပြောင်းတော့ သူ့ဇာတိမြေ ပဲခူး၌ စခန်းမှူးဖြစ်လာခဲ့သည်။ ဒီကြားထဲ ညီအစ်ကိုနှစ်ယောက်မှာ အဆက်အသွယ်လည်း မလုပ်ကြတော့. .။

အချိန်က ညအတော်နက်လာခဲ့ပြီ။ ထိုအချိန်တွင် ပဲခူးမြို့စွန်ရှိ ခြံတစ်ခြံရှေ့သို့ အရပ်ဝတ်နှင့် လူတစ်ယောက်ရောက်လာ၏။ အိမ်ထဲရှိ ရေဒီယိုမှလာသော သာယာညိမ့်ညောင်းသည့် အသံလေးက ခြံအပြင်သို့ လွင့်ပျံ့ထွက်လာနေသည်။

အိမ်ပြူတင်းပေါက်ကို မျက်နှာမူလျှက် စားပွဲခုံတစ်လုံး၌ လူတစ်ယောက်စာရေးနေ၏။ ထိုလူ၏စားပွဲပေါ်တွင်တော့. . အရက်ပုလင်းတစ်လုံး တင်ထားလေသည်။

ရေးလက်စ ဘောပင်ကိုချလိုက်ရင်း ထိုလူအရက်ပုလင်းကို မော့သောက်လိုက်၏။ ပြီးမှ စားပွဲခုံပေါ်က ဓာတ်ပုံမှန်ဘောင်လေးကိုယူကာ ကြည့်နေလေ၏။

ဓာတ်ပုံထဲတွင် သူတို့သားအဖသုံးယောက် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ကာ ရိုက်ထားခြင်းဖြစ်သည်။ ရဲမိုး ဓာတ်ပုံကိုကြည့်ရင်း အဖေနှင့်ညီလေးကို သတိရသွားသည်။ မှန်ဘောင်လေးကို ပြန်ချကာ ဘောပင်ကိုကောက်ကိုင်လိုက်ရင်း ရဲမိုး စာဆက်ရေးနေလိုက်သည်။ ထိုစဉ်. . .

"ကျွီ. ."

တံခါးဖွင့်သံ ကြားလိုက်ရသည်။ သို့သော်. . တံခါးမကြီးကို ကျောပေးထားသော ရဲမိုးက လှည့်၍ပင်မကြည့်။ ခြေလှမ်းတွေက သူ့ဆီသို့ တစ်လှမ်းချင်းလျှောက်လာနေချေပြီ။ သူ့နောက်နားအရောက်တွင် ခြေလှမ်းတွေရပ်သွား၏။ ရေးလက်စဘောပင်ကို ရဲမိုးချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

“ညီလေးလား. .”

သို့သော် နောက်ကလူက ပြန်မထူး. .၊ လက်ထဲတွင် ပုဆိန်ကိုဆုပ်ကိုင်ထားပြီး ရဲမိုးကို ခုတ်ချလိုက်လေတော့သည်။

++++++++++

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ရဲပဲကိုး. . ."

ကျော်စိုး ခေါင်းတညိတ်ညိတ်လုပ်ကာ. . ပြောလိုက်၏။

"မင်ဟာ ရဲဖြစ်ပြီး အယုတ်တမာကောင်ပဲ၊ ဒါတွေအားလုံးကို မင်းယုံယုံကြည်ကြည်နဲ့လုပ်ခဲ့တာပါလား၊ နတ်တွေကိုအကြောင်းကို အကြောင်းပြပြီး လူတွေသတ်နေတာပဲ"

အာကာ နှုတ်ခမ်းတွန့်ရှုံ့သာ ပြုံးလိုက်မိ၏။

"ကျွန်တော် အမြဲပဲ နတ်မင်းတွေကို ယုံကြည်ခဲ့တာပါ. ."

"ဒါနဲ့ မင်းအဖေ အဲဒီလို လူတွေကိုကိုင်ကြည့်ပြီး လူလားမိစ္ဆာလား သိတယ်ဆိုတာ တကယ်ပဲလား. ."

သေနတ်ဖြင့်ချိန်ထားရင်း ကျော်စိုးမေးလိုက်၏။

"တကယ်တော့ ကိုကြီးဒါတွေကို လုံးဝမယုံခဲ့ဘူး၊ ဒါပေမယ့် အဖေ အဲဒီလူတွေကို ထိလိုက်တဲ့အခါတိုင်းမှာ ကျုပ်လည်းအဖြစ်အပျက်တွေ အကုန်လုံးကို မြင်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုး နားထောင်ရင်း အံ့အားသင့်သွားပြီး. .

"မင်းလည်း မင်းအဖေလို ငရဲသွားမယ့် စိတ္တဇလူသတ်သမားပဲ၊ မင်းနာမည်က အာကာမိုးပဲဖြစ်ဖြစ်၊ ရဲမိုးပဲဖြစ်ဖြစ် ငါမင်းကို လွှတ်ပေးမှာ မဟုတ်တော့ဘူး၊ မင်းဟာလူသတ်သမားပဲ"

သေနတ်နှင့်လှမ်းချိန်ရင်း ကျော်စိုးက. .

"ငါမင်းကို ဖမ်းရလိမ့်မယ်"

"ဖမ်းလေ. ."

အာကာကရယ်လျှက်. .

"ခင်ဗျား လုပ်နိုင်မှာပါ၊ ဒါပေမဲ့ သေသွားတဲ့ ခင်ဗျားအမေ အကြောင်းကိုတော့. . ခင်ဗျားမေ့မယ်မထင်ပါဘူး. ."

အမေဆိုသည့် အသံကြားသည်နှင့် ကျော်စိုးမျက်နှာ ပျက်တော့သည်။

"ခင်ဗျားအမေကတော့ သေသွားပြီ၊ ဒါပေမယ့် သူ့ကိုသတ်သွားတဲ့ လူသတ်သမားက အခုထိလွတ်နေတုန်းပဲ. . အဲဒါ ခင်ဗျား ပဲ မဟုတ်ဘူးလား"

အာကာ့စကားကြောင့် ကျော်စိုး ပေါက်ကွဲသွားတော့သည်။ ဒေါသထွက်ထွက်နှင့် အာကာအား သေနတ်ဒင်ဖြင့် ရိုက်ချလိုက်လေသည်။ မျှော်လင့်ထားပြီးဖြစ်သော အာကာက ကျော်စိုး၏ သေနတ်အား လက်ထိပ်သံကြိုးနှင့် တားလိုက်ပြီး. . ပေါင်ခြံကိုဒူးနှင့် ဆောင့်တိုက်လိုက်သည်။

"အ. ."

ကျော်စိုး အရှိုက်ထိသွား၍ ခါးကိုင်းပြီး ခွေကျသွားသည်။ အာကာ သူ့လက်ထဲမှသေနတ်ကို လုယူလိုက်စဉ် ကျော်စိုးနှင့် သူ့အ



www.burmeseclassic.com

www.burmeseclassic.com



မေ၏ အတိတ်ကို ပက်ပင်းမြင်တွေ့လိုက်ရသည်။ ကျော်စိုး ငယ်စဉ်က ဆေးစွဲပြီး အိမ်ကပစ္စည်းတွေ ခိုးရောင်းသည်။ ပစ္စည်းတွေကုန်တော့ အမေ့ကိုရန်ရှာသည်။ တောင်းမရသည့်အဆုံး အမေဖြစ်သူကို လှေကားမှတွန်းချကာ သတ်ပစ်လိုက်၏။ မတော်တဆ လိမ့်ကျတာဆိုပြီး ကျော်စိုးအမှုမပတ်ခဲ့. . ။ ကျော်စိုး ဆေးပြတ်ပြီး ရဲဘက်ဝင်ခဲ့သည်။ ပညာအရည်အချင်းလည်းရှိ၊ ကြိုးစားမှုလည်းရှိ၊ အမျိုးကလည်းတော်ဆိုတော့. . . နောင်တွင် ကျော်စိုး ရဲမှူးကြီး ဖြစ်လာခဲ့သည်။

သို့သော် သူလုပ်ခဲ့သည့်လုပ်ရပ်ကတော့ သူ့နောက်လိုက်နေဆဲဖြစ်၏။ ဒီတစ်ခါ သေနတ်ဖြင့် ချိန်ထားသူက ကျော်စိုးမဟုတ်တော့. . အာကာဖြစ်နေ၏။ ချိန်ထားရင်း အာကာက ကျော်စိုးအိတ်ထဲမှ လက်ထိပ်သော့ကို နှိုက်ယူကာ သော့ဖွင့်လိုက်သည်။

"မင်း. . မင်း. . ငါ့အကြောင်း ဘယ်လိုသိနေတာလဲ. . "

"ကျုပ် ခင်ဗျားဆီလာတာက ကျုပ်သတ်ရမယ့် မိစ္ဆာစာရင်းထဲမှာ ခင်ဗျားနာမည်က ပါနေလို့လေ၊ အဲဒီယုတ်မာမှုကို ဘယ်သူမှ မသိဘူးလို့ ခင်ဗျားထင်နေခဲ့တယ် မဟုတ်လား၊ ခင်ဗျားအမေအတွက် မသေခင် ပြန်ပေးဆပ်ရလိမ့်မယ်"

ကျော်စိုး အထိတ်တလန့်နှင့် အာကာအား မော့ကြည့်နေသည်။ ခုချိန်မှာ မုဆိုးက သားကောင်ဖြစ်ခဲ့ရပြီ။

"ခင်ဗျားလုပ်ရပ်ကို နတ်မင်းတွေသိတယ်၊ အဲဒါကြောင့် ခင်ဗျားကိုသတ်ဖို့ ကျုပ်ကိုလွှတ်လိုက်တာ. . "

ပြောပြောဆိုဆိုနှင့် ကျော်စိုးကုပ်ပိုးအား သေနတ်ဒင်နှင့် ထုချလိုက်သည်။ သူသတိလစ်တော့မှ ထမ်းပိုးကာ လှေ့မ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ခေါ်လာခဲ့၏။ မလာခင်ကတည်းက ကြိုတင်ပြင်ဆင်ထားခဲ့သည့် ကျင်းတစ်ကျင်းအား အဆင်သင့်. . ၊ ဂေါ်ပြားပေါက်တူးနှင့် ပုဆိန်တို့ကလည်း ကျင်းနားမှာ အစီအရီ. . ၊ ကျော်စိုး ခန္ဓာကိုယ်ကြီးကို ကျင်းထဲသို့ အာကာပစ်ချလိုက်၏။

"ဝုန်း!. . "

"အောင်. . မလေးဗျ"

မချိမဆန့် နာကျင်မှုကြောင့် အော်ဟစ်သံထွက်လာကာ ကျော်စိုး သတိပြန်ရလာသည်။

ကျော်စိုး ကျင်းထဲမှကုန်းရုန်းထကာ. .

"ဟော့. . ဟော့ကောင် ငါက မင်းထက်ရာထူးကြီးတယ်နော်၊ မင်းပို့ပြီးအမှုကြီးသွားနိုင်တယ်. . ၊ ငါပျောက်သွားရင် ရုံးတစ်ဖွဲ့လုံး ငါ့ကိုလိုက်ရှာကြမှာပဲ"

"သူတို့ ခင်ဗျားကို မရှာနိုင်ပါဘူးဗျာ၊ သူတို့ရှာရင် ကျုပ်အစ်ကိုဆီပဲသွားရှာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနဲ့ပက်သက်ရင် သူကတစ်ဦးတည်းသော သံသယအရှိဆုံးလူလေ၊ ဒါပေမယ့်. . သူ့ကိုလည်း ဘယ်မှာမှ ရှာမတွေ့နိုင်ပါဘူး"

"ငါ့ရုံးကလူတွေ မင်းကို မြင်ဖူးထားပြီးပြီ. . "

အာကာ လက်စွဲတော်ပုဆိန်ကြီးကို ကောက်ယူလိုက်သည်။ သူ ဆယ့်နှစ်နှစ်သား အရွယ်ကတည်းက ဒီပုဆိန်နှင့် လူသတ်ခဲ့ဖူးသည်။ ခုတော့ဖြင့် ဒီပုဆိန်ကို ပိုမိုနိုင်နင်းစွာ ကိုင်တွယ်တတ်ခဲ့ပြီဖြစ်သည်။

"ကျုပ်ကို နတ်မင်းတွေ ကာကွယ်ပေးသွားမှာပါ"

ထိုသို့ပြောပြီး ပုဆိန်ကို ဆရဲဆရဲကိုင်ကာ. . အလန့်တ



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြစ်နေပြီဖြစ်သော ကျင်းထဲမှ ကျော်စိုးအား ခုတ်ပိုင်းရန် ကိုင်မြှောက်လိုက်သည်။ ကျော်စိုး ကျင်းထဲမှ လက်အုပ်ချီကာ တောင်းပန်နေရှာသည်။

သူ့အလုပ်ကို ဘယ်သူမှ ဟန့်တား၍မရဟု ယုံကြည်ထားသည့် အာကာကမမှူ တောင်းပန်နေသူ၏ ငယ်ထိပ်အား ပုဆိန်သွားကျအောင် ချိန်တွယ်ကာ ခုတ်ချလိုက်လေတော့၏။

"အား!. ."

"ဒုတ်!. ."

ထိုစဉ်မှာပင် အချိန်အခါမဟုတ် ကျီးပြိုသံများ ထွက်ပေါ်လာတော့သည်။ အာကာက ကျော်စိုးအား မြေမမြှုပ်ခင် ရဲဝန်ထမ်းကဒ်ပြားကို ရှာဖွေ၍ယူထားလိုက်၏။

xxxxxxxxxxxxxxxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

ဗိုလ်မှူးကြီးကျော်စိုး နံနက်(၁၀)နာရီထိုးသည့်တိုင် စခန်းသို့ ရောက်မလာသဖြင့် တပည့်ဖြစ်သူ မောင်ထွေးက ဖုန်းဖြင့် လှမ်း၍ ဆက်သွယ်သည်။ လူကြီးမင်းကလည်းမထူး၊ ဇရိယာပြင်ပလည်းမ ရောက်ဘဲ ဆက်သွယ်လို့ လုံးဝမရသည့်အတွက် စခန်းတစ်ခုလုံး ပွက်လောရိုက်ကုန်ကြ၏။

သူလက်မှတ်ထိုးရမည့် စာရွက်စာတမ်းများက စောင့်လို့ပုံ နေသည်။ အမှုတွဲများကလဲ အထပ်လိုက်. .



www.burmeseclassic.com

www.burmeseclassic.com



"ညက ဆရာနဲ့လူတစ်ယောက် စကားပြောပြီးကျန်နေခဲ့တယ်"

"သူ့ပုံစံက ဘယ်လိုပုံစံမျိုးလဲ"

အရာမျာ:၏ရှိအမေးကို မောင်ထွေးခေါင်းကုပ်ရင်း. .

"ထူးဆန်းတယ်ဗျာ ကျွန်တော်လည်း စဉ်းစားလို့မရဘူးဖြစ်နေတယ်၊ ညဘက်မို့လို့လားမသိဘူး ဝါးတားတား ဖြစ်နေတယ်"

ဒုရဲအုပ်မောင်ထွေးက ညကဖြစ်စဉ်ကို ရှင်းပြ၏။

"ဆရာ သူ့အိမ်မှာမရှိဘူးတဲ့၊ ညကလည်း အိမ်ပြန်မလာဘူးတဲ့. ."

ရဲမေတစ်ယောက် ဝင်လာကာပြောလေသည်။ အရာရှိ အခန်းထဲမှ ထွက်သွားသည်နှင့် လူတစ်ယောက် အပြေးအလွှား ရောက်လာပြန်သည်။

"ငါတော့ ဒုက္ခပဲကွာ၊ လူကြီးက CCTV ကင်မရာက ရိုက်ထားတဲ့ဟာတွေ. . ကြည့်ချင်တယ်လို့တောင်းနေပြီ၊ ငါမနေ့ညက ပြန်တော့. . မေ့ပြီး recording စက်တွေ အကုန်ပိတ်ခဲ့မိတယ်၊ ညက ရိုက်ထားတဲ့ ဘာမှတ်တမ်းမှမရှိဘူး မောင်ထွေး. .၊ လူကြီးကို မင်းပဲ ကြည့်ပြောပေးပါကွာ. ."

"ဒါဆိုအဝင်စာရင်းကိုကြည့်. .၊ နာမည် ဘယ်သူနဲ့ စာရင်းသွင်းထားလဲဆိုတာ"

ခဏကြာတော့ ရဲမေတစ်ယောက် ဧည့်သည်စာရင်းစာအုပ်ကိုင်ကာ ပြန်ရောက်လာသည်။

"ရဲမိုးပါ. .၊ မှတ်ပုံတင်အမှတ် (. . .)၊ လိပ်စာ (. . .) ပဲခူးတဲ့. . ဆရာ"



www.burmeseclassic.com

www.burmeseclassic.com


"ကဲ. . လိုက်ကြရအောင်"

ရုံးထဲမှအထွက် ရပ်ထားသော ကားတစ်စီးတွေ့၍ မောင်ထွေးက. .

"ဒီကားက ရဲမိုးဆိုတဲ့လူစီးလာတာ. . ကျွန်တော်မှတ်မိပြီ ညက ကျွန်တော်ပြန်တော့ ဆရာ့ကားနဲ့ ဒီကားနှစ်စီးပဲ ရုံးထဲမှာကျန်ခဲ့တယ်"

ထို့နောက် သော့ဝိဇ္ဇာရှာကာ ကားတံခါးဖွင့်ခိုင်းရသည်။ တံခါးပွင့်သွားပြီးနောက် အထဲမှ စာရွက်စာတမ်းကိုကြည့်ရာ ပိုင်ရှင်မှာ ရဲမိုး ဖြစ်နေလေသည်။

တကယ်တော့ အာကာပြောခဲ့သလို ကားထဲတွင် ရဲမိုး အလောင်းရှိမနေ. .။

"ဟာ. . ဒါဆို ဆရာ့ကားနဲ့သွားလို့ ရဲမိုးက သူ့ကားကိုထားခဲ့တာပဲဖြစ်မယ်"

"အေး. . ဖြစ်နိုင်တယ်"

ကျန်ရဲများက အားလုံးထောက်ခံကြသည်။ သို့နှင့်လိပ်စာထဲကအတိုင်း ရဲမိုးတစ်ယောက်တည်းနေသော ပဲခူးမြို့စွန်မှ ခြံရှေ့သို့ ရဲကားများထိုးစိုက်လာတော့သည်။ အိမ်တံခါးက ဟောင်းလောင်းကြီးပွင့်နေ၏။

အိမ်က ရှုပ်ထွေးပွယောင်းကာ နေချင်စရာမရှိလောက်အောင် ညစ်ပတ်လျက်ရှိ၏။ ပတ်ဝန်းကျင်၏ ထွက်ဆိုချက်အရ ရဲမိုးဆိုသူတစ်ယောက်တည်း နေထိုင်ခြင်းဖြစ်ပြီး သူ့တွင် ရုပ်ချင်းဆင်သည့် အာကာဆိုသော ညီတစ်ယောက်ရှိကြောင်းလည်း သိရသည်။

အခန်းတစ်ခန်းတွင် စားပွဲတစ်လုံးနှင့် စာရွက်များ ခတ်ပုံ


www.burmeseclassic.com

www.burmeseclassic.com



များကပ်ထားသော ဘုတ်ပြားတစ်ချပ်ကို တွေ့ရသည်။ ရေးထားသည့် စာများနှင့် ပုံများကို စစ်ဆေးကြည့်ရာမှ ပျောက်ဆုံးနေသူတို့၏ လိပ်စာ၊ နာမည်နှင့် ရက်စွဲများ၊ ဓာတ်ပုံများဖြစ်ကြောင်း သိလာရ၏။ တရားခံမပေါ်သည့် လူပျောက်မှုများအတွက် သဲလွန်စပါ ရနေသည့်အတွက် ရဲတပ်ဖွဲ့ဝင်များ ရတနာပုံဆိုက်သလို ပျော်နေကြ၏။

ဒုရဲအုပ်မောင်ထွေး စားပွဲပေါ်မှစာရွက်တစ်ရွက်ကို ယူကြည့်လိုက်သည်။ နာမည်များ အစီအစဉ်လိုက် ရေးထားသော စာရွက်တစ်ရွက်ဖြစ်၏။ နာမည်များအားလုံး ခြစ်ထားတာကိုတွေ့ရသည်။

နာမည်စာရင်း၏ အောက်ဆုံးတွင် ခြစ်ထားခြင်းခံရသူမှာ သူ့ဆရာ ရဲမှူးကြီးကျော်စိုးဆိုသော နာမည်ပင်ဖြစ်လေ၏။

"အမလေး . . ဘုရားရေ ဆရာဘာမှမဖြစ်ပါစေနဲ့"

မောင်ထွေး ဆရာ့အတွက် စိုးရိမ်ပူပန်သွားမိသည်။ ထိုစဉ်မှာပင် . . ရဲသားတစ်ယောက်ရောက်လာပြီး . .

"ဆရာ ဒီကဒ်ကို နောက်ဖေးအမှိုက်ပုံးထဲက ရှာတွေ့ခဲ့တယ် ဆရာ"

ကဒ်ကိုယူကြည့်လိုက်တော့ သူ့ဆရာ၏ကဒ်ဖြစ်နေ၍ မျက်လုံးပြူးသွားရသည်။

"ဟင် . . ရဲမှူးကြီးရဲ့ ကဒ်ပါလား၊ အမှုတော့ကြီးပြီပေါ့၊ ကဒ်မှာ သွေးစွန်းနေတာထောက်ရင် အသတ်ခံရပြီနဲ့ တူတယ်"

"ဖြစ်နိုင်တယ် ဆရာ"

"ကဲ . . အားလုံး ဒီအိမ်ကို မြေလှန်ပြီး သဲလွန်စတွေ တွေ့ရအောင်ရှာကြ . ."

ဘာမှမတွေ့သည့်အဆုံး ရဲမှူးအာကာ တာဝန်ကျရာ ရဲစ



www.burmeseclassic.com

www.burmeseclassic.com



ခန်းသို့ မောင်ထွေးလိုက်သွားလေ၏။ စခန်းအရောက်. .

"ရုံးချုပ်က လာတာပါ။ ရဲမှူးအာကာနဲ့ စကားပြောချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်ပါ. ."

မြင်မြင်ချင်း မောင်ထွေး မြင်ဖူးသလို ရှိသော်လည်း ရုပ်ကိုသေချာမမှတ်မိတော့. .။ မနေ့ညက သူမြင်ခဲ့ရသောလူ၏ ရုပ်သွင်က အခုတော့ သူ့မှတ်ဉာဏ်ထဲမှ ပျောက်ကွယ်သွားခဲ့လေပြီ။

အာကာက သူ့ကိုမမှတ်မိသော ဒုရဲအုပ်မောင်ထွေး ကြည့်ရင်း. . စိတ်ထဲမှလည်း နတ်မင်းကြီးက သူ့ကို ကာကွယ်ပေးလိုက်ပြီဟုတွေးကာ ကျေနပ်နေလေ၏။

"ခင်ဗျားအစ်ကိုနဲ့ ပတ်သက်ပြီး မေးခွန်းနည်းနည်း မေးစရာရှိလို့ပါ. ."

"ဩော်. . ကိုကြီးရဲမိုး ကိုပြောတာလား"

"ဟုတ်ပါတယ်. . ."

"ကျွန်တော်တို့ အပြင်မှာ ထွက်ပြောကြတာပေါ့ဗျာ"

သူတို့နှစ်ယောက် လူရှင်းရာ စခန်းထောင့်မှ မန်ကျည်းပင်ကြီးအောက်သို့ အတူလျှောက်လာခဲ့ကြသည်။ ဖြစ်သမျှအကြောင်းကို မောင်ထွေး အကုန်ပြောပြအပြီး. . .

"ခင်ဗျားအစ်ကို. . ခင်ဗျားဆီကို ဆက်သွယ်ရင် ကျုပ်တို့ဆီအကြောင်းကြားပေးပါ။ သူဟာအဓိကတရားခံ ဖြစ်နေပြီ"

"ဟုတ်ပြီလေ. . ကျွန်တော်အကြောင်းကြားပေးပါ့မယ်"

"ကဲ. . ကျုပ်ပြန်အုံးမယ်"

မောင်ထွေးက နှုတ်ဆက်နေသဖြင့် အာကာ လက်ကမ်းပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ နှုတ်ဆက်သည့်အနေနှင့် မောင်ထွေး လက်ပြန်ကမ်းပေး၏။ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်စဉ်. . အာကာ ဆတ်ခနဲ တစ်ချက်တုန်သွားသည်။

ထို့နောက် လက်ကိုမလွှတ်သေးဘဲ. . .

"ဆရာထွေးကတော့ လူကောင်းတစ်ယောက်ပါဗျာ. . ."

သူ့နာမည် ဘယ်သူလဲဆိုတာ ပြောပြမထားပဲ သိနေသော အာကာအား မောင်ထွေး အံ့သြစွာကြည့်လိုက်မိတော့သည်။

အာကာတစ်ယောက်ကတော့ နတ်ဆိုးစေရာ ဆက်ကနေဦးမည်သာ. . . .။


www.burmeseclassic.com